# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၊ (26-1-2016) (၈၄၅၇)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနဗ် မူခါဂျီး ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အိန္ဒိယ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော် နေပြည်တော်သို့ ဒေသစာရီကြွချီအပူဇော်ခံ

**မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် အနှစ် ၂၀၀၀ ကျော်ရှိပြီဖြစ်ပြီး လဒတ်ပြည်နယ်မှ ပထမဆုံးအကြိမ် ပင့်ဆောင်ခွင့်ပြုချိန်မှာပင် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် ကြွချီလာခြင်းဖြစ်။**



မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို ဖူးတွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၅**

အိန္ဒိယနိုင်ငံ လဒတ်ပြည်နယ် လိမြို့ ဟမ်းမစ်ကျောင်းတော်မှ မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီလာသော မြတ်စွာဘုရားရှင်၏အရိုးဓာတ်တော်သည် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့တွင် ကိန်းဝပ်စံပယ် အပူဇော်ခံပြီး ဇန်နဝါရီ ၂၅ ရက် နံနက် ၇ နာရီတွင် မန္တလေးမြို့မှ နေပြည်တော်သို့ ဆက်လက်အပူဇော်ခံကြွချီသည်။

နေပြည်တော်သို့ကြွချီလာသော မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် နံနက် ၁၀ နာရီတွင် မိတ္ထီလာမြို့ ဆုတောင်းပြည့်သာသနာ့ဗိမာန်၌ ခေတ္တကိန်းဝပ်စံပယ်အပူဇော်ခံရပ်နားပြီး ဆက်လက်ကြွချီရာ နေပြည်တော်သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိသည်။

ယင်းနောက် မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ အရှေ့ဘက်မုခ် ယာယီစံကျောင်းတော်၌ ကိန်းဝပ်စံပယ်တော်မူသည်။

ထိုကဲ့သို့ မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်အား မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပင့်ဆောင်စဉ် လမ်းဘေး ဝဲ၊ ယာတစ်လျှောက်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များ လာရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❂**

**Myanmar National Symphony Orchestra Concert-2016**

**တေးဂီတဖျော်ဖြေပွဲ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နှင့်ဇနီး တက်ရောက်ကြည့်ရှုအားပေး**

စာမျက်နှာ » ၈

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တို့တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၃



**သမိုင်းမြို့သစ် မီးရထားခုံးကျော်တံတား တည်ဆောက်နေ**

စာမျက်နှာ » ၆

## ဂျပန်အကူအညီဖြင့် ဖျာပုံမြစ်ရေ သန့်စင်ပြီး မြို့မရပ်ကွက်များသို့ ရေပေးဝေမည့် တည်ဆောက်ပြုပြင်မှုအတွက် ကျပ်သန်း ၄၀၀၀ ကျော် သုံးစွဲမည်ဖြစ်

ဖျာပုံ ဇန်နဝါရီ ၂၅

မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ပိုင်ဆိုင်မှုသည် ကမ္ဘာတွင် အဆင့် (၁၄)တွင်ရှိနေပြီး အာရှဒေသနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အဆင့် (၅)တွင်ရှိကြောင်း သိရသည်။ လက်ရှိဖြစ်ပေါ်နေသည့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ၂၀၁၅ ခုနှစ်သည် ကမ္ဘာပေါ်တွင် အပူဆုံးနှစ်ဖြစ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပိုပြီးသတိပြုရန်လိုကြောင်း၊ လာမည့် မတ်လတွင် ပူပြင်းခြောက်သွေ့နိုင်ကြောင်းနှင့် မိုးနည်းရန်လည်းရှိကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖




ကြေးမုံစာတည်းရှုထောင့် ၂၆-၁-၂၀၁၆၊ အင်္ဂါနေ့

# ရာသီဥတုပြောင်းလဲမှုသတိပြု

ယခုနှစ်ကာလ ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ရာသီဥတုပြောင်းလဲမှု သိသာစွာဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်၊ ဩဂုတ်လများမှစတင်၍ ယခင်နှစ်များနှင့်မတူ ထူးကဲသောမိုးရွာသွန်းမှုများကြောင့် မြန်မာပြည်တစ်ဝန်း ရေကြီးရေလျှံဖြစ်ပွားခဲ့သည်ကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။

ဆက်လက်၍ ဒီဇင်ဘာ၊ ဇန်နဝါရီ ဆောင်းရာသီကာလတွင်လည်း ယခင်နှစ်များနှင့်မတူ သိသိသာသာ အအေးပိုခဲ့သည်ကို ကြုံကြရမည်ဖြစ်သည်။ ယခုတစ်ဖန် ဇန်နဝါရီနောက်ဆုံးအပတ် ဆောင်းအကုန် နွေအကူးကာလတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမည်ဟုဆိုခဲ့ပြီး လက်ရှိတွင် နိုင်ငံအနှံ့ မိုးရွာသွန်းနေသည်ကို တွေ့ရသည်။ ထို့နောက် နွေဦးကာလ လာမည့်လများ၌လည်း ပူပြင်းခြောက်သွေ့မှု လွန်ကဲဦးမည်ဟု မိုးလေဝသ ပညာရှင်များက ခန့်မှန်းထားသည်။

လက်ရှိတွင် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများနှင့် ဘင်္ဂလားပင်လယ်အော်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့် ဇန်နဝါရီ ၂၄ ရက်မှစတင်၍ ဇန်နဝါရီ ၂၇ ရက်အထိ မြန်မာပြည်အနှံ့မိုးရွာသွန်းမည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်ဟုဆိုထားသည်။

ယခုအခါ မကွေးနှင့် တနင်္သာရီတိုင်းဒေသကြီး နှစ်ခုမှလွဲ၍ အထက်ပါဒေသများတွင် မိုးရွာသွန်းနေပြီဖြစ်သည့်အပြင် လေများပါ ပါလာသည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုအရပ်ဒေသများတွင် နေထိုင်ကြသော ပြည်သူများ အနေဖြင့် မိုးမိခြင်းကြောင့် ဖြစ်တတ်သောရောဂါများ မဖြစ်ပွားအောင် သတိပြုဆင်ခြင်နေထိုင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ယခုရာသီသည် ခြောက်သွေ့ရာသီဖြစ်ပြီး ဆောင်းအကုန်နွေအကူးကာလ၌ စိုက်ပျိုးထားသော သီးနှံများ သီးမှည့်ဆွတ်ခူးနိုင်သည့် အချိန်ကာလဖြစ်သည်။

ထိုကာလတွင် စိုက်ပျိုးထားဆဲသီးနှံများ မိုးရွာသွန်းမှုကြောင့် မပျက်စီးစေရေးနှင့် ရိတ်သိမ်းပြီးစပါးများ အချိန်မီ ခြွေလှေ့ပြီး အမိုးအကာအောက်ရောက်အောင် အမြန်ဆုံးလုပ်ဆောင်ကြရမည်ဖြစ်သည်။ အကယ်၍အချိန်မီမလုပ်ဆောင်နိုင်ပါက သီးနှံများပျက်စီးနိုင်သဖြင့် ဒေသခံတောင်သူလယ်သမားများ သာမက သက်ဆိုင်ရာတို့ကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသင့်ပေသည်။

ယခုရွာသွန်းသောမိုးမှာ လေးရက်ကြာရွာသွန်းသော မိုးဖြစ်သောကြောင့် အကယ်၍ မိုးများပါက ကျေးလက်ဒေသများအနေဖြင့် မိုးရေကိုထိရောက်စွာ အသုံးချရန်နှင့် သိုလှောင်သိမ်းဆည်းထားရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် လာမည့်ရာသီကာလများတွင် ပူပြင်းခြောက်သွေ့မှု လွန်ကဲဦးမည်ဆိုထားသောကြောင့် အချိန်ရှိခိုက်လုံ့လစိုက်၍ ရရှိထားသောမိုးရေကို အကျိုးရှိစွာအသုံးချနိုင်ရန် အားထုတ်ကြရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် မြန်မာတစ်နိုင်ငံတည်းသာမဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများလည်း မကြုံစဖူးထူးကဲစွာ ကြုံတွေ့ခံစားနေကြရပေသည်။ အချို့နိုင်ငံကြီးများတွင် ပြင်းထန်သည့်အအေးဒဏ်ကို ဆိုးရွားစွာကြုံတွေ့ခံစားနေရပြီး ထိခိုက်ပျက်စီးမှုများနှင့်လည်း ကြုံတွေ့နေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုနှစ်ရာသီကာလအတွက် ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံမျှ အံတုနိုင်ခြင်းမရှိဘဲ ရင်ဆိုင်ကြုံတွေ့ကြရသည်။ သို့ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှုကို ကြိုတင်သတိပြုဆင်ခြင်နိုင်ရန်နှင့် ရာသီဥတုပြောင်းလဲခြင်းမှာ သဘာဝပတ်ဝန်းကျင် ယိုယွင်းခြင်းကြောင့် အဓိကဖြစ်ပေါ်လာရသည်ဖြစ်၍ ပြည်သူတိုင်းပြည်သူတိုင်း သဘာဝပတ်ဝန်းကျင်ကို ဝိုင်းဝန်းထိန်းသိမ်းကြရန်အတွက် အလေးအနက်ထား ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပြည်သူအားလုံးအသိတရားရှိရမည်ဖြစ်သကဲ့သို့ နိုင်ငံအစိုးရများကလည်း အလေးထားထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ သို့မှသာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို သက်သာစွာခံစားရမည်ဖြစ်ပြီး ပြည်သူများ စိတ်ချမ်းသာစွာ နေထိုင်နိုင်မည်ဖြစ်သည်။ ။

## မြို့ချောင်းအမြန်လမ်းမီးသတ်စခန်း တည်ဆောက်ပြီးစီးပြီဖြစ်၍ ယာဉ်မတော်တဆမှုနှင့် မီးဘေးအန္တရာယ်အတွက် ကာကွယ်နိုင်မည်

**ကျောက်တံခါး ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်း မိုင်တိုင်အမှတ် (၈၄/၀) ၏ အနောက်ဘက် ပေ ၁၀၀ ခန့်အကွာတွင် အမြန်လမ်းမီးသတ်စခန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အလျား ၄၅ ပေ အနံ ပေ ၄၀၊ RC တစ်ထပ်ဖြင့် တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးသွားပြီဖြစ်ပြီး ယာဉ်မတော်တဆမှုနှင့် မီးဘေးအန္တရာယ်အတွက် ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။


"ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်အတွင်းက မြို့ချောင်းအမြန်လမ်းမှာ ကားမီးလောင်တာမျိုးနဲ့ ယာဉ်မတော်တဆ ဖြစ်တာမျိုးတွေရှိခဲ့ရင် အမြန်ဆုံးကူညီဆောင်ရွက်နိုင်မှာဖြစ်သလို မြို့ချောင်းဒေသမှာရှိတဲ့ ကျေးရွာနေပြည်သူများ မီးဘေးအန္တရာယ် ကြုံတွေ့လာရင် အမြန်ဆုံးကူညီနိုင်မှာပါ"ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အဆိုပါ မီးသတ်စခန်းတွင် မီးသတ်တပ်ဖွဲ့ဝင်ငါးဦးနှင့် မီးသတ်ယာဉ်တစ်စီးထားရှိကာ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မီးသတ်ယာဉ် အသစ်တစ်စီးလည်း မကြာမီ ဖြည့်ဆည်းပေးမည်ဖြစ်ရာ မြို့ချောင်းအမြန်လမ်းနှင့် ဒေသအတွက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရသည်။

မီးဘေးအန္တရာယ်ဖြစ်ပေါ် ကြုံတွေ့လာပါက ဖုန်း ၀၉-၂၅၄၇၆၅၆၀၁၊ ၀၉-၇၈၉၇၇၃၉၀၆ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



မြို့ချောင်းအမြန်လမ်းမီးသတ်စခန်းကို တွေ့ရစဉ်။




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) - ၇၆၇၅၀၀ - ၇၆၇၅၀၀၊ မန္တလေး(ရွှေဈေး) ၇၆၇၅၀၀ - ၇၆၇၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၇၀/၄၈၀ ကျပ်၊ | ၅၄၀/၅၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၆၀ ကျပ်၊ | ၇၁၀/၇၅၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၅၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၁၀/၅၂၀ ကျပ်၊ | ၅၉၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၁ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**၁၈-၁-၂၀၁၆ ရက်နေ့မှ ၂၂-၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၆၈ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၃၄၁ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၉၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၀၁.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၀၄၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၂.၀၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၂၁၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၉၄.၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၈.၄၃ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၈.၉၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၈.၁၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## လေကြောင်းဆိုင်ရာပညာရပ်ဖွံ့ဖြိုးတိုးတက်ရန် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာလူငယ်များ လေကြောင်းဆိုင်ရာပညာရပ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် Myanmar Airspace Fligh Academy က ဦးစီးပြီး အမေရိကန်နိုင်ငံ လေကြောင်းအတတ်ပညာ Gold Seal ရရှိထားသူ ကျောင်းအုပ် ပါမောက္ခ Dr.Jason Lamberton က လေကြောင်းဆိုင်ရာပညာရပ်တွင် စိတ်ပါဝင်စားသည့် လူငယ်များအား အသိပညာပေး အခမဲ့ဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် အမေရိကန် လေကြောင်းလောကအကြောင်း၊ အနာဂတ်အလုပ်အကိုင်များအကြောင်း၊ သင်တန်းအပြီးတွင် အမေရိကန် FAA အသိအမှတ်ပြု CPL လိုင်စင်ရရှိပြီး ကမ္ဘာ့အရပ်ရပ် လေကြောင်းလိုင်းကြီးများမှာ လက်ခံမောင်းနှင်နိုင်သည့် အကြောင်းနှင့် အမေရိကန် FAA Center ၏ သင်ကြားမှု ပုံစံများအကြောင်းကို ရှင်းလင်းပြောကြားမည်ဖြစ်ပြီး တက်ရောက်လိုသူများ အနေဖြင့် MAFA Orchid ဟိုတယ် (၁၀) လွှာ ဗိုလ်တထောင် ဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့သို့ ကြိုတင်ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း MAFA လေယာဉ်မောင်း Pilot သင်တန်းအဖွဲ့မှ တာဝန်ခံ ဦးကျော်ဝဏ္ဏထံမှ သိရသည်။

**(ကျော်ဗိုလ်ဝင်း)**

o

## မြို့လုံးကျွတ် ဆွမ်းကြီးလောင်းပွဲတော် ကျင်းပ

**ကျိုက်မရော ဇန်နဝါရီ ၂၅**

ကျိုက်မရောမြို့ မြို့လုံးကျွတ်ဆွမ်းကြီးလောင်းပွဲတော်ကို ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီမှစ၍ ရန်မျိုးအောင်ရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးရှေ့မှစတင်၍ ရှင်စောပုရပ်ကွက်၊ အတ္ထရံမြစ်ဆိပ်အထိ သံဃာတော်အပါး ၇၀၀ ကျော်ခန့်အား ဆွမ်းဆန်စိမ်းလှူဒါန်းခဲ့ကြောင်း သိရသည်။

(၃၉)ကြိမ်မြောက် မြို့လုံးကျွတ်ဆွမ်းလောင်းပွဲကို မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၁၂၅ ကျောင်းပင့်ဖိတ်ပြီး ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာလေး အပါး ၂၀၀ ခန့်အား မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်စိမ်းများ၊ ဆွမ်းခြောက်များ၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(နိုင်ထွန်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

**ပြည်တွင်းရေးရာ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့သည် ယနေ့မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်တို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်အတူ ဦးဝင်းထိန်၊ ဦးဝင်းမြင့်၊ ဦးဇော်မြင့်မောင်နှင့် ဒေါက်တာတင်မျိုးဝင်းတို့ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲလွန်ကာလ Transition နှင့် တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များ၊ လွှတ်တော်နှင့်ပတ်သက်သောကိစ္စရပ်များ၊ နောင်ဖြစ်ပေါ်လာမည့် အစိုးရဖွဲ့စည်းရေးဆိုင်ရာများ၊ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (မြဝတီ)

# မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နိုင်ငံအဆင့် နည်းဗျူဟာရေးဆွဲခြင်းအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် နိုင်ငံအဆင့် နည်းဗျူဟာ ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ (National Strategic Planning Workshop for Myanmar Scouts) ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆက်လက်ကျင်းပသည်။

ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို နံနက်ပိုင်းတွင် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒါရိုက်တာ Mr. Shree Prassanna Shrivastava က ယနေ့ မြန်မာနိုင်ငံ၏ ကင်းထောက်ဖွဲ့စည်းမှုနှင့် လှုပ်ရှားဆောင်ရွက်မှု ကင်းထောက်အဖွဲ့၏ အနာဂတ်မျှော်မှန်းချက် ခေါင်းစဉ်ဖြင့် ပြောကြားမှုကို အဖွဲ့ လေးဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။ **(ဓာတ်ပုံ)**

မွန်းလွဲပိုင်းတွင် ကင်းထောက်လုပ်ငန်းများနှင့်ပတ်သက်၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း (SWOT Analysic)ကို အဖွဲ့လိုက်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုက တစ်နေ့တာ လုပ်ငန်းဆွေးနွေးပွဲနှင့်ပတ်သက်၍ ဖြည့်စွက်ပံ့ပိုးပေးရမည့် ကိစ္စနှင့် ပတ်သက်ပြီး သင်တန်းသားများနှင့် ဆွေးနွေးသည်။

**(ကိုလတ်-သတင်းစဉ်)**

# စည်းကမ်းနှင့်အညီ ဈေးရောင်းချမှုကြောင့် လမ်းသွားလာရာတွင် လွယ်ကူလာ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့တွင်းမြို့နယ်များတွင် စည်းကမ်းတကျ ဈေးရောင်းချရန် မြို့နယ်အလိုက် ဆောင်ရွက်နေမှုကြောင့် လမ်းမကြီးများနှင့် လမ်းသွယ်အချို့တွင် ယခင်ကကဲ့သို့ ရှုပ်ထွေးမှုမရှိဘဲ ရှင်းလင်းလာသဖြင့် သွားလာရေး လွယ်ကူလာသည်။ သက်ဆိုင်ရာမှ စည်းကမ်းချက်ထုတ်ပြန်အသိပေးထားမှုကြောင့် လသာမြို့နယ် သံဈေးအနီး (၁၇)လမ်း၊ (၁၈) လမ်းအထက်ခြမ်းလမ်းအတွင်းတွင် ဈေးရောင်းချသူများ စည်းကမ်းတကျရောင်းချမှုကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် စတင်မြင်တွေ့လာရသည်။ ယခင်က အဆိုပါလမ်းသွယ်များအတွင်း လမ်းသွားလမ်းလာများ တစ်ဦးချင်း တန်းစီတိုးဝှေ့သွားလာခဲ့ရသည်။ ယခုအခါ ကားများ အလွယ်တကူဝင်ရောက်၍ရသည်ကို မြင်တွေ့လာရသည်ဟု ယင်းနေရာသို့ ဈေးဝယ်ရောက်လေ့ရှိသည့် လမ်းမတော်မြို့နယ်နေ မညိမ်းညိမ်းက ဆိုသည်။

မဟာဗန္ဓုလလမ်းမဘေးတစ်လျှောက် လသာမြို့နယ်၊ လမ်းမတော်မြို့နယ်အတွင်းတွင် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်မှုကြောင့် ယာဉ်များ၊ လမ်းသွား လမ်းလာများ သွားရေးလာရေး လွယ်ကူမှုရှိလာသည်ဟု ဆိုသည်။ ယခင်က နံနက်ပိုင်းမှာပင် ကားလမ်းမဘေး လူသွားပလက်ဖောင်းများတွင် လမ်းသွားလမ်းလာများ တိုးဝှေ့သွားလာရခဲ့ပြီး ယခုအခါ လွယ်ကူစွာ သွားလာ၍ရနေသည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

ထုတ်ပြန်ထားသောအသိပေးချက်နှင့် စောင့်ကြည့်ဆောင်ရွက်မှုများကြောင့် ရန်ကုန်မြို့တွင်းမြို့နယ်များတွင် ယခင်ကာလထက် ယခုသီတင်းပတ်အတွင်းတွင် ယာဉ်နှင့် လူအသွားအလာများ လွယ်ကူလာမှုရှိသည်။ ယင်းအစဉ်အလာကို ဆက်လက်ဆောင်ရွက်သွားသင့်သည်ဟု ရန်ကုန်မြို့တွင်းသို့ အလုပ်လာရောက်လုပ်ကိုင်သူ သဃ်န်းကျွန်းမြို့နယ်နေ ကိုတင့်ဝေက ဆိုသည်။

**(မောင်စေအောင်)**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သြစတြေးလျမြနေသဟာယနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် သြစတြေးလျမြနေသဟာယနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သြစတြေးလျမြနေသဟာယနိုင်ငံ ဘုရင်ခံချုပ် အငြိမ်းစားဗိုလ်ချုပ်ကြီး ပီတာကော့စ်ဂရုနှင့် ဝန်ကြီးချုပ် မစ္စတာ မဲလ်ကွမ်တန်ဘဲလ် တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယသမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ဒုတိယသမ္မတ ဦးညဏ်ထွန်း အိန္ဒိယသမ္မတနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အိန္ဒိယသမ္မတနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ၏ (၆၇)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ဂ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## သြစတြေးလျမြနေသဟာယနိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျရောက်သည့် သြစတြေးလျမြနေသဟာယနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ သြစတြေးလျမြနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဂျူလီဘစ်ရှော့ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ရာဖေးဂျက်တိုက်လေယာဉ် ၃၆ စင်းဝယ်ယူရေး ပြင်သစ်နှင့် အိန္ဒိယ လက်မှတ်ရေးထိုး

**နယူးဒေလီ ဇန်နဝါရီ ၂၅**

ပြင်သစ်နိုင်ငံလုပ် ရာဖေးအမျိုးအစားဂျက်တိုက်လေယာဉ် ၃၆ စင်းဝယ်ယူရေး အစိုးရအဖွဲ့ချင်းသဘောတူညီချက်တစ်ရပ်ကို အိန္ဒိယနိုင်ငံက ဇန်နဝါရီ ၂၅ ရက်တွင် လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

လပေါင်းအတန်ကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တိုက်လေယာဉ်များ ရောင်းဝယ်ရန် သဘောတူညီခဲ့ကြခြင်းဖြစ်သော်လည်း ဘဏ္ဍာရေးဆိုင်ရာ ညှိနှိုင်းမှုများကို ဆက်လက်ပြုလုပ်ရဦးမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်း၏ခရီးစဉ်တွင် တိုက်လေယာဉ်ရောင်းဝယ်ရေးကိစ္စမှာ အဓိကကျသော ကိစ္စရပ်တစ်ခုဖြစ်သည်။ ပြင်သစ်လုပ် ဂျက်လေယာဉ် ၃၆ စင်းဝယ်ယူခြင်းအတွက် အိန္ဒိယအစိုးရက ဒေါ်လာကိုးဘီလီယံခန့် ကျခံသုံးစွဲရမည်ဟု ခန့်မှန်းရသည်။

သမ္မတဟော်လန်းသည် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်မည့် အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နေ့ အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန် ဂုဏ်ထူးဆောင်ဧည့်သည်တစ်ဦးအဖြစ် ဖိတ်ကြားခံခဲ့ရသည်။

အစိုးရအဖွဲ့ချင်းသဘောတူညီချက်နှင့် ပတ်သက်၍ ဘဏ္ဍာရေးဆိုင်ရာ ကတိကဝတ်များ သတ်မှတ်ရေးအတွက် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတဟော်လန်းနှင့် အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီတို့က အတည်ပြုပြောကြားကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နိုင်ငံတကာ စစ်သွေးကြွအုပ်စုများကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်ကြမည့် နည်းလမ်းများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ **ရိုက်တာ။**




## အကြမ်းဖက်မှုတိုက်ဖျက်ရေး နိုင်ငံတကာဆွေးနွေးပွဲ မလေးရှားတွင် ကျင်းပ

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၅**

အကြမ်းဖက်ဝါဒ တိုက်ဖျက်ချေမှုန်းရေးကို အဓိကထားဆွေးနွေးသည့် နိုင်ငံတကာဆွေးနွေးပွဲတစ်ခုကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်၌ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့သည်။ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေးအတွက် နိုင်ငံတကာဆွေးနွေးပွဲကို အမေရိကန်၊ ဂျပန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့အစည်းနှင့် အခြားသောအကြမ်းဖက်အဖွဲ့အစည်းများကို တိုက်ခိုက်ချေမှုန်းရေးအတွက် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံက ဇန်နဝါရီ ၁၄ ရက်တွင် ဂျကာတာမြို့တော်၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လူလေးဦးသေဆုံးမှုနှင့်ပတ်သက်၍ အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ရန် စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဂျကာတာမြို့အကြမ်းဖက်တိုက်ခိုက်ခံရမှုကို ဆီးရီးယားနိုင်ငံရှိ အင်ဒိုနီးရှားနိုင်ငံသား အိုက်အက်စ်အဖွဲ့ဝင်တစ်ဦးက အင်တာနက်ကို အသုံးပြုပြီး အကြမ်းဖက်ဝါဒပြန့်ပွားစေရန်နှင့် တိုက်ခိုက်မှုကို ကြိုးကိုင်ချယ်လှယ်ခဲ့ခြင်းဖြစ်ဖွယ်ရှိသည်ဟု ယူဆရကြောင်းနှင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် အကြမ်းဖက်မှုတားမြစ်ရေး ထိရောက်စွာ ကိုင်တွယ်နိုင်ရန်အတွက် တရားဥပဒေကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်လာသူများက ပြောကြားသည်။

မလေးရှားလုံခြုံရေးတာဝန်ရှိသူများအနေဖြင့် အကြမ်းဖက်သမားဟု သံသယရှိသူ မည်သူ့ကိုမဆို ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးထိန်းသိမ်းခွင့် ဥပဒေကြမ်းကို မလေးရှားပါလီမန်တွင် လွန်ခဲ့သည့်နှစ်က အတည်ပြုပေးခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

## အင်ဒိုနီးရှား အကြမ်းဖက်သမားများအား ဆီးရီးယားနှင့် ဩစတြေးလျရှိအဖွဲ့အစည်းများမှ ငွေကြေးထောက်ပံ့ဟုဆို

**စင်ကာပူ ဇန်နဝါရီ ၂၅**

အင်ဒိုနီးရှားနိုင်ငံရှိ အကြမ်းဖက်သမားများအား ဩစတြေးလျနှင့် ဆီးရီးယားနိုင်ငံများရှိ အဖွဲ့အစည်းများက ငွေကြေးထောက်ပံ့လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံရေး၊ ဥပဒေနှင့်လုံခြုံရေးရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး လူဟပ်ပန်ဂျိုင်တန်က ပြောကြားသည်။

“သူတို့ကို ငွေကြေးဘယ်လိုထောက်ပံ့သလဲဆိုတာ အခုကျွန်တော်တို့ခြေရာခံနေပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်က အင်ဒိုနီးရှားနိုင်ငံမှာ အကြမ်းဖက်လုပ်ရပ်တွေ လုပ်ဆောင်ရာမှာ ပံ့ပိုးကူညီဖို့ အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ ခန့် ရက်ကွာမြို့ကထောက်ပံ့တာ သူတို့ရရှိခဲ့သလို ဩစတြေးလျနိုင်ငံက အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ ဝန်းကျင် ထောက်ပံ့မှုရရှိခဲ့တယ်လို့လည်း ကျွန်တော်တို့ သိရှိပါတယ်” ဟု လန်ဒန်အခြေစိုက် မဟာဗျူဟာမြောက်လေ့လာရေးအင်စတီကျုမှ စင်ကာပူနိုင်ငံတွင် ကျင်းပသည့်ဖိုရမ်၌ မိန့်ခွန်းတစ်ခုအတွင်း ၎င်းက ပြောကြားသည်။ “ငွေကြေးဘယ်ကထောက်ပံ့တယ်ဆိုတာကို ကျွန်တော်တို့အတိအကျမသိပေမယ့် ငွေကြေးထောက်ပံ့မှုကို စောင့်ကြည့်လေ့လာဖို့ ကျွန်တော်တို့ရဲ့ဌာနတွေက အခုအချိန်မှာ အပြင်းအထန်ကြိုးစားနေပါတယ်”ဟု ၎င်းက ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံရှိ အကြမ်းဖက်သမားများမှာ ဆီးရီးယားနိုင်ငံ ရက်ကွာမြို့ရှိအိုင်အက်စ်အဖွဲ့၏ တိုက်ရိုက်အမိန့်များအရ အကြမ်းဖက်မှုများလုပ်ဆောင်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံရှိ အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါခေါင်းဆောင်များ ပူးပေါင်းသွားခဲ့ပြီဟု အင်ဒိုနီးရှားအာဏာပိုင်များက ယုံကြည်နေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံရှိ အကြမ်းဖက်သမားများမှာ ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအိုကျွန်းရှိအစွန်းရောက်များထံမှ လက်နက်များရရှိခဲ့ကြောင်း ပန်ဂျိုင်တန်က ပြောကြားသည်။ **ကျိုဒိုနယူးစ်။**



## ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းအား ပါတီဗဟိုကော်မတီအတွက် အမည်စာရင်းတင်သွင်း

**ဟနွိုင်း ဇန်နဝါရီ ၂၅**

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းအား ကွန်မြူနစ်ပါတီ၏ အရေးပါသော ဗဟိုကော်မတီဝင် ရာထူးအတွက် ၎င်းအားထောက်ခံသူများက အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း၊ ပါတီအကြီးအကဲ ရာထူးအတွက် ငုယင်တန်ဇွန်း ယှဉ်ပြိုင်နိုင်ရေးအတွက် လိုအပ်ချက်တစ်ရပ်အဖြစ် ယင်းကဲ့သို့ အမည်စာရင်းတင်သွင်းခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇန်နဝါရီ ၂၄ ရက်က ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအတွက် ပဏာမအဆင့် အမည်စာရင်းများ တင်သွင်းရာတွင် ဝန်ကြီးချုပ် ငုယင်တန်ဇွန်း ပါဝင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကွန်မြူနစ်ပါတီ ခေါင်းဆောင်ရာထူးအတွက် ယခုရက်သတ္တပတ်အတွင်း ဆုံးဖြတ်မည်ဖြစ်ပြီး ဝန်ကြီးချုပ်ဇွန်းအနေဖြင့် ယင်းရာထူးအတွက် လက်ရှိပါတီအထွေထွေအတွင်းရေးမှူး ငုယင်ဖြူထရွန်နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်ဟု ခန့်မှန်းချက်များ ပေါ်ထွက်လျက်ရှိသည်။

ဝန်ကြီးချုပ်ဇွန်းအား ပါတီ ဗဟိုကော်မတီ၌ပါဝင်ရန် အမည်စာရင်းတင်သွင်းမှုကို ဗဟိုကော်မတီဝင်လည်းဖြစ်၊ ပါတီ၏ ဝါဒဖြန့်ချိရေးနှင့် ပညာရေးကော်မရှင်၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ ဗူငွတ်ဟောင်က ထုတ်ပြန်ကြေညာခဲ့ကြောင်း နိုင်ငံပိုင် တူအီထရီ သတင်းစာက ရေးသားဖော်ပြသည်။

ဝန်ကြီးချုပ်ဇွန်းအား စီးပွားရေးလုပ်ငန်းအသိုက်အဝန်းက အားပေးထောက်ခံလျက်ရှိသည်။ မစ္စတာဇွန်းသည် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်အဖြစ် စီးပွားရေးလုပ်ငန်း အသိုက်အဝန်းက ရှုမြင်ကြကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

## ရာစုနှစ်ဝက်ကျော် ကာလအတွင်း ဟောင်ကောင်၌ အပူချိန် စံချိန်တင်ကျဆင်း

**ဟောင်ကောင် ဇန်နဝါရီ ၂၅**

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်တွင် ဇန်နဝါရီ ၂၄ ရက်က အအေးလှိုင်း ကျရောက်ခဲ့ရာ အပူချိန်ထိုးကျမှုကို ကြုံတွေ့ရကြောင်း၊ ဟောင်ကောင်တွင် နှစ်ပေါင်း ၆၀ နီးပါးကာလအတွင်း အနိမ့်ဆုံးအပူချိန်အထိ ကျဆင်းခဲ့ကြောင်း၊ အပူချိန်ကျဆင်းမှုကြောင့် ခိုက်ခိုက်တုန်ချမ်းအေးမှုကို ခံစားကြရကြောင်း၊ အပူပိုင်းဒေသခွဲ ရာသီဥတုရရှိမြဲဖြစ်သည့် တောင်ကုန်းတောင်တန်း ထူထပ်သော ဟောင်ကောင်ဒေသ၏ ပြည်သူများအဖို့ အအေးလှိုင်း တွေ့ကြုံရခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဟောင်ကောင်ဒေသတွင် ဆီးနှင်းခဲကျဆင်းမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း မိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်သည်။ အအေးလှိုင်းကျရခြင်းမှာ အလွန်အေးမြသည့် မုတ်သုံလေတိုက်ခတ်မှုနှင့် ယှဉ်တွဲနေသည်။

ဇန်နဝါရီ၂၅ရက် နံနက်ပိုင်း တိုင်းထွာချက်အရ အပူချိန် ၃ ဒသမ ၃ ဒီဂရီ ဆဲလ်စီးယပ် (၃၈ ဒီဂရီ ဖာရင်ဟိုက်)အထိ ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ဟောင်ကောင်တွင် အဆောက်အအုံများအတွက် အပူပေးစနစ်မရှိကြောင်း၊ တောင်ကုန်းဒေသများတွင် ရေခဲမှတ်အောက် အပူချိန်အထိ ရောက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။ ၅၉ နှစ်ကြာ ကာလအတွင်း အအေးဆုံး ရာသီဥတုဖြစ်ကြောင်း သိပ္ပံပညာရှင် ဝိုင်ခင်က ပြောကြားသည်။

ယခုကဲ့သို့ စံချိန်တင် အပူချိန်ကျဆင်းမှုကို တရုတ်နိုင်ငံတောင်ပိုင်း၊ ထိုင်ဝမ်ကျွန်း၊ တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ဖြစ်ပွားခဲ့သည်။ ယင်းဒေသများတွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့သည့်အတွက် လေဆိပ်များတွင် ခရီးသည်ထောင်ပေါင်းများစွာ သောင်တင်နေခဲ့ပြီး စာသင်ကျောင်းများကိုလည်း ပိတ်ထားခဲ့ရသည်ဟု သိရသည်။ **ဆင်ဟွာ။**



ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော်တွင် အစီရင်ခံစာ ၅ ခု ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ **ပြည်ထောင်စာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**အပါအဝင် အစီရင်ခံစာ ၅ ခုကို ဖတ်ကြားတင်ပြခြင်းနှင့် ဆွေးနွေးခြင်းများကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ (၆) လ စာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုများ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ်(၃/၂၀၁၆)**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်က ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော် နာယကသူရဦးရွှေမန်းက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏ အရအသုံး စာရင်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၄/၂၀၁၆)** ကို ပူးပေါင်းကော်မတီ အတွင်းရေးမှူး မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုးက ပြည်ထောင်စုလွှတ်တော်သို့ ဖတ်ကြားတင်ပြရာ လွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၇) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ဆက်လက်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက် အစီရင်ခံစာ**ကို ကော်မရှင်အတွင်းရေးမှူး ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက ဖတ်ကြားတင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း လွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၁၆)** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက ပါဝင်ဆွေးနွေးကြသည်။

**ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း**က ဆက်လက်တာဝန်ယူမည့် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ဆောင်ရသောလုပ်ငန်းများကို ဒေသအတွက် အမှန်တကယ်အကျိုးရှိ၍ ရန်ပုံငွေများကို အကျိုးရှိစွာ ထိရောက်စွာအသုံးပြုနိုင်ရန်နှင့် လုပ်ငန်းများအား တစ်ဦးတစ်ယောက်ထဲသို့ အပ်နှံခြင်းမပြုဘဲ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့သို့ တာဝန်ယူလုပ်ဆောင်စေခြင်း၊ ပြည်သူများအနေဖြင့် လုပ်ငန်းစစ်အဖွဲ့များဖွဲ့ကာ စစ်ဆေးခြင်းဖြင့် လုပ်နည်းပုံစံများကို ပြောင်းလဲသင့်ပါကြောင်း ဆွေးနွေးသည်။

**တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ**က ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မှုသည် ပြည်သူများနှင့် ဌာနဆိုင်ရာ ပူးပေါင်းဆောင်ရွက်တတ်သည့်၊ တာဝန်ယူတာဝန်ခံတတ်သည့် ယဉ်ကျေးမှုကိုပါ အကောင်အထည်ဖော်ပြီးဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဌာနအလိုက် လေးလေးနက်နက် ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ဥပဒေနှင့်အညီ ပိုမိုပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

**သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး**က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ဆောင်ခဲ့သည်မှာ သုံးနှစ်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို အမှန်တကယ်အထောက်အကူပြုသည့်အတွက် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများ၏ ၂ ရာခိုင်နှုန်းကြိုတင်ဝင်ငွေခွန် ပေးဆောင်ရသည်ကို ကင်းလွတ်ခွင့်ပြုသင့်ကြောင်း ဆွေးနွေးသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# အနိုင်ကျင့်မိုက်ကြေးခွဲ၊ ဆက်ကြေးတောင်းပြီး ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုခံတိုက်ခိုက်ကာ ထွက်ပြေးတိမ်းရှောင်နေသော ရဲဘက်ပြေး၊ တရားခံပြေးတို့အား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန် တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်တို့တွင် ပြည်သူများအပေါ် အနိုင်ကျင့်မိုက်ကြေးခွဲပြီး ဆက်ကြေးတောင်းခံခြင်းများကြောင့် အများပြည်သူတို့၏ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်နေသဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ လူဆိုး၊ လူမိုက်ခေါင်းဆောင် ရဲဘက်ပြေး၊ တရားခံပြေး ကျော်ဝင်းစိန်နှင့် ၎င်း၏ တပည့် ငှက်ပျောသီးတို့အား ဇန်နဝါရီ ၂၄ ရက်တွင် ရွှေပြည်သာမြို့နယ် (၁၉/၄၇)ရပ်ကွက် ချယ်ရီလမ်းရှိ ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

သွားရောက်ဖမ်းဆီးစဉ် ကျော်ဝင်းစိန်မှာ အသာတကြည် အဖမ်းမခံဘဲ တပ်ဖွဲ့ဝင်များအပေါ် ဆဲဆိုကြိမ်းမောင်းပြီး လက်ထဲတွင် ဓားကိုင်ဆောင်ကာ ခုခံရန်ပြုရန်ပြင်ဆင်ဆောင်ရွက်လာသဖြင့် ဝိုင်းပတ်ပိတ်ဆို့ထားသော တပ်ဖွဲ့ဝင်များက Pump Action သေနတ်ဖြင့် နေအိမ်အပေါ်ထပ် ပြတင်းပေါက်သို့ ပစ်ခတ်ခဲ့ရကြောင်း၊ ဆက်လက်၍လည်း ကျော်ဝင်းစိန်က ရဲတပ်ဖွဲ့ဝင်များအား စိန်ခေါ်ပြီး နေအိမ်အောက်သို့ ဆင်းလာသဖြင့် ပွိုင့် ၃၈ ဗို့ ခြောက်လုံးပြူး သေနတ်ဖြင့် နေအိမ်အတွင်း ဆက်လက်ပစ်ခတ်မှသာ အညံ့ခံဖမ်းဆီးခံခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ရဲဘက်ပြေး၊ တရားခံပြေး ကျော်ဝင်းစိန်(၄၈)နှစ်နှင့် ငှက်ပျောသီး(ခ) နိုင်မင်းသူ(ခ) အေးမူ(၂၆)နှစ်တို့ထံမှ အရိုးအသွား ရှစ်လက်မခွဲခန့်ရှိ ဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ၁၃ လက်မခန့်ရှိ ဓားအိမ်ပါဓားဦးချွန်တစ်ချောင်း၊ အရိုးအသွား ၁၈ လက်မခွဲခန့်ရှိ နှစ်ဖက်သွား စတီးဓားဦးချွန် တစ်ချောင်း၊ အရိုးအသွား ရှစ်လက်မခန့်ရှိ အရိုးအနီပတ်ထားသော ဓားဦးချွန်ပေါက်ဓား သုံးချောင်း၊ အရိုးအသွား ၁၁ လက်မခွဲခန့်ရှိ အပြာရောင်အရိုးပါ နှစ်ဖက်သွားဓားဦးချွန်တစ်ချောင်း၊ ၁၂ လက်မခန့်ရှိ သစ်သားနံချပ်ကူ တစ်ချောင်း၊ KL စာတန်းပါ လက်ထိပ်တစ်စုံနှင့် သော့နှစ်ချောင်း၊ သားရေကြိုးတပ်လျက် လေးခွခြောက်လက်၊ လက်ကိုင်ဖုန်းမျိုးစုံ ၁၀ လုံး၊ 5G---- နံပါတ်ပါ TOYOTA SUCCEED အဖြူရောင် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး၊ နံပါတ်မပါ Kenbo 125 အနက်ရောင် လိုင်စင်မဲ့ဆိုင်ကယ်တစ်စီးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ ကျော်ဝင်းစိန်သည် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်က တွံတေးမြို့နယ် ပိတ်ဆွယ်ကျေးရွာအနီး၌ တွံတေးမြို့ ဘုရားကြီးကျေးရွာမှ ဒလမြို့သို့ ဆိုင်ကယ်ဖြင့် သွားရောက်သည့် ဇနီးမောင်နှံနှစ်ဦးတို့ထံမှ ရွှေဆွဲကြိုးတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရန်၊ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား လုယက်ခဲ့သည့်အပြင် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးထားပြီး ၎င်းတို့၏ ညီမဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်၍ ငွေကျပ်သိန်း ၂၀၀၀ ဖြင့် လာရွေးရန် ခြိမ်းခြောက်တောင်းယူခဲ့သဖြင့် တွံတေးမြို့မရဲစခန်း(ပ)၄၀၁/၂၀၁၃၊ ပြစ်မှုပုဒ်မ-၃၆၅/၃၉၄ ဖြင့်အရေးယူထားရှိသောအမှုမှ တရားခံပြေးတစ်ဦးဖြစ်သည့်အပြင် ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် လှိုင်သာယာတိုးဂိတ်အနီး၌ ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ခုခံတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ပြတ်ရှဒဏ်ရာရရှိခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်း (ပ)၁၂၈၈/၂၀၁၃၊ ပြစ်မှုပုဒ်မ-၃၃၃ အမှုမှ တရားခံပြေးတစ်ဦးလည်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၁၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် မူးယစ်တပ်ဖွဲ့စု(၄၁)မှ တပ်ဖွဲ့ဝင်များက အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ လက်ဖက်ရည်ဆိုင်ရှေ့တွင် နေဇော်ထိုက်(ခ) သန်းဇော်ထံမှ WY စိတ်ကြွဆေးပြားဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ကျော်ဝင်းစိန်ထံမှ ဝယ်ယူရရှိကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အင်းစိန်မြို့မရဲစခန်း မယ(ပ)၇/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ-၁၅/၁၉(က) အမှုမှ ကွင်းဆက်တရားခံဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ တစ်ဦးလည်းဖြစ်သည်။

ယခုဖမ်းဆီးရမိသော ကျော်ဝင်းစိန်မှာ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် အလုံမြို့နယ်များအတွင်း လုယက်မှု၊ ဓားပြမှုများဖြင့် ထောင်ဒဏ် စုစုပေါင်း အနှစ်(၆၀)နှင့် (၃)လ ပြစ်ဒဏ်ကျခံနေရာမှ ရဲဘက်မှ ထွက်ပြေးနေစဉ် မြောက်ပိုင်းခရိုင်တရားရုံး အမှုကြီးအမှတ် ၁၃၁၄/၂၀၀၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၃၃၃ ဖြင့် ထောင်ဒဏ်(၃)နှစ်၊ လက်နက်များ အက်ဥပဒေပုဒ်မ-၁၉(င)ဖြင့် ထောင်ဒဏ်(၁)နှစ်၊ ပြစ်မှုပုဒ်မ-၂၂၄ ဖြင့် ထောင်ဒဏ်(၁)နှစ်ကျခံခဲ့ပြီး ယခင်ကျန်ရှိပြစ်ဒဏ်များဖြင့် စုစုပေါင်း (၆၅)နှစ် (၃)လ ကျခံနေရာမှ မုပ္ပလင်ကျောက်ထုတ်လုပ်ရေးစခန်းမှ ထွက်ပြေးလာသူ ရဲဘက်ပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

ကျော်ဝင်းစိန်၏ တပည့်ဖြစ်သူ ငှက်ပျောသီးမှာလည်း ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်အတွင်း ရာအိမ်မှူး ဦးမောင်မြင့်အား နိုင်မင်းသူပါ ငါးဦးက ဝိုင်းဝန်းထိုးကြိတ်နေကြောင်း ကြားသိရ၍ ရဲတပ်ဖွဲ့ဝင်များက သွားရောက်တားမြစ်စဉ် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ဓားဖြင့်ခုတ်ခဲ့သဖြင့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင် နယ်မြေရဲစခန်းက (ပ) ၅၂၁/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၃၃/၃၃၂ အမှုဖြင့် အရေးယူထားသည့်အမှုနှင့် ၂၀၁၅ ခုနှစ် ဧပြီ ၂ ရက်တွင် လှိုင်သာယာမြို့နယ် (၅)ရပ်ကွက် ပယင်းလမ်းနေ ကိုချမ်းငြိမ်းကိုအား နိုင်မင်းသူနှင့်အဖွဲ့က တုတ်နှင့်ရိုက်၊ ဓားနှင့်ထိုးခုတ်ခဲ့သောကြောင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၄၃၈/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၂၆/၁၁၄ အမှုတို့ဖြင့် အရေးယူထားသည့် တရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ကျော်ဝင်းစိန်နှင့် ငှက်ပျောသီးတို့အား အခြားအမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စစ်ဆေးပေါ်ပေါက်ချက်များအား ဆက်လက်အသိပေးဖော်ပြသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**(ကိုရဲ)**



# ပုဂံခေတ်က မိန်းမလှ

ခင်ဆွေမြင့်(မြန်မာစာ)

"ငါ့မိကိုကား ငါမသိလိုက်။
ငါ့မိထွေးမွေး၍ ငါကြီး၏။
ငါ့မိထွေးလျှင်တည်း ငါ့မိ၏----"

ဤစကားသည် ပုဂံခေတ် မြန်မာကျောက်စာလာ စကားစုများတွင် ထင်ရှားကျော်ကြားခဲ့ပါသည်။

မြန်မာသက္ကရာဇ် ၅၉၇ ခုနှစ် (ခရစ်နှစ် ၁၂၃၅ ခန့်)တွင် ရေးထိုးခဲ့သော ကျစွာမင်းကြီး၏ မိထွေးတော် ကျောက်စာတွင် တွေ့မြင်ဖတ်ရှုရပါသည်။

စာတတ်ပေတတ် ကျမ်းဂန်တတ် ပုဂံရှေ့ပြည့်ရှင် ကျစွာမင်းကြီးမိန့်တော်မူခဲ့သောစကားရပ်ဖြစ်ပါသည်။

ကျစွာမင်းကြီး (နန်းစံနှစ် ၁၂၃၄ ခန့်-၁၂၅၀ ခန့်) သည် ငယ်စဉ်ကပင် မယ်တော်မိဖုရားကြီး နတ်ရွာစံခဲ့သောကြောင့် မယ်တော်ကိုမယ်တော်ဟူ၍ပင် မသိခဲ့ရကြောင်း၊ မိခင်၏ ညီမဖြစ်သောအဒေါ်ဖြစ်သူက ပြုစုစောင့်ရှောက် မွေးမြူခဲ့သောကြောင့် အရွယ်ရောက်ခဲ့ရကြောင်း အဒေါ်သည်သာလျှင် မိမိ၏မိခင်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

ကျစွာမင်းကြီးသည် မြန်မာသက္ကရာဇ် ၅၉၇ ခုနှစ်တွင် ပုဂံရွှေနန်းကို သိမ်းမြန်းပြီးသည့်နောက်တွင်မူ မိထွေးတော်စံမြန်းရန်အတွက် စံအိမ်တော်ဆောက်ပေးခဲ့သည်။ အိမ်တော်တွင် စေပါးရန်ကျေးကျွန်များနှင့် မိထွေးတော် စားသုံးရန် လယ်မြေများလည်းပေးခဲ့ပါသည်။ ကျောက်စာတွင် "အိမ်ပြုနေပေး၏။ အိမ်ထောင်ကျွန်လယ်လည်း ပေးတော်မူ၏"ဟု ရေးထိုးထားခဲ့ပါသည်။

ပုဂံခေတ်ကျောက်စာများတွင်လည်း ရှေးမြန်မာမျိုးနွယ်များဖြစ်သော အညာဒေသနေသူတို့သည် လည်းကောင်း၊ ဘကြီး၊ မိကြီး၊ ဘထွေး၊ မိထွေးဟူသော ဆွေမျိုးစပ်ဝေါဟာရများကို သုံးစွဲကြပါသည်။ မိကြီးသည် အမေ၏ အစ်မ၊ မိထွေးသည် အမေ၏ ညီမကိုခေါ်ဆိုခြင်း ဖြစ်ပါသည်။ "မိထွေး"သည် ယနေ့ခေတ်ကဲ့သို့ ဖခင်၏ နောက်မိန်းမအငယ်အနှောင်းများကိုသာ ခေါ်ဆိုခြင်း မဟုတ်ပါချေ။ သို့ကြောင့် ပုဂံကျောက်စာများမှ "မိထွေး" ဆိုသူများသည် ဖခင်နှင့် သားသမီးများအကြားတွင် ခလုတ်ကန်သင်းဖြစ်နေကြသော မယားငယ် မယားနှောင်းချည်းမဟုတ်ပါချေ။

ကျစွာမင်းကြီး၏ အဒေါ်ဖြစ်သော မိထွေးတော်သည် အစ်မတော် မိဖုရားအိမ်တော်သည် လွန်ပြီးနောက် ကျန်ရစ်ခဲ့သော မင်းသားငယ်လေးကို မိခင်စိတ်ဖြင့် ထွေးထွေးပိုက်ပိုက် ပြုစုစောင့်ရှောက်ခဲ့ဟန်ရှိပါသည်။ သနားချစ်ခင်ခြင်း၊ ယုယကြင်နာခြင်း၊ ဆုံးမသွန်သင်ခြင်းများဖြင့် မိခင်နေရာမှနေ၍ တာဝန်ကျေပွန်ခဲ့သူဖြစ်တန်ရာပါသည်။

ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန်၍ သင်တော်မူခဲ့သော သံဃာတော်များအား တစ်နေ့လျှင် ခုနစ်ဝါ စာချတော်မူခဲ့သော၊ ပရမတ္ထဗိန္ဒုကျမ်းကို စီရင်တော်မူခဲ့သော တရားမင်းကြီးကျစွာကို ကောင်းစွာပြုစုပျိုးထောင်ပေးခဲ့သူဖြစ်တန်ရာပါသည်။

> မြန်မာအမျိုးသမီးများသည် ဗုဒ္ဓသာသနာကို အခြေခံပြီး ဖွံ့ဖြိုးလာသော ယဉ်ကျေးမှု၏ အရိပ်အာဝါသအောက်မှနေ၍ မိသားစု၊ အိမ်သားစု၊ ဆွေမျိုးစုများကို ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ ဤသည်မှာလည်း ကျွန်မတို့ မြန်မာအမျိုးသမီးများ၏ သမိုင်းပေး တာဝန်၊ ဘဝပေးတာဝန်၊ မြန်မာ့အစဉ်အလာ တာဝန်ဖြစ်နေ

ကျစွာမင်းကြီး၏ မိထွေးတော်သည် စေတနာစွမ်းရည်၊ တာဝန်ယူနိုင်မှုစွမ်းရည်မျှသာမက ကျမ်းဂန်စာပေ အလေ့အလာစွမ်းရည်၊ အတွေးအခေါ်စွမ်းရည်၊ လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်ရည်များတွင်လည်း ထက်မြက်သူဖြစ်ပါသည်။ ဘာသာသာသနာရေး၌လည်း လေးနက်စွာ သက်ဝင်ယုံကြည်သူဖြစ်ပါသည်။

မိထွေးတော်သည် မင်းကြီးချီးမြှောက်တော်မူသော အိမ်တော်တွင်လည်း နေခဲ့ပါသည်။ ပေးသောကျွန်များကိုလည်း အစေအပါးပြုခဲ့ပါသည်။ လယ်များမှရသော အစီးအပွားကိုလည်း စားသုံးခဲ့ပါသည်။ "အိမ်လည်းငါနေ၏။ ကျွန်လည်းငါစေ၏။ လယ်လည်းငါစား၏" ဟု ကျောက်စာတွင် ဖော်ပြခဲ့ပါသည်။

သို့ရာတွင် မိထွေးတော်သည် ဗုဒ္ဓသာသနာကို လေးမြတ်စွာကြည်ညိုပြီး တရားဓမ္မအဆုံးအမ၌ တည်သောသူဖြစ်သောကြောင့် ဤအိမ်တော်တွင် ငါနေသည်ထက် သီတင်းသီလပညာရှိသော ရဟန်းသံဃာများ သီတင်းသုံးတော်မူလျှင် ပို၍မြတ်သည်ဟု ဆင်ခြင်မိပါသည်။ "အိမ် ငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော မြတ်၏ဟူ၍ငါကြံမိရကား"ဟု ကျောက်စာရေးထိုးခဲ့ပါသည်။

ထို့နောက် ဂူဘုရားတစ်ဆူတည်တော်မူပြီးလျှင် မင်းကြီးပေးတော်မူသော "သာလည်းသာ နိုးစွာသော အိမ်"ကိုသံဃာများအတွက် ကျောင်းအဖြစ် ရည်စူးလိုပါကြောင်း၊ ပေးခဲ့သောလယ်များနှင့် ကျွန်များကိုလည်း လှူဒါန်းလိုပါကြောင်း ခွင့်တောင်းလျှောက်ထားခဲ့ပါသည်။ မိထွေးတော်ကျောက်စာတွင် "ကူလည်းပြု၏၊ ကူပြီးရကား ဘုရားလောင်းကို ငါကြား၏။ မြတ်စွာသောငါ့သခင်"အတို့ ကျွန်ကို ပြုပေးသောအိမ်တေးသာလည်း တဂိုးစွာ၏။ အတို့ ကျွန်နေသောထက်ကား သံဃာနေသောမြတ်၏ဟူ၍ ကူလည်းပြု၏။ အိမ်လည်းကျောင်းရည်၏။ ပေးတော်မူသော အိမ်ထောင်ကျွန်လယ်လည်း အတို့ကျွန်လှူ၏" ဟူ၍ မှတ်တမ်းတင်ခဲ့ပါသည်။ ကျစွာမင်းကြီးကလည်း "မိထွေးတင်အပ်သော သံဃာတင်လင့်"ဟု မိန့်တော်မူခဲ့ပါသည်။

မိထွေးတော်၏ အတွေးအကြံ၊ အပြုအမူများသည် ရှေးပုဂံခေတ် မြန်မာအမျိုးသမီးကြီးများ၏ စံထားအပ်သော စိတ်ဓာတ်နှင့်စွမ်းရည်ကို ဖော်ပြခဲ့ပါသည်။ အဒေါ်နှင့် တူသားတို့၏ ရင်းနှီးချစ်ခင်မှု၊ လေးစားတန်ဖိုးထားမှုများကိုလည်း တွေ့မြင်သိရှိရပါသည်။

မိထွေးတော်ကျောက်စာကို အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုမိသည့်အခါတိုင်း မြန်မာ့မိသားစု၏ နွေးထွေးသော ဆက်ဆံရေးများ၊ မြန်မာတို့၏ လူမှုရေးကျင့်ဆောင်ပုံများ၊ မြန်မာအမျိုးသမီးတို့၏ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုအဆင့် အတန်းမြင့်မားပုံများသည် ကြည်နူးခြင်းများနှင့်အတူ ကျွန်မ၏ရင်တွင်းသို့ စိမ့်ဝင်သွားမြဲဖြစ်ပါသည်။

စင်စစ်အားဖြင့် ကျစွာမင်းကြီး၏ မိထွေးတော်ကဲ့သို့သော အဘွားများ၊ အဒေါ်များ၊ အစ်မများ၊ ညီမများသည် ကျွန်မတို့ မြန်မာ့လူ့အဖွဲ့အစည်းတွင် များစွာရှိပါသည်။

ကျွန်မတို့ မြန်မာမိသားစုတွင် အဘွားများ၊ အဒေါ်များ၊ အစ်မများ၊ ညီမများသည် မြေးများ၊ တူမများ၊ မောင်၊ ညီမများကိုအလွန်ချစ်ခင်ကြပါသည်။ အလွန်လည်း အနွံတာခံတတ်ကြပါသည်။ မိမိတို့ တတ်စွမ်းသမျှ ဖြည့်ဆည်းစောင့်ရှောက်တတ်ကြပါသည်။ တာဝန်လည်း ယူတတ်ကြပါသည်။

အခြားနိုင်ငံ၊ အခြားလူမျိုးများတွင် တွေ့ရခဲသော "ဉာတကာနဉ္စသင်္ဂဟော" အဆွေအမျိုးများကို စောင့်ရှောက်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟူသည့် ဗုဒ္ဓဘုရားဟောကြားသည့် မင်္ဂလာတရားတော်ကို အလေးအမြတ်ထားပြီး ကျင့်သုံးလိုက်နာကြသူများလည်း ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် ဗုဒ္ဓသာသနာကို အခြေခံပြီးဖွံ့ဖြိုးလာသော ယဉ်ကျေးမှု၏ အရိပ်အာဝါသအောက်မှနေ၍ မိသားစု၊ အိမ်သားစု၊ ဆွေမျိုးစုများကို ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။ ဤသည်မှာလည်း ကျွန်မတို့ မြန်မာအမျိုးသမီးများ၏ သမိုင်းပေးတာဝန်၊ ဘဝပေးတာဝန်၊ မြန်မာ့အစဉ်အလာတာဝန်ဖြစ်နေပါသည်။

ဤတာဝန်များကြောင့်ပင် မြန်မာအမျိုးသမီးများသည် ယောကျ်ားသားများ၊ မိန်းမသားများ၊ ကြီးသူအိုသူများ၊ ရွယ်တူလတ်သူများ၊ ငယ်သူပျိုသူများ စုပေါင်းပါဝင်သော မြန်မာ့လူ့အဖွဲ့အစည်းကို ပရမ်းပတာမဖြစ်အောင် ထိန်းကွပ်ပေးသည့် အထိန်းအကွပ်များဖြစ်နေကြပါသည်။

ယဉ်ကျေးသိမ်မွေ့သော၊ ဂုဏ်ကျက်သရေရှိသော မြန်မာ့လူ့အဖွဲ့အစည်းကို ဝိုင်းဝန်းပျိုးထောင်ပေးသူများလည်း ဖြစ်ကြပါသည်။ မိသားစုများ၊ အိမ်သားစုများကို နှလုံးစိတ်ဝမ်းအေးချမ်းအောင် စွမ်းဆောင်ပေးနိုင်သူများလည်း ဖြစ်ကြပါသည်။

သို့ဖြစ်ပါသောကြောင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ထိုက်တန်သောနေရာကို ရရှိထားကြပြီး တာဝန်ယူနိုင်စွမ်းရှိကြသော မြန်မာအမျိုးသမီးများသည် ကျစွာမင်းကြီး၏ မိထွေးတော်ကိုစံထား၍ မိမိတို့၏လေးနက်ထက်မြက်သော စွမ်းရည်ကို ဆက်လက်စွဲကိုင်ကြပါစို့။

မြန်မာ့လူ့အဖွဲ့အစည်း၏ ဂုဏ်ကျက်သရေတိုးတက်မြင့်မားအောင် ဝိုင်းဝန်းစောင့်ရှောက်ကြပါစို့ဟု မြန်မာအမျိုးသမီးထုအား မေတ္တာ၊ စေတနာဖြင့် ဆန္ဒပြုပန်ကြားအပ်ပါသည်။ ။

## သမိုင်းမြို့သစ် မီးရထားခုံးကျော်တံတား တည်ဆောက်နေ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သမိုင်းမြို့သစ် ဘူတာနှင့်သမိုင်းဘူတာကြားတွင် ယခုအခါ လူကူးမီးရထားလမ်းခုံးကျော်တံတားကို တည်ဆောက်နေကြောင်း တွေ့ရှိရသည်။ ယင်းမီးရထားလမ်းသည် ဗဟိုလမ်းနှင့် မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက်တို့ကို ပိုင်းခြားထားပြီး လူများသွားလာဖြတ်ကူးကြရာ အချက်အချာကျသော နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

"ဒီဖြတ်လမ်းက ဈေးသွားဈေးလာတွေ၊ ကျောင်းသား ကျောင်းသူတွေ ဗဟိုလမ်းက တစ်ဆင့် ရပ်ကွက်ထဲကို တိုက်ရိုက်ရောက်တဲ့ ဖြတ်လမ်းတစ်ခုပါ။ အလျင်စလို သွားလာနေကြတဲ့အတွက် မကြာခဏ မီးရထားတိုက်ခံရတာတွေ ရှိတယ်။ ဒါလည်း လူတွေက ဖြတ်သွားဖြတ်လာလုပ်နေကြဆဲပဲ။ အခုလို မီးရထားခုံးကျော်တံတား တည်ဆောက်နေပြီဆိုတော့ အသက်အန္တရာယ်ဘေးက ကင်းဝေးရပြီ။ အိမ်မှာလည်း သားသမီး၊ မြေးတွေက ဒီဖြတ်လမ်းကနေ ဗဟိုလမ်းမကြီးဘက်ကို အမြဲသွားနေရတော့ အိမ်ကနေထိုင်ပြီး တစ်နေ့တစ်နေ့ ဘာသံကြားရမလဲစိတ်ပူနေရတာ။ အခုတော့ မီးရထားလမ်း ခုံးကျော်တံတားကြီးပြီးရင် အိမ်သူအိမ်သားတွေအတွက် စိတ်အေးရပြီ"ဟူ၍ ဒေသခံတစ်ဦးက ပြောသည်။

တာဝန်ရှိ အင်ဂျင်နီယာတစ်ဦးကလည်း "အန္တရာယ်တွေ မကြာခဏကျရောက်နေလို့ အန္တရာယ်လည်းကင်းဝေး၊ ပြည်သူတွေလည်း စိတ်ချမ်းသာဖို့အတွက် အားလုံးညှိနှိုင်းပြီး တည်ဆောက်ခဲ့တာပါ"ဟု ဆိုသည်။

**(ထွန်းထွန်း)**



## အာနန္ဒာဘုရားပွဲ၌ Iron Cross တေးဂီတအဖွဲ့မှ Free Show ဖျော်ဖြေ

**ညောင်ဦး ဇန်နဝါရီ ၂၅**

ပုဂံယဉ်ကျေးမှုနယ်မြေဒေသ အာနန္ဒာဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် ဇန်နဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲမှစတင်၍ Iron Cross တီးဝိုင်းနှင့် နိုင်ငံကျော်အဆိုတော် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့ပါဝင်သည့်အဖွဲ့က Iron Cross Music Tour အဖြစ် အာနန္ဒာဘုရားပွဲတော်ကွင်း၌ အခမဲ့ဖျော်ဖြေ တင်ဆက်ခဲ့သည်။

အဆိုပါ တေးဂီတအဖွဲ့ ဖျော်ဖြေမှုကို ညောင်ဦး(ပုဂံ)မြို့ရှိ ပရိသတ်များသာမက ပခုက္ကူ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ ချောက်၊ မကွေးအစရှိသည့် ပတ်ဝန်းကျင်မြို့များမှ Iron Cross ချစ်ပရိသတ်များ အများအပြား လာရောက်ကြည့်ရှုအားပေးခဲ့ရာ အထူးစည်ကားသည့် ဂီတဖျော်ဖြေပွဲ တစ်ပွဲဖြစ်ခဲ့သည်။

ယင်းဖျော်ဖြေတင်ဆက်မှု အစအဆုံးကို 4HD နှင့် 5 special ရုပ်သံလိုင်းများကလည်း အချိန်နှင့်တစ်ပြေးညီရိုက်ကူး၍ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



## ပင်လည်ဘူးဒေသတွင် စိန်တလုံးသရက်စိုက်ပျိုးမှုအောင်မြင်

**ပင်လည်ဘူး ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ရွာသာယာအုပ်စု သဲချောင်းကျေးရွာအနီး စိန်တလုံးသရက်ပင် ၈၀၀ ကျော်ကို ၂၀၀၇ ခုနှစ်က စိုက်ပျိုးထားပြီး ယမန်နှစ်မှစ၍ အသီးများစတင်သီးကာ အသီးတချို့ကို ကချင်ပြည်နယ် ဖားကန့်ဈေးကွက်သို့ တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် မူဆယ်ဈေးကွက်သို့ တင်ပို့နိုင်မည်ဟု ခြံပိုင်ရှင်တစ်ဦးထံမှ သိရသည်။

"သုံးလသားလောက်ရှိတဲ့ အပင်ပေါက်တွေကို ကောလင်းမြို့နယ် မြေနီကျေးရွာမှ စိန်တလုံးသရက်ခြံက တစ်ပင်ကို ကျပ် ၃၀၀ နဲ့ ဝယ်ပြီးစိုက်ပါတယ်။ စိုက်ပျိုးပုံက အကျယ် ပေ ၃၀ ပတ်လည်၊ အနက်တစ်ပေခွဲ၊ ပင်ကြား၊ တန်းကြား ပေ ၃၀ ပေးထားပြီး ကျင်းထဲကို မြေအောင်းပိုးသတ်ဆေး၊ အမှိုက်မြေဆွေး၊ နွားချေး၊ ဝက်ချေးရောနှောပြီး စိုက်တာပါ။ မနှစ်က တပေါင်း၊ တန်ခူးမှစသီးပေမယ့် မိုးကမရွာဘဲ ဇွန်၊ ဇူလိုင်မှ မိုးကအဆက်မပြတ်ရွာသလို လေပြင်းတွေတိုက်လို့ အသီးတွေက ထင်သလောက် မတင်ဘူး။ ဒီနှစ်တော့ အသီးကများများသီးမယ်ထင်တာပဲ"ဟု ရွှေစက်အောင် စိန်တလုံးသရက်ခြံဥယျာဉ်ပိုင်ရှင်က ပြောသည်။

ယခုအခါ စိန်တလုံးသရက်ကို ပင်လည်ဘူးမြို့နယ် သဲချောင်းရွာ၊ ခတက်ရွာနှင့် ဝဲလာရွာကြား၌ စိုက်ပျိုးကြရာတွင် အောင်မြင်ဖြစ်ထွန်းသဖြင့် ၎င်းဝန်းကျင်ရှိ ဒေသခံများ စိတ်ဝင်စားကာ ယခုနှစ်မိုးရာသီ၌ စိန်တလုံးသရက်စိုက်ပျိုးကြရန် ပျိုးပင်များကြိုတင်ဝယ်ယူစုဆောင်းလျက်ရှိကြောင်း၊ ပျိုးပင်ဈေးနှုန်းမှာလည်း တစ်လသားနှင့် သုံးလသားမှာ တစ်ပင်လျှင်ငွေကျပ် ၅၀၀၊ တစ်နှစ်သား တစ်ပင်လျှင် ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**စိုင်းလူမင်း(မီဒီယာ)**

## လွှတ်တော်ရေးရာ

### ပြည်သူ့လွှတ်တော်အစည်းအဝေး

# လွှတ်တော်ဆိုင်ရာ ညီလာခံများသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရာတွင် အကျိုးအပြည့်အဝရရှိရန် ကိုယ်စားလှယ်ဦးရေကို တိုးမြှင့်စေလွှတ်သင့်

**နေပြည်တော်  ဇန်နဝါရီ  ၂၅**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင်ကျင်းပရာ **လွှတ်တော် ကော်မတီ (၆)ခု၏ သုံးသပ်အကြံပြုချက်များ** ဖတ်ကြားခြင်းနှင့် **ဥပဒေကြမ်း တစ်ခု** ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**အစည်းအဝေးတွင် တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက** ကော်မတီဖွဲ့စည်းရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ တိုင်းရင်းသားမျိုးနွယ်စုများ ပါဝင်ဖွဲ့စည်းသင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း လွှတ်တော်သက်တမ်းတစ်ခုအတွင်း တိုင်းရင်းသားများ၏ သဘောထားများ၊ လိုအပ်ချက်များကို သိရှိနိုင်ရန်အတွက် တစ်နှစ်လျှင်တစ်ကြိမ်ခန့် သွားရောက်တွေ့ဆုံသင့်ပါကြောင်း အကြံပြုတင်ပြသည်။

**ဆက်လက်၍ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီက** ကော်မတီ၌ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အမျိုးသားစီမံကိန်းများ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ၊ အခွန်အကောက်ဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ တတ်သိနားလည်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပေးသင့်ပါကြောင်း၊ ကော်မတီနှင့်သက်ဆိုင်သော ဥပဒေများကို ကော်မတီဝင်များ သိရှိနားလည်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ရှင်းလင်းဆောင်ရွက်စေခြင်းနှင့် လိုအပ်သော ဥပဒေစာအုပ်များကို ကော်မတီဖွဲ့စည်းပြီးသည်နှင့် ပေးပို့သင့်ပါကြောင်း၊ ကော်မတီနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်။

လုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းမပြုမီ ကော်မတီအလိုက် တာဝန်ခွဲဝေယူ၍ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ(ဒီဘိတ်)များကျင်းပခြင်း၊ နိုင်ငံတော်နှင့် ပတ်သက်သည့် လုပ်ငန်းစီမံကိန်းများ အောင်မြင်မှုရှိ၊ မရှိကို ကော်မတီအနေဖြင့် နယ်မြေကွင်းဆင်း လေ့လာမှုပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာနများက စီစဉ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြသည်။

ထို့နောက် **နိုင်ငံတကာဆက်ဆံရေးကော်မတီက** မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် လွှတ်တော်ဆိုင်ရာညီလာခံများသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရာတွင် ညီလာခံတက်ရောက်ရခြင်းအကျိုးအပြည့်အဝရရှိရန် ကိုယ်စားလှယ်ဦးရေကို တိုးမြှင့်စေလွှတ်သင့်ပါကြောင်း၊ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပရာတွင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အခြားသော လွှတ်တော်ဆိုင်ရာလုပ်ငန်းများကြောင့် ရုံးချိန်ကျော်လွန်မှုကျင်းပရသဖြင့် သင်တန်း၊ ဆွေးနွေးပွဲအပေါ် စိတ်ဝင်စားမှုနည်းကြသည့်အတွက် နည်းလမ်းရှာကြံစဉ်းစားသင့်ပါကြောင်း အကြံပြုတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်(၁၈)ခုဖြင့် ပြန်လည်ပေးပို့သည့် **နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် ထောက်ခံဆွေးနွေးတင်ပြကြသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြင်ဆင်ချက်(၇)ခုကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုခဲ့ပြီး ကျန်ရှိသော ပြင်ဆင်ချက်(၁၁)ခုကို ဆက်လက်ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း ကြေညာသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၉)ရက် မြောက်နေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

### အမျိုးသားလွှတ်တော်အစည်းအဝေး

# စိုက်ပျိုးထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းများကို ပုဂ္ဂလိကသို့ လွှတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထား

**နေပြည်တော် ဇန်နဝါရီ ၂၅**

အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းခြင်း၊ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးခြင်း၊ အစီရင်ခံစာတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသည့်မေးခွန်း(၃)ခုအား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို**ကို လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးသိမ်းဆွေက တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထိုအကြောင်းကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင်လည်း ပြဋ္ဌာန်းထားရှိပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ်အရင်းအနှီးကို



ဒုတိယဝန်ကြီး ဦးအုန်းသန်း။

ပုံဏ္ဍာန်အမျိုးမျိုးနှင့် ပြင်ပမှ အတိုးနှုန်းဖြင့် ချေးယူနေကြရပါကြောင်း၊ အကြွေးဆပ်ပြီးသည့်အခါ ဝမ်းစာအတွက် မကျန်တော့သည့် တောင်သူလယ်သမားများကို တွေ့မြင်နေရပါကြောင်း၊ ထို့ပြင် တောင်သူလယ်သမားများ စပါးပေါ်ချိန် စပါးပေါက်ဈေးသည် အရေးကြီးပါကြောင်း၊ ထွန်ယက်စိုက်ပျိုးချိန်မှစ၍ စပါးပေါ်ချိန်အထိ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်သည် စပါးပေါက်ဈေးထက် လျော့နည်းကွာဟနေမှသာ တောင်သူလယ်သမားများအတွက် အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ အကျိုးအမြတ်များရရှိနိုင်စေရန် ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်းနှင့် စိုက်ပျိုးချိန်တွင် ပြင်ပမှ စိုက်ပျိုးစရိတ်အရင်းအနှီးအတွက် အတိုးနှုန်းဖြင့် ချေးယူခြင်းကို သက်သာစေရန် စိုက်ပျိုးစရိတ်ချေးငွေများကိုတိုး၍ ထုတ်ချေးပေးသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇)မှ ဦးမင်းဦးက တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးခြင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ပေးခြင်းများ လုပ်ဆောင်ပေးရုံမျှဖြင့် လုံလောက်မည် မဟုတ်ပါကြောင်း၊ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်စေရန် နေရာဒေသအလိုက် သင့်လျော်သည့် ဖြည့်ဆည်းမှုအဖြစ် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးမှု၊ သွင်းအားစုများ ပြည့်မီစွာထည့်သွင်းနိုင်ရန်အတွက် လုံလောက်သောချေးငွေများ ရရှိမှု၊ ချေးငွေကို စီမံခန့်ခွဲသုံးစွဲနိုင်မည့် စွမ်းဆောင်ရည် မြှင့်တင်ပေးမှု၊ ကျေးလက်၊ တောင်သူအခြေပြု စိုက်ပျိုးရေးပညာပေး ဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပို့ချပြီး ဦးဆောင်တောင်သူလယ်သမားများ၊ စိုက်ပျိုးရေး အထူးပြုများ မွေးထုတ်ပေးမှု၊ ဈေးကွက်သတင်းအချက်အလက် ဝန်ဆောင်မှုနှင့် လုပ်ငန်းခွင် ကွင်းဆက်တစ်လျှောက်တွင် တောင်သူလယ်သမားများ၏ဝေစု ထိုက်ထိုက်တန်တန်ရရှိမှုများကို ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် စပါးဈေးနှုန်းသည် ထုတ်လုပ်မှုစရိတ်အောက်လျော့နည်းပါက တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရန် နိုင်ငံတော်အရန်ဆန်ဝယ်ယူခြင်းစနစ်ဖြင့် ဈေးကွက်ထိန်းညှိပေးလျက်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် ဆန်စပါးဈေးနှုန်းနှင့်ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ ရောင်းဝယ်ခြင်းများကို ပုဂ္ဂလိကသို့ လွှတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊



မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ။

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်မည့် Finished Product နှင့် အဆင့်မြင့်ကုန်ချောများ ထုတ်လုပ်ပြီး ခေတ်မီအဆင့်မြင့် ကုန်ချောထုတ်စက်ရုံများ အပြည့်အဝပေါ်ထွန်းလာရေး စည်းရုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊

တောင်သူလယ်သမားများအတွက် ချေးငွေအရင်းအနှီး ပိုမို၍ထုတ်ချေးပေးနိုင်ပါက ကုန်ထုတ်လုပ်မှု တိုးတက်လာပြီး အသားတင်ထုတ်လုပ်မှုတန်ဖိုး တိုးတက်လာမည်ဖြစ်သဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စပါးတစ်ဧကလျှင် ကျပ် ၁၂၀၀၀၀ အထိ တိုးမြှင့် ထုတ်ချေးပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့သော်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေ သုံးစွဲနိုင်မှု အခြေအနေအရ တိုးမြှင့်ထုတ်ချေးနိုင်ခြင်း မရှိသေးပါကြောင်း၊

တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် အရင်းအနှီးရရှိစေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေကို ယခင်အစိုးရကာလအတွင်း စပါးသီးနှံနှင့် ကြံသီးနှံများအား တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းသာ ထုတ်ချေးပေးခဲ့ရာမှ ယခုအစိုးရကာလအတွင်း တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်း ထုတ်ချေးခဲ့ပါကြောင်း၊ အတိုးနှုန်းကိုလည်း ယခင်က တစ်နှစ်လျှင် ၁၇ ရာခိုင်နှုန်း၊ တစ်လလျှင် ၁ ကျပ် ၄၂ ပြားနှုန်း ကောက်ခံခဲ့ရာမှ ယခုအခါ တစ်နှစ်လျှင် ၅ ရာခိုင်နှုန်း၊ တစ်လလျှင် ၄၂ ပြားနှုန်းသို့ လျှော့ချကောက်ခံလျက်ရှိသဖြင့် တောင်သူလယ်သမားများ အနေဖြင့် စိုက်ပျိုးစရိတ်အရင်းအနှီးများကို ပိုမိုရရှိလာသည့်အပြင် အတိုးနှုန်း သုံးပုံနှစ်ပုံခန့် သက်သာလျက်ရှိပါကြောင်း။

ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်များ ထုတ်ချေးပေးနေသကဲ့သို့ သမဝါယမဝန်ကြီးဌာနမှလည်း ကျေးရွာသမဝါယမအသင်းများ ကျယ်ပြန့်စွာဖွဲ့စည်းပြီး တောင်သူများသို့ စပါးသီးနှံတစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းသည်။

အဆိုပါအဆိုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးမောင်အေးထွန်းက ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်က အဆိုတင်သွင်းကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

**(သတင်းစဉ်)**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

# Myanmar National Symphony Orchestra Concert- 2016 တေးဂီတဖျော်ဖြေပွဲ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး တက်ရောက်ကြည့်ရှုအားပေး






**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်နိုင်ငံမှ တေးဂီတပညာရှင်ဂီတမှူး မစ္စတာ ယူနိုစုခဲ ယာမာမိုတို ဦးဆောင်သော အနုပညာရှင်အဖွဲ့တို့ ပူးပေါင်းဖျော်ဖြေသည့် Myanmar National Symphony Orchestra Concert- 2016 ဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။**(အပေါ်ပုံ)**

ဂီတဖျော်ဖြေပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဂျပန်နိုင်ငံမှ တေးဂီတပညာရှင် ဂီတမှူး မစ္စတာ ယူနိုစုခဲ ယာမာမိုတိုနှင့်ဇနီး စန္ဒရားပညာရှင် မစ္စ ကျိုးကို ကိုယာမနှင့် ကမ္ဘာကျော် ဂျက်ဇ်ဂီတပညာရှင် မစ္စတာ ယိုစုခဲ ယာနာရှိတတို့က ကမ္ဘာကျော်ဂန္ထဝင်တေးသွားများနှင့် ရုပ်ရှင်တေးများ၊ ဂျက်ဇ်တေးသွားများနှင့် မြန်မာလူမျိုးများအတွက် မရိုးနိုင်သည့် မြန်မာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့က ဂျပန်ဂီတပညာရှင် လေးဦးတို့အား ဂုဏ်ပြုပန်းစည်းပေးအပ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက နိုင်ငံတော်သံစုံတီးဝိုင်းအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်ဇနီးတို့သည် ဂီတပညာရှင်များ၊ ဖျော်ဖြေပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

နိုင်ငံတော်သံစုံတီးဝိုင်းကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမေရိကန်၊ အင်္ဂလန်၊ ဩစတြီးယား၊ ဂျာမနီ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ ကျော်ကြားသည့် ဂီတပညာရှင်များထံမှ ဂီတပညာရပ်များကို ဆည်းပူးလေ့လာခဲ့ကြသည်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံများသို့လည်း ပညာတော်သင်သွားရောက်ခဲ့ကြသကဲ့သို့ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ သွားရောက်ဖျော်ဖြေခဲ့ကြသည်။ ၂၀၁၃ ခုနှစ်အကုန်နှင့် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ရန်ကုန်နှင့်မန္တလေး မြို့ကြီးများအပြင် ကမ္ဘောဒီးယားနိုင်ငံရှိ ရှေးဟောင်းအန်ကောဝပ်ဘုရားကျောင်း၌ ပြင်သစ်ဂီတပညာရှင်များနှင့်ပူးပေါင်း၍ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် မြို့မတူရိယာအသင်း နှစ်(၉၀)ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြို့မတူရိယာအသင်းတို့ ပူးပေါင်းကာ မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် လေးရက်ကြာဖျော်ဖြေ တင်ဆက်ခဲ့သည်။

ဂျပန်လူမျိုး တေးဂီတပညာရှင် ဂီတမှူး မစ္စတာ ယူနိုစုခဲ ယာမာမိုတိုနှင့် ဇနီး မစ္စကျိုးကို ကိုယာမတို့သည် မြန်မာမိတ်ဆွေများ၏ ဖိတ်ကြားချက်အရ ၂၀၁၃ ခုနှစ် မေလတွင် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိခဲ့ကြပြီး မြန်မာလူမျိုးတို့၏ ရင်းနှီးဖော်ရွေမှုနှင့် ဂီတကပေါင်းစပ်ပေးလိုက်သည့် ရေစက်တို့ကြောင့် ၎င်းအချိန်မှ အစပြုကာ ဂီတနှင့်ပတ်သက်သည့် လွယ်ကူရိုးရှင်းသော လေ့ကျင့်ခန်းများနှင့် အစမ်းလေ့ကျင့်ပွဲများကို လုပ်ဆောင်ခဲ့ကြကြောင်း၊ ၎င်းနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံတော်သံစုံတီးဝိုင်းနှင့်အတူ ဂီတအစီအစဉ်တစ်ခုကို စတင်ရိုက်ကူးခဲ့ရာမှ မြန်မာနိုင်ငံ သံစုံတီးဝိုင်းနှင့်အတူ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက မြန်မာနိုင်ငံရှိ ဂီတလှုပ်ရှားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မစ္စတာ ယူနိုစုခဲ ယာမာမိုတိုခေါင်းဆောင်သော အနုပညာရှင်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား တေးဂီတဌာနခွဲမှ နိုင်ငံတော် သံစုံတီးဝိုင်းအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဖျော်ဖြေပွဲအတွက်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့နှင့် ပူးပေါင်းဖျော်ဖြေတင်ဆက်ရန်အတွက်လည်းကောင်း မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်လာရောက်၍ လေ့ကျင့်သင်ကြားပေးခဲ့သည့်အပြင် ၂၀၁၃ ခုနှစ် မတ် ၂ ရက်၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ပွဲများ ကျင်းပခဲ့ပြီး TV Program များလည်း ရိုက်ကူးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြင်းစာနှင့်နေ့တွက်ခမကိုက်သဖြင့် မင်းဘူးမြို့တွင် မြင်းလှည်းရှားပါးလာ

**မင်းဘူး ဇန်နဝါရီ ၂၅**

မင်းဘူးမြို့နယ်အတွင်း သုံးဘီးဆိုင်ကယ်ယာဉ်များနှင့် ဆိုင်ကယ်(ကယ်ရီ)များ တိုးမြှင့်ပြေးဆွဲလာမှုကြောင့် မြင်းလှည်းများ ပျောက်ကွယ်လုနီးပါးဖြစ်နေကြောင်းကို ဒေသခံများက ပြောသည်။

မင်းဘူးမြို့တွင် လွန်ခဲ့သော ငါးနှစ်လောက်အထိ မြင်းလှည်းအစီးရေ ၂၀၀ ကျော်ရှိခဲ့ပြီး မြင်းစာနှင့် နေ့တွက်ခ မကိုက်သဖြင့် ယခုလက်ရှိတွင် မြင်းလှည်းစီးရေ ၄၀ ခန့်သာရှိတော့ကြောင်း သိရသည်။

"အရင်ခေတ်နှင့်မတူတော့ပါဘူး။ ဆိုင်ကယ်(ကယ်ရီ)တွေ၊ သုံးဘီးယာဉ်တွေဟာ ဈေးပတ်ဝန်းကျင် မြင်းလှည်းဂိတ်တွေမှာ ဂိတ်ထိုးကြပြီး မြင်းလှည်းခနှင့် အပြိုင်လိုက်ပြီး ခရီးသည်ပို့ဆောင်ပေးတော့ ကျွန်တော်တို့ မြင်းလှည်းသမားတွေ အလိုက်ပါးပြီး မြင်းစာဖိုးရအောင်မနည်းလိုက်နေရတယ်။ အလုပ်လုပ်ရတာသိပ်မကောင်းတော့ဘူး"ဟု မင်းဘူးဒေသခံ မြင်းလှည်းမောင်းသူ ကိုစံလင်းအောင်က ပြောသည်။

သူတို့က စက်တပ်ယာဉ်တွေဆိုတော့ ခရီးပေါက်တာ၊ မြန်ဆန်မှုရှိတာတွေကြောင့် ခရီးသည်တွေက ဆိုင်ကယ်နှင့် သုံးဘီးယာဉ်တွေကို ပိုပြီးအစီးများလာတယ်။ အလုပ်အကိုင်အဆင်မပြေကျတော့ တချို့လည်းမြင်းလှည်းရောင်းပြီး လုပ်ငန်းပြောင်းလုပ်နေတာတွေရှိတယ်။ ဒါကြောင့် အခုနောက်ပိုင်းမြင်းလှည်းတွေ ရှားပါးလာပါတယ်"ဟု ၎င်းကပြောသည်။

မြင်းအတွက်အစာစရိတ်မြင့်မားလာခြင်း၊ မိသားစုစားဝတ်နေရေး နေ့စဉ်ဝင်ငွေလုံလောက်မှုမရှိခြင်း၊ မြင်းတန်ဖိုးနှင့် လှည်းတန်ဖိုးမှာလည်း ယနေ့ကာလတွင် သုံးဘီးဆိုင်ကယ်တစ်စီးဖိုးလောက်အထိရှိနေသဖြင့် တချို့မှာ



မြင်းလှည်းရောင်းပြီး သုံးဘီးဆိုင်ကယ်ထောင်ကာ ခရီးသည်ပို့ဆောင်ပြေးဆွဲနေကြောင်းကို သိရသည်။

"ကျွန်တော့်အဖေက ကျွန်တော်တို့ငယ်စဉ်ကတည်းက မြင်းလှည်းထောင်ပြီး ရှာကျွေးခဲ့တာပါ။ အဲဒီနောက် ကျွန်တော်လည်း မြင်းလှည်းမောင်းရင်း မိသားစုစားဝတ်နေရေးကို ကူညီပြီးလုပ်ကိုင်ခဲ့တယ်။ အခုနောက်ပိုင်းမှာ ဆိုင်ကယ်တွေ၊ သုံးဘီးတွေပေါ်လာပြီး မြင်းလှည်းလိုက်ရတာအဆင်မပြေတော့ဘူး။ တစ်နေ့ကိုကျပ် ၅၀၀၀၊ ၆၀၀၀ လောက်ရအောင် မနည်းရှာရတယ်။ မြင်းစာဖိုးက တစ်နေ့ကို ၂၀၀၀၊ ၃၀၀၀ ဖိုးလောက်ဝယ်ကျွေးရတော့ ကိုယ့်မိသားစုအတွက် သိပ်မကျန်တော့ဘူး။ အဲဒါကြောင့် မနှစ်က မြင်းလှည်းရောင်းပြီး သုံးဘီးဆိုင်ကယ်ဝယ်ပြီး အလုပ်ပြောင်းလုပ်နေပါတယ်"ဟု မြင်းလှည်းမောင်းသူဘဝမှ သုံးဘီးယာဉ်မောင်းလုပ်ကိုင်နေသူ ကိုဝင်းလွင်ဦးက ပြောသည်။

ယနေ့ကာလတွင် မြင်းတစ်ကောင်(အသင့်)ကို ကျပ်ငါးသိန်း၊ ခြောက်သိန်းခန့်ရှိပြီး မြင်းကောင်းဝယ်ရင်လည်း တစ်ကောင်ကို ကျပ် ၁၀ သိန်းဝန်းကျင်ဈေးရှိကြောင်း၊ မြင်းလှည်းကတော့ ကျပ် သုံးသိန်းဝန်းကျင်လောက်ဈေးရှိကြောင်း၊ ကျန်ရှိနေသော မြင်းလှည်းများမှာ မိဘအမွေအဖြစ် ဆက်လက်လုပ်ကိုင်ခြင်း၊ ဝါသနာအရ မြင်းမွေးမြူထားသူများသာ မြင်းလှည်းအလုပ်ကို ဆက်လက်လုပ်ကိုင်နေကြကြောင်း ၎င်းကပြောသည်။

မင်းဘူးမြို့ မြို့မဈေးပတ်ဝန်းကျင် မြင်းလှည်းဂိတ်များတွင် ဆိုင်ကယ်(ကယ်ရီ)များ ပြေးဆွဲခွင့်လိုင်စင်မဲ့ သုံးဘီးယာဉ်များမှ ခရီးသည်အပြိုင်လုတင်ကြရာ မကြာခဏ မြင်းလှည်းမောင်းသူများနှင့် ခိုက်ရန်ဖြစ်ပွားမှုများ ကြုံတွေ့နေရကြောင်း မြင်းလှည်းမောင်းသူများထံမှ သိရသည်။ **ဖိုးထက်(မင်းဘူး)**

# ပေါင်မြို့နယ် မုတ္တမမြို့၌ စာပေဟောပြောပွဲများ ကျင်းပမည်

**ပေါင် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမမြို့၌ စာပေချစ်မြတ်နိုးသူများ ကျင်းပသော "လူငယ်နှင့်အနာဂတ်" စာပေဟောပြောပွဲကို ဇန်နဝါရီလ ၂၈၊ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် အထက(မုတ္တမ)ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၎င်းစာပေဟောပြောပွဲတွင် ဆရာချစ်ဦးညို၊ ဆရာအော်ပီကျယ်၊ ဆရာကြည်မင်း၊ ဒေါက်တာခင်မောင်ညို၊ အကယ်ဒမီဆွေဇင်ထိုက်တို့မှ စာပေအသိပညာများ ဟောပြောမည်ဖြစ်ပြီး စာပေဟောပြောပွဲအထိမ်းအမှတ်အဖြစ် မုတ္တမမြို့ရှိလူငယ်များ စာပေများကို ပြန်လည်ဖတ်ရှုလေ့လာစေရန် ရည်ရွယ်၍ မုတ္တမမြို့ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။ **ပေါင်မြို့နယ်(ပြန်/ဆက်)**

## ပြည်တွင်းရေးရာ

**❒ ကျောဖုံးမှ**

အဆင်ပြေစေရန်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများအား တင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတကမှာကြားရာတွင် ကျိုက်ထီးရိုးဒေသသည် ရှည်လျားသည့် သမိုင်းကြောင်းနောက်ခံရှိပြီး တစ်မျိုးသားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီး၏ တည်နေပုံမှာလည်း သဘာဝအံ့ဖွယ်(Natural Wonder)ဖြစ်ရာ အမျိုးသားရေးရတနာအဖြစ် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဂုဏ်သတင်းထင်ရှားကျော်ကြားမှုကြောင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ နှစ်အလိုက် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသည်များ လာရောက်မှုတိုးတက်များပြားလာလျက်ရှိရာ ၂၀၁၀ ခုနှစ်က ဘုရားဖူး ကိုးသိန်းကျော်ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၂၁ သိန်းကျော်အထိ တိုးတက်များပြားလာသည်ကို တွေ့ရှိရပါကြောင်း။

အရှေ့တောင်အာရှ ကုန်သွယ်မှုလမ်းမကြီးဖြစ်သော ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကို ဖြတ်သန်းဆက်သွယ်မည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ပတ်ဝန်းကျင်ဒေသသည် ယဉ်ကျေးမှုနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီးပွားရေးဇုန်ကြီးအဖြစ် ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာကောင်းများရှိနေပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် အမြော်အမြင်ရှိရှိ စီမံသွားရန်လိုပါကြောင်း၊ သို့ပါ၍ ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲစေရန် ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ကျိုက်ထီးရိုးဒေသ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လူမှုဘဝလုံခြုံရေးများ စီမံဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ သဘာဝခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကိုလည်း မြှင့်တင်သွားရန် လိုအပ်ပါကြောင်း။

ကျိုက်ထီးရိုးဒေသ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ထိန်းသိမ်းရေးအတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးနှင့် အဓိကရေထွက်ဒေသများ ပုံမှန်တည်တံ့ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောပြုစုပျိုးထောင်ရေးဆိုင်ရာလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဒေသတွင် မိုးသည်းထန်မှုကြောင့် တောင်ပြိုမှု၊ မုန်တိုင်းဒဏ်ကြောင့် တောင်တက်လမ်းတစ်လျှောက် သစ်ပင်ကြီးများပြိုလဲပိတ်ဆို့မှု၊ လျှပ်စီးလက်မှုစသည့် သဘာဝဘေးဒဏ်များ ကြုံတွေ့ခံရသည်ဟု မှတ်တမ်းများအရ သိရှိရပါကြောင်း။

ထို့ကြောင့် သဘာဝဘေးကြုံတွေ့နိုင်ခြေများကို သုတေသနပြု ဆန်းစစ်လေ့လာခြင်း၊ ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ ကြိုတင်လုပ်ဆောင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ပါက ထိရောက်လျင်မြန်စွာတုံ့ပြန်နိုင်ရန် စီမံထားရှိခြင်းစသည့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ရင်ပြင်တော်နှင့် ရင်ပြင်တော်တစ်ဝိုက်တွင် ဘူမိသဘာဝ မြေသားဖွဲ့စည်းမှုနှင့် ခိုင်မာမှုကိုထိပါးစေမည့် မြေသားလုပ်ငန်းများ လုံးဝ လုပ်ဆောင်ခြင်းမပြုရန် ပညာပေးခြင်း၊ ဥပဒေအရ အရေးယူခြင်းများဖြင့် ထိရောက်စွာ တားဆီးသွားရန်လိုအပ်ပါကြောင်း။

ယခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ် ရင်ပြင်တော်ပေါ်တွင် နောက်ထပ် ဟိုတယ်၊ တည်းခိုခန်း၊ ဈေးဆိုင်၊ လူနေအိမ်များ တိုးချဲ့ဆောက်လုပ်ခြင်းမပြုလုပ်ရန်၊ သဘာဝဘေးဒဏ်ကြောင့် မြေပြိုမှုများမဖြစ်စေရေးအတွက် အဆောက်အအုံများ၏ ကြံ့ခိုင်မှုများကိုစစ်ဆေးရန်၊ ဘုရားဖူးခရီးသည်များ ရင်ပြင်ပေါ်တွင် အိပ်စက်ရန်မလိုဘဲ အေးချမ်းစွာဘုရားဖူးနိုင်အောင် စီစဉ်ပေးရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ရန်၊ ပြည်နယ်အစိုးရနှင့် ဂေါပကအဖွဲ့တို့ပူးပေါင်းပြီး အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ရင်ပြင်တော်သန့်ရှင်းရေး၊ ရေလုံလောက်စွာရရှိရေး၊ ဘုရားဖူးများ စိတ်လက်ချမ်းသာစွာ ညအိပ်တည်းခိုနိုင်ရေးအတွက် ကြားစခန်းများတွင် အဆောက်အအုံများ ဆောက်လုပ်ပေးရေး၊ တောင်တက်လမ်းတစ်လျှောက် ယာဉ်အန္တရာယ်ဘေးကင်းလုံခြုံရေး၊ အမှိုက်သရိုက်နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ မိလ္လာစနစ် ကောင်းမွန်ရေးတို့ စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်ဝန်းကျင်ဒေသများ ရေရှည်တည်တံ့မှုဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ စိမ်းလန်းစိုပြည်ရေးတို့အတွက် ကျိုက်ထီးရိုးစေတီတော်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးစီမံကိန်းကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရဌာနများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံသက်ကြီးဝါကြီး ရပ်မိရပ်ဖပါဝင်သည့်အဖွဲ့ဖြင့် ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကျိုက်ထီးရိုးဒေသ ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် လူထု၏ ထောက်ပြဝေဖန်မှုများကိုလည်း အလေးထားထည့်သွင်း စဉ်းစားသွားရမည်ဖြစ်ကြောင်း။

ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး စီမံချက်ရေးဆွဲရာတွင်လည်း ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများ တက်ကြွစွာပူးပေါင်းပါဝင်စေရေး၊ ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများနှင့် လူမှုစီးပွားအခြေအနေတိုးတက်စေရေး၊ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးများ ထိန်းသိမ်းစောင့်ရှောက်တတ်စေရေး၊ လှူဒါန်းရရှိသည့်ငွေများ စနစ်တကျခွဲဝေသုံးစွဲရေး၊ ထိရောက်သည့် ကြီးကြပ်ဆန်းစစ်မှု စနစ်တစ်ရပ်ထူထောင်၍ စောင့်ကြည့်ကြပ်မတ်သွားရေးတို့ကို ထည့်သွင်းစဉ်းစားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ဖွင့်လှစ်ထားသည့် ဈေးဆိုင်များ၊ ဈေးဆိုင်ပိုင်ရှင်များနှင့် ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် သမိုင်းဝင် မုဆိုးတောင်စေတီတော်ကို ဖူးမြော်ကြည်ညိုပြီး စေတီတော်ရင်ပြင်မှ ကျိုက်ထီးရိုးတောင်တော် ပတ်ဝန်းကျင်တွင် တည်ဆောက်ထားသည့် အဆောက်အအုံများကို ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညာဏ်ထွန်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သမိုင်းဝင်အထင်ကရစေတီများနှင့် ရဟန္တာပုဂ္ဂိုလ်ထူးတို့၏နေရာများကိုလည်း ယဉ်ကျေးမှုနယ်မြေအဖြစ်သတ်မှတ်သင့်

**စစ်ကိုင်း ဇန်နဝါရီ ၂၅**

ဟန်လင်းပျူယဉ်ကျေးမှုနယ်မြေကဲ့သို့ ကန့်ဘလူမြို့နယ် မြေဒူးဒေသကို ယဉ်ကျေးမှုနယ်မြေအဖြစ်လည်းကောင်း၊ မြောင်မြို့နယ် ပရိမ္မကျေးရွာ ကျန်စစ်သား မွေးရပ်မြေ မဟာဗန္ဓုလနှင့် ဆရာစံ မွေးရပ်မြေ၊ ရဟန္တာပုဂ္ဂိုလ်ထူးကြီးများ၏မွေးရပ်မြေများကို ယဉ်ကျေးမှုနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်နိုင်ပါက စစ်ကိုင်းတိုင်းဒေသကြီးတွင် ယဉ်ကျေးမှုနယ်မြေများကျယ်ပြန့်ကာ ပိုမိုတည်တံ့နိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ တန်ခိုးကြီးဘုရားတွေအဖြစ် ခင်ဦးမြို့နယ်မှာ အညာသီဟတောဘုရား၊ စစ်ကိုင်းမြို့နယ်မှာ စစ်ကိုင်းတောင်ဘုရားတွေနဲ့ ကောင်းမှုတော်စေတီ၊ မင်းကွန်းတောင်ရိုးက စေတီတွေနဲ့ ခေါင်းလောင်းကြီးတို့တည်ရှိနေတာ အများအသိပါပဲ။ နှစ်စဉ် ၁၂ ရာသီ ဘုရားပွဲတော်တွေကိုလည်း သူ့ဒေသနဲ့ သူ့ဓလေ့စရိုက်တွေအတိုင်း ကျင်းပနေကြပါတယ်။ ဒ့ါအပြင် ဝါးချက်မင်းကျောင်းဆရာတော်၊ မန်လည်ဆရာတော်၊ ဝေဘူဆရာတော်၊ လယ်တီဆရာတော်၊ မိုးညှင်းဆရာတော်၊ ကြောင်ပန်းဆရာတော်၊ ခန္တီးဆရာတော်၊ ပထမရွှေကျင်ဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်ကြီးများရဲ့မွေးရပ်မြေနဲ့ ပထမဆုံး တိပိဋကဓရမင်းကွန်းဆရာတော်ကြီးနှင့် ဗောဓိတထောင်ဆရာတော်ကြီးများရဲ့ သီတင်းသုံးရာတွေအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးထဲမှာ တည်ရှိနေပါတယ်။ ဒါတွေကို ယဉ်ကျေးမှုနယ်မြေအဖြစ်သတ်မှတ်ပြီး ထိန်းသိမ်းနိုင်ရင် တိုင်းဒေသကြီးရဲ့ ယဉ်ကျေးမှုနယ်မြေ ပိုမိုတည်တံ့ကျယ်ပြန့်နိုင်မယ်လို့ မြင်ပါတယ်" ဟု ဒေါက်တာခင်မောင်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယဉ်ကျေးမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယဉ်ကျေးမှုနယ်မြေများ အရှည်တည်တံ့နိုင်ရန် တိုင်းဒေသကြီးအစိုးရမှ ဒေသခံများနှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးသင့်သကဲ့သို့ ယဉ်ကျေးမှုအဆောက်အအုံများ၊ စေတီပုထိုးများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် အစိုးရအဖွဲ့က အမြဲကြီးကြပ်ဆောင်ရွက်ပေးသင့်ကြောင်း ဒေါက်တာခင်မောင်ဝင်းထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**● မြန်မာနိုင်ငံမှ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောကြားခဲ့သည်။

အချိန်အခါမဟုတ် မိုးရွာခြင်းသည် ၂၀၁၆ ခုနှစ်၏ ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံး နေရာအတော်များများတွင် ရွာသွန်းလျက်ရှိပြီး ဇန်နဝါရီ ၂၀ ရက်မှစတင်ကာ ရွာသွန်းခဲ့သောမိုးသည် ဇန်နဝါရီ ၂၇ ရက်အထိ ရွာသွန်းဖွယ်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"ပြီးခဲ့တဲ့ ရက်ပိုင်းတွေက ရွာတော့ရွာတယ် နည်းတယ်။ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်နဲ့ မကွေးတိုင်းဒေသကြီးတို့မှာတော့ ဇန်နဝါရီ ၂၄ ရက်မှာ စရွာတယ်။ တရုတ်နိုင်ငံဘက်ကလာတဲ့ လေဖိအားကြီးရပ်ဝန်းက မြန်မာနိုင်ငံအရှေ့ပိုင်းကို တည့်တည့်တိုးဝင်ရင်တော့ အချိန်အခါမဟုတ် မိုးရွာဖို့ ရာခိုင်နှုန်းများတယ်။ လက်ရှိမှာက မြန်မာနိုင်ငံအရှေ့ပိုင်းကို တိုးဝင်တာမဟုတ်ဘဲနဲ့ ဗီယက်နမ်နိုင်ငံဘက်ကို တိုးဝင်နေတယ်။ အားလည်းကောင်းတယ်။

ဗီယက်နမ်ဘက်ကို တိုးဝင်တဲ့အခါမှာ အရှေ့မြောက်မုတ်သုံက ဗီယက်နမ်ကိုကျော်ပြီးတော့ ထိုင်းပင်လယ်ကွေ့ကိုဖြတ်ပြီး မြန်မာနိုင်ငံဘက်ကို ပြန်ကွေ့လာတယ်။ ပြန်ကွေ့လာတဲ့အခါမှာ ရေခိုး၊ ရေငွေ့တွေ သယ်ဆောင်လာတဲ့အတွက် မြန်မာနိုင်ငံမှာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေ ဖြစ်လာတာပါ"ဟု ဦးလှထွန်းက ပြောသည်။

ဆက်လက်၍ ယခုလိုဆောင်းရာသီတွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများဖြစ်ပေါ်တတ်ခြင်းနှင့်ပတ်သက်၍ "အချိန်အခါမဟုတ် မိုးရွာတာတွေက အခုလိုရာသီမှာ မကြာခဏဆိုသလို ဖြစ်တတ်တယ်။ ပြီးခဲ့တဲ့ ၂၀၁၅ နှစ်ဆန်းပိုင်းတုန်းကလည်း အချိန်အခါမဟုတ်ဘဲနဲ့ သုံး၊ လေးကြိမ်လောက် မိုးရွာတယ်။ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်း ဒီဇင်ဘာမှာတောင် တချို့နေရာတွေမှာ မိုးရွာသေးတယ်။ ၂၀၁၆ ခုနှစ်မှာတော့ အခုတစ်ကြိမ်က ပထမဆုံးအကြိမ်ပါ။ မုတ်သုံမလာမီကာလစပ်ကြားမှာ အရှေ့ဘက်လေပွေလှိုင်းတွေတိုးဝင်မှုတွေရှိမယ်။ အဲဒါဆိုရင် မြန်မာနိုင်ငံအရှေ့ပိုင်း၊ တောင်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေမှာ မိုးရွာမယ်။ အနောက်ဘက်က လေပွေလှိုင်းတိုးဝင်မှုရှိတယ်ဆိုရင်တော့ မြန်မာနိုင်ငံမြောက်ပိုင်း ချင်းပြည်နယ်၊ မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းဒေသကြီးမှာ မိုးရွာသွန်းမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။

နှစ်တစ်နှစ်အတွင်းမှာ ဘယ်နှကြိမ် ဘယ်နှခါ ရွာမယ်ဆိုတာ ခန့်မှန်းဖို့ခက်ပေမယ့် လေပွေလှိုင်းတွေ ရောက်လာရင်တော့ မိုးရွာသွန်းဖို့ သေချာသလောက်ရှိပါတယ်။ ဒီနေ့ဆိုရင် ရှမ်းပြည်နယ်ဘက်မှာ မိုးရေချိန် တစ်လက်မနီးပါးလောက်အထိ ရွာသွန်းခဲ့ပါတယ်"ဟု ဦးလှထွန်းက ဆက်လက်ပြောကြားသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဇန်နဝါရီ ၂၆ ရက် တိုင်းထွာချက်အရ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း ဖော်ပြထားသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

## ❂ ရွှေဖုံးမှ

မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ တစ်ညတာ ကိန်းဝပ်စံပယ်အပူဇော်ခံမည်ဖြစ်ရာ ရောက်ရှိချိန်မှစ၍ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

"အခုဓာတ်တော်က အနှစ်နှစ်ထောင်ကျော်ရှိပြီ ဖြစ်ပါတယ်။ လဒတ်ပြည်နယ်မှာရှိတဲ့ မြတ်စွာဘုရားရဲ့ ဓာတ်တော်လေးဆူထဲက အထွတ်မြတ်ဆုံးဓာတ်တော်ဖြစ်ပါတယ်။ ကျန်တဲ့အရိုးဓာတ်တော် သုံးခုက အခုဓာတ်တော်ထက် ငယ်ပါတယ်။

လဒတ်ပြည်နယ်မှာ ဘုန်းတော်ကြီးကျောင်း ၂၀၀ ကျော်နဲ့ နီပေါမှာ ၁၀၀ ကျော်ရှိပါတယ်။ ဓာတ်တော်တွေရဲ့ လုံခြုံရေးအတွက် ဓာတ်တော်တွေဟာ တစ်ကျောင်းပြီး တစ်ကျောင်း ကိန်းဝပ်စံပယ်ပါတယ်။ အခုဓာတ်တော်ဟာ လဒတ်ပြည်နယ်ကနေ ပထမဆုံးအကြိမ် ပင့်ဆောင်ခွင့်ပြုချိန်မှာ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်မှာပဲ ကြွချီတာဖြစ်တဲ့အတွက် ပိုပြီးကံထူးတယ်လို့ ခံစားရပါတယ်။



၂၇ ရက်နေ့မှာ ဓာတ်တော်ကို ရွှေတိဂုံစေတီတော်သို့ ပင့်ဆောင်ပါမယ်။ ပြီးရင် ဆီမီး ၁၀၀၀ ပူဇော်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆုတောင်းပွဲကြီး ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်" ဟု မြတ်စွာဘုရား၏ ဓာတ်တော်ပင့်ဆောင်ရေးအဖွဲ့ဝင် မစ္စတာမက်ပတေးက ပြောသည်။

မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် ဇန်နဝါရီ ၂၆ ရက်တွင် တောင်ငူမြို့နှင့် အုတ်ဖိုမြို့နယ်သို့ ဆက်လက်ကြွချီမည်ဖြစ်ပြီး တောင်ငူမြို့တွင် ခေတ္တအပူဇော်ခံ ရပ်နားမည်ဖြစ်ကာ အုတ်ဖိုမြို့နယ် ဥတိုမြို့သစ်ရှိ အောင်ချမ်းသာဘုရားဝင်း၌ ညအိပ်ရပ်နား ကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ဇန်နဝါရီ ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ဆက်လက်ကြွချီမည်ဖြစ်ပြီး ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ၂၈ ရက်အထိ နှစ်ညတာ ကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်သည်။ ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ကြွချီတော်မူမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဗုဒ္ဓအရိုးဓာတ်တော် ရွှေတိဂုံစေတီတော်၌ နှစ်ညတာ ကိန်းဝပ်စံပယ်အပူဇော်ခံမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကမ္ဘာ့ဗုဒ္ဓဘာသာငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်ထိ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၌ အောင်မြင်စွာကျင်းပခဲ့သည်။ ယင်းအခမ်းအနား၌ ဖူးမြော်ကြည်ညိုနိုင်ရန် အိန္ဒိယနိုင်ငံ ဟိမဝန္တာမှ ပင့်ဆောင်လာသည့် ဗုဒ္ဓရှင်တော်မြတ်၏ အရိုးဓာတ်တော်သည် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းကောင်းမှုတော်၊ မန္တလေးမြို့၊ နေပြည်တော်၊ မိတ္ထီလာ၊ တောင်ငူမြို့တို့၌ အပူဇော်ခံပြီးနောက် ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အပူဇော်ခံရန် ဒေသစာရီကြွချီရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓရှင်တော်မြတ်၏ အရိုးဓာတ်တော်သည် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေအနီး ချမ်းသာကြီးတန်ဆောင်းယာယီစံကျောင်းပလ္လင်တော်၌ ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းမှ ၂၈ ရက် ညပိုင်းထိ နှစ်ညတာကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်သည်။

ဗုဒ္ဓရှင်တော်မြတ်၏ အရိုးဓာတ်တော်အား ချမ်းသာကြီးတန်ဆောင်းယာယီစံကျောင်းတော်သို့ ဘာသာရေးထုံးတမ်းစဉ်လာနှင့်အညီ ကြိုဆိုပင့်ဆောင်ရေးနှင့် ရဟန်းရှင်လူ ပြည်သူများ လွယ်လင့်တကူ အေးချမ်းစွာ အပူဇော်ခံနိုင်ရေးတို့အတွက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က စီစဉ်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါဗုဒ္ဓဓာတ်တော်သည် ဇန်နဝါရီ ၂၉ ရက်တွင် အိန္ဒိယနိုင်ငံ ဟိမဝန္တာသို့ ပြန်လည်ကြွချီမည်ဖြစ်သည်။ **(ကိုချစ်)**



## ❖ ဖျာပုံမှ

လူတိုင်းမွေးဖွားချိန်မှ သေဆုံးချိန်အထိ ရေလိုအပ်လျက်ရှိပြီး လူတစ်ဦးတစ်လီတာ ရေသန့်ဘူး(သုံးဘူး) နေ့စဉ်သောက်သုံးရန်လိုအပ်ကြောင်း ဆေးပညာရှင်များ မှတ်ချက်ပြုထားကြသည်။ အညာဒေသမှ လူများက "ရွှေကိုမလို ရေကိုသာလိုသည်" ဟု ပြောကြသည်။ သက်ရှိသတ္တဝါတို့အတွက် သောက်သုံးရန်နှင့် စိုက်ပျိုးရန် ရေသည် မရှိမဖြစ်ပေ။

မရှိမဖြစ်သောရေသည် မြန်မာပြည်အရပ်ရပ်တွင် နွေရာသီရောက်တိုင်း တစ်နှစ်ထက်တစ်နှစ် ရှားပါးပြတ်လပ်မှုများတိုး၍ တွေ့ကြုံခံစားလာရကြောင်း သိရသည်။ ကမ္ဘာ့လူဦးရေ တိုးပွားလျက်ရှိသကဲ့သို့ မြန်မာ့လူဦးရေကလည်း တိုးပွားလျက်ရှိနေသည်။ လူဦးရေတိုးပွားမှုများ လာလေ ရေအခက်အခဲပိုမိုကြီးမားလာမည်ဖြစ်သည်။ သို့အတွက် နယ်မြေဒေသတိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရန် ရေလုံလောက်စွာရရှိရေးကို နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအကူအညီ၊ ပြည်တွင်း NGO အဖွဲ့များနှင့် စေတနာရှင် အလှူရှင်များ၏ အကူအညီများ ရယူကာ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင် ဖျာပုံမြို့သည် မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်တွင် တည်ရှိပြီး ပင်လယ်နှင့် ၁၂ မိုင်ခန့်ကွာဝေးသည်။ ပင်လယ်နှင့် ကိုက် ၅၀ အကွာတွင် ရေတွင်းတူးက သောက်သုံးရေ ရရှိနိုင်သည်ဟု သင်ကြားခဲ့ရသော်လည်း အချို့နေရာများတွင်မရရှိကြောင်း ကိုယ်တွေ့ကြုံမှ သိရသည်။ မြစ်ဝကျွန်းပေါ်ဒေသသည် သဘာဝအနေအထားအရ အညာဒေသနှင့်နှိုင်းယှဉ်ပါက သောက်သုံးရေ နေရာတိုင်းရရှိနိုင်သည်ဟု ထင်ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဖျာပုံခရိုင် ဖျာပုံမြို့တွင် တစ်ချိန်က ရေအရင်းအမြစ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့က မြို့မရပ်ကွက်များနှင့် ဖျာပုံမြို့ ပတ်ဝန်းကျင်နေရာများစွာတို့တွင် အဝီစိတွင်းများ စမ်းသပ်တူးဖော်ခဲ့ကြသည်။ ရေကြည်သော်လည်း မည်မျှအနက်တူးတူး အငန်ဓာတ်ပါသဖြင့် ရေချိုရေကောင်းရေသန့် ရရှိရေး လက်လျှော့ခဲ့ရကြောင်း သိရသည်။ သို့အတွက် ဖျာပုံမြို့သည် သောက်ရေနှင့် သုံးရေရှားပါးသည့် မြို့တစ်မြို့ဖြစ်သည်။ သောက်ရေအတွက် မိုးတွင်းကာလတွင် မိုးရေကို မိမိတို့အိမ်တွင် နည်းအမျိုးမျိုးဖြင့် သိုလှောင်ထားကြရသကဲ့သို့ မြို့မရပ်ကွက်များအတွင်း မိုးရေသိုလှောင်ရန် တောင်ပိုင်းကန်တော်ကြီးရေကန်နှင့် မြောက်ပိုင်း ချောင်းတွင်းရေကန် အပါအဝင် မြေသားတည်မိုးရေလှောင်ကန် ၆၀ ကျော်ဖြင့် သိုလှောင်ထားရသည်။ မိုးရွာသွန်းမှုနည်းပါးသည့်နှစ်တွင် သောက်ရေအခက်အခဲ ကြုံတွေ့ရသည်။

အနာဂတ်ကာလ ဖျာပုံမြို့သူမြို့သားတို့ ရေအတွက် ပူပင်သောကရောက်ရန်မလိုတော့ပါ။ ဖျာပုံမြစ်ရေကို အဆင့်မြင့်သန့်စင်ပြီး မြို့မရပ်ကွက် ၁၉ ရပ်ကွက် ရှိသည့်အနက် ရပ်ကွက်ပေါင်း ၁၃ ရပ်ကွက်မှ အိမ်ထောင်စုပေါင်း ၄၀၇၀ မှ လူဦးရေပေါင်း ၃၀၀၀၀ အတွက် တစ်ရက်လျှင် ရေဂါလန်ပေါင်း ခြောက်သိန်းတို့အား ရေကောင်းရေသန့် ပေးဝေနိုင်ရေးကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် JICA(ODA Loan) ဖြင့် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖျာပုံမြို့ (၆)လမ်းတွင်နေထိုင်သည့် အသက်(၈၀)ရှိ အဘ ဦးကောင်းလှက "အဘက ဖျာပုံမှာမွေး၊ ဖျာပုံမှာ အခြေချပြီး ကြီးပြင်းလာတာပါ။ ဖျာပုံမြို့မှာ သောက်ရေအဖြစ် မိုးရေကို အဓိကထားပြီး သုံးရကတော့ မြစ်၊ ချောင်းများနဲ့ မြစ်ချောင်းများက စီးဝင်လာတဲ့ မြောင်းရေကို သုံးရပါတယ်။ မြေသားနဲ့ တည်ဆောက်ထားတဲ့ မိုးရေသိုလှောင်ကန်တွေရှိပေမယ့် မိုးနည်းတဲ့နှစ်တွေမှာ တိုးတက်လာတဲ့လူဦးရေနဲ့ ရေကန်က မမျှတတော့ ရေပြတ်တာတွေလည်း ကြုံတွေ့ခဲ့ရတယ်။ ဒီကြားထဲ တပေါင်းလနဲ့ တန်ခူးလတွေမှာ ဖျာပုံမြစ်ထဲ ပင်လယ်ရေဝင်လာရင် ရေအခက်အခဲကြုံတွေ့ခဲ့ရတဲ့နှစ်တွေလည်း ရှိနေတယ်။ အခုလိုမြစ်ရေကို သန့်စင်ပြီး မြို့ရေပေးဝေမယ်ဆိုတော့ အဘအလွန်ဝမ်းသာပါတယ်။ အဘတို့ သားမြေးမြစ်တွေ ရေအတွက် သောကမရောက်တော့ဘူးပေါ့"ဟု ပြောကြားသည်။

ဖျာပုံမြစ်ရေအား ရေကောင်းရေသန့်အဖြစ် ထုတ်လုပ်ပေးနိုင်ရန် JICA (ODA Loan) ဂျပန်နှစ်ရှည်ချေးငွေ မြန်မာငွေကျပ် သန်းလေးထောင်(လေးဘီလီယံ)ကျော်ဖြင့် လုပ်ကိုင်မည်ဖြစ်ပြီး ချေးငွေကာလ နှစ် ၄၀ သတ်မှတ်၍ ပထမ ၁၀ နှစ် ဆိုင်းငံ့ထားကာ ကျန်နှစ်များတွင် ချေးငွေအား ပြန်ဆပ်ရမည်ဖြစ်ကြောင်း၊ မြို့နေပြည်သူများ ရေလုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ဖျာပုံမြို့ (၅)လမ်းရှိ ကန်အမှတ်(၂)ကို ရေစုကန်၊ ကန်အမှတ်(၁)ကို ရေစစ်ကန်အဖြစ် တည်ဆောက်ပြီး ဇူလိုင်လတွင် ရေပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဇန်နဝါရီ ၂၅ ရက်အထိ တည်ဆောက်မှု ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်က ပြောသည်။

အချုပ်ဆိုရသော် ဖျာပုံမြို့တွင် ရပ်ကွက်ပေါင်း ၁၉ ရပ်ကွက်ရှိ၍ JICA (ODA Loan) ဖြင့် ရပ်ကွက် ၁၃ ရပ်ကွက်တို့အား တစ်ရက်လျှင် မြစ်ရေသန့်စင်ပြီး ရေဂါလန် ခြောက်သိန်း ပေးဝေမည်ဖြစ်သလို ကျန်ရပ်ကွက်များဖြစ်သည့် ၁၇၊ ၁၈၊ ၁၉၊ ၁၃၊ ၁၄၊ ၁၆ ရပ်ကွက်တို့ကို ရေဂါလန် ၃၅ သန်း၊ မိုးရေသိုလှောင်ထားသည့် တောင်ပိုင်းကန်တော်ကြီးနှင့် ရေဂါလန် သန်း ၂၀ မိုးရေသိုလှောင်ထားသည့် မြောက်ပိုင်းချောင်းတွင်း ကန်တော်ကြီးတို့မှ လက်ရှိပေးဝေနေသည့် စနစ်အတိုင်း ပေးဝေသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရှိရသည်။

"အရိပ်လိုချင် နေပူကစောင့်" ဆိုသည့်အတိုင်း ရေအခက်အခဲကို နှစ်ပေါင်းများစွာ တွေ့ကြုံခံစားခဲ့ပြီးဖြစ်သည့် ဖျာပုံမြို့နေပြည်သူများအနေဖြင့် အလှမ်းမဝေးတော့သည့် ကာလတွင် ရေကောင်း၊ ရေသန့်များ လုံလောက်စွာရရှိတော့မည့်အရေး တွေးရင်းဖြင့် JICA (ODA Loan) စီမံချက်ပါလုပ်ငန်းစဉ်များ လွယ်ကူစွာ ပြီးမြောက်ပါစေကြောင်း စစ်မှန်သည့် ဆန္ဒမွန်ဖြင့် ဆုတောင်းရင်းစောင့်မျှော်ကြိုဆိုလျက်ပါ။ ။

**အောင်ဝင်း(ဖျာပုံ)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ နှင့် ၂၂ တို့ကို ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သည့် ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၇ (၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေးဥပဒေ)၊ ဥပဒေအမှတ် ၁၈ (၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေ)၊ ဥပဒေအမှတ် ၁၉ (၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ)၊ ဥပဒေအမှတ် ၂၀ (ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ)၊ ဥပဒေအမှတ် ၂၁ (၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ)နှင့် ဥပဒေအမှတ် ၂၂ (၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ)တို့ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေများကို ဇန်နဝါရီ ၂၈ ရက်မှ စတင်၍ နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**




# စာပေနှင့်ယဉ်ကျေးမှုအနုပညာရှင်များ တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ မြန်မာ-တရုတ်နှစ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော မင်္ဂလာမဂ္ဂဇင်းရန်ကုန်ရုံးခွဲမှ နှစ်သစ်ကူးအကြိုအဖြစ် မြန်မာနိုင်ငံမှ စာပေနှင့်ယဉ်ကျေးမှုအနုပညာရှင်များတွေ့ဆုံပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ဦးစွာ မင်္ဂလာမဂ္ဂဇင်း(ရန်ကုန်ရုံးခွဲတာဝန်ခံ)Meng Fen (ခ)ဒေါ်ကြည်လင်းက ယခုထက်ပိုမို၍နှစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ အနုပညာစာပေကဏ္ဍများကိုမြှင့်တင်နိုင်ရန် ခေတ်မီပညာရပ်များဖြင့် နီးနှောဖလှယ်ခြင်း၊ နှစ်နိုင်ငံအပြန်အလှန်ခရီးသွားလေ့လာမှုများပြုလုပ်ခြင်းဖြင့် ချစ်ကြည်ရင်းနှီးမှုကိုအခွန့်ရှည်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကြာမီကာလအတွင်း မင်္ဂလာမီဒီယာနှင့် ယဉ်ကျေးမှုအနုပညာအသင်း ပေါ်ပေါက်လာရေးအတွက် ယခုတက်ရောက်လာသူများ၊ ဧည့်သည်တော်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို အကြံဉာဏ်များ ပေးကြပါရန်ပြောကြားခဲ့သည်။ ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဦးမောင်မောင်မြင့်အေး(အယ်ဒီတာချုပ်- ရောင်ပြန်မဂ္ဂဇင်း) ဦးမျိုးဟိန်း (ရုပ်ရှင်ဒါရိုက်တာ)၊ မြတ်စိုး-လှိုင်(သတင်းဆရာ) ပန်းချီနီပိုဦးနှင့် ကာတွန်း အာယုတို့က အသင်းဖွဲ့စည်းနိုင်ရေးအတွက် အကြံပြု အမှာစကားများကို ပြောကြားကြပြီး ပန်းချီဇော်ဇော်(ရန်ကင်း)MODERN ARTIST ဆုအိန္ဒြာ၊ ဒါရိုက်တာဦးမျိုးဟိန်း၊ ပန်းချီကျော်တင့်နှင့် ပန်းချီမြတ်ကျော်တို့က နှစ်ကူးလက်ဆောင်အမှတ်တရပန်းချီကားများပေးအပ်ကြပြီး စုပေါင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# တာချီလိတ်မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**တာချီလိတ် ဇန်နဝါရီ ၂၅**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအဖြစ် မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို တာချီလိတ်မြို့ ဝမ်ကောင်းမြို့မဈေးသစ်ကြီးတွင် ဇန်နဝါရီ ၂၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။



မီးငြှိမ်းသတ်မှု သရုပ်ပြပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သူ ဦးဆောင်ပြီး မီးငြှိမ်းသတ်ယာဉ် လေးစီး၊ မီးသတ်စက်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့် သန္ဓေတပ်ဖွဲ့ဝင် ၂၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ဈေးကြီးအား မီးသတ်ပိုက်ဖြင့် ရေဖျန်းပက်ငြှိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြုလေ့ကျင့်ခြင်းနှင့် ရှာဖွေကယ်ဆယ်ခြင်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်း၊ အင်ဂျင်နီယာမှူး ဦးလှမျိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီ အဖွဲ့ဝင်များ၊ ဈေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးသူ ဈေးသားများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



လျှပ်စစ်သံပိုးတိုင်ဟောင်းများအား ကွန်ကရစ်တိုင်များနှင့်လဲလှယ်

**ဒိုက်ဦး ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့၌ မြို့တွင်းဓာတ်အားလိုင်းများ ပိုမိုကောင်းမွန်စေရန်အတွက် လျှပ်စစ်သံတိုင်ဟောင်းများကို ကွန်ကရစ်တိုင်များနှင့်လဲလှယ်တပ်ဆင်ခြင်းအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအာကာထက်ပိုင်ဆွေနှင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

"မနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ယာယီဓာတ်အားပိတ်ထားပြီး မြို့ထဲက အိုဟောင်းနေတဲ့ သံတိုင်တွေ၊ အောက်ခြေပြတ်သံတိုင်တွေကို ကွန်ကရစ်တိုင်အသစ်တွေနဲ့ လဲလှယ်ပေးခဲ့ပါတယ်။ ဓာတ်အားမပိတ်ခင် မိဘပြည်သူတွေသိရှိနိုင်ဖို့ တစ်ရက်ကြိုတင်ပြီး အသံချဲ့စက်နဲ့ မြို့အနှံ့ဓာတ်အားပိတ်မယ့်အကြောင်း ဆော်ဩပေးခဲ့ပါတယ်"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

ဒိုက်ဦးမြို့ဝင်လမ်းမှ လေးကျွန်းတာဆုံအထိ ကွန်ကရစ်တိုင်အသစ် ၂၄ တိုင် လဲလှယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

# ဒလမြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်များ ဈေးနှုန်းညှိနှိုင်းချရောင်းချမှုများကြောင့် ယာဉ်မောင်းများအဆင်ပြေ

**ဒလ ဇန်နဝါရီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချရေးအသင်း၏ ညှိနှိုင်းဈေးများဖြင့် ရောင်းချလျက်ရှိသောကြောင့် ယာဉ်မောင်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ် စက်သုံးဆီအရောင်းဆိုင်များတွင် ညှိနှိုင်းဈေးနှုန်းများဖြင့် စက်သုံးဆီများအား ဇန်နဝါရီ ၁၈ ရက်မှ စတင်ရောင်းချလျက်ရှိပြီး စက်သုံးဆီအမျိုးအစားအလိုက် ဈေးနှုန်းများကိုလည်း အများမြင်သာသည့်နေရာတွင် ကပ်ထားကြောင်း Hello စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။



ဒလမြို့နယ်တွင် စက်သုံးဆီအရောင်းဆိုင်နှစ်ဆိုင်ရှိပြီး စက်သုံးဆီဈေးနှုန်းများကို သတ်မှတ်သောဈေးဖြင့်သာ ရောင်းချကြောင်း ရတနာစက်သုံးဆီအရောင်းဆိုင် ဝန်ထမ်းတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ စက်သုံးဆီဈေးနှုန်းများ ကျဆင်းမှုကြောင့် ယာဉ်မောင်းများ အဆင်ပြေလျက်ရှိကြောင်းကို "ဆီဈေးနှုန်းတွေကျတော့ အဆင်ပြေပါတယ်။ ငွေပေးရနည်းပြီး ဆီပိုရတယ်။ ဆီဆိုင်တွေက ဆီအရည်အသွေး စံချိန်လည်းပြည့်ဝတော့ ကျွန်တော်တို့အတွက် တွက်ခြေကိုက်ပါတယ်"ဟု Hello စက်သုံးဆီအရောင်းဆိုင်တွင် ဆီဖြည့်နေသည့် သုံးဘီးဆိုင်ကယ်မောင်းသူတစ်ဦးက ပြောသည်။

ဒလမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချရေးအသင်း၏ ညှိနှိုင်းဈေးနှုန်းများဖြစ်သော ဒီဇယ် တစ်လီတာလျှင်ကျပ် ၅၀၀၊ အဆင့်မြင့်ဒီဇယ် တစ်လီတာလျှင်ကျပ် ၅၆၀၊ အောက်တိန်း 92 တစ်လီတာကျပ် ၅၆၀ တို့ဖြင့် ဈေးနှုန်းချရောင်းချပေးနေမှုကြောင့် စက်သုံးဆီဝယ်ယူအသုံးပြုသူများ အဆင်ပြေလျက်ရှိကြောင်း သိသည်။

**မောင်ယဉ်ဦး(ဒလ)**

# မြောင်းမြတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မြောင်းမြ ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပိုလီယိုရောဂါပိုးကာကွယ်ခြင်းနှင့် အမြစ်ပြတ်ခြင်းအတွက် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြောင်းမြမြို့ မြို့ပေါ်ရပ်ကွက်ရုံးများနှင့် မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၇ နာရီက တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။

ဒေသအလိုက်ကာကွယ်ဆေးတိုက်ကျွေးရက်များကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ တိုင်းဒေသကြီး၊ ပြည်နယ် ၁၇ ခုလုံးရှိ မြို့နယ် ၃၃၀ လုံးတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံး အသက်အုပ်စုကျယ်ပြန့်စွာ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခဲ့ပြီး မြောင်းမြမြို့နယ်အတွင်း ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းကူညီပါဝင်မှုဖြင့် ပိုလီယိုရောဂါပိုး မြန်မာနိုင်ငံအတွင်း အပြီးတိုင်ပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

# ကာကွယ်သောကုထုံးနှင့် လူမှုကွန်ရက်မီဒီယာများအသုံးပြုခြင်းဖြင့် အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်နိုင်သည့်အခြေအနေများကို လျှော့ချနိုင်စွမ်းရှိ

**ရေး ဇန်နဝါရီ ၂၅**

အိပ်ချ်အိုင်ဗွီရောဂါပိုးရှိနေကြသော်လည်း ဆက်လက်ဘဝရှင်သန်ရပ်တည်နိုင်ရန် ၎င်းတို့အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ARTဆေးဝါးများကို အလွယ်တကူ ထုတ်ယူခွင့်ပေးထားပြီးဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လာရောက်ထုတ်ယူနိုင်ခြင်းမရှိဘဲ အခက်အခဲများနှင့် ကြုံတွေ့နေကြရကြောင်း သိရသည်။

"အိပ်ချ်အိုင်ဗွီရောဂါပိုးရှိသူတွေ အများစုက မြို့များသာမက နယ်ဘက်ဒေသတွေမှာပါ။ သူတို့ရဲ့လုပ်ငန်းခွင်ထိခိုက်မှာတွေ၊ ပွင့်လင်းဝန်ခံမှုမရှိတာတွေ၊ ပတ်ဝန်းကျင်က လျစ်လျူရှုခံရမှာတွေကြောင့် အစိုးရနဲ့ နိုင်ငံတကာ ပြည်တွင်းအခြေစိုက်လူမှုအဖွဲ့အစည်းတွေမှာ ဆေးဝါးထုတ်ယူမှုမရှိသလို အခက်အခဲတွေကြောင့် လာရောက်မထုတ်ယူနိုင်တဲ့အတွက် ဘဝဆက်လက်ရပ်တည်ရှင်သန်ဖို့အတွက် အားနည်းချက်တွေရှိနေပါတယ်။ ဒါ့အပြင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများ AIDS ရောဂါဖြစ်ပွားမှုနှုန်း ပိုမိုမြင့်တက်လာနေပါတယ်"ဟု ယင်းရောဂါခံစားနေရသူတစ်ဦးက ပြောသည်။

အိပ်ချ်အိုင်ဗွီရောဂါပိုးကူးစက်ခံနေရသည့် လိင်လုပ်သားများနှင့် ဆက်ဆံရာတွင် အကာအကွယ်အဖြစ် ကွန်ဒုံးသုံးစွဲမှု နည်းပါးနေသော၊ လမ်းပန်းဆက်သွယ်ရေး ဝေးလံသည့် နယ်ဒေသများတွင် ရောဂါဖြစ်ပွားကူးစက်မှုခံနေရသူနှုန်းမှာလည်း ပိုမိုများပြားလာလျက်ရှိပြီး ART ဆေးဝါးများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ထုတ်ယူနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများတွင် ကျွမ်းကျင်သော ကျန်းမာရေးဝန်ထမ်းလုပ်သားများ ပိုမိုတိုးမြှင့်နိုင်ရန်လည်း လိုအပ်သည်။

ယင်းအပြင် တစ်နိုင်တစ်ပိုင် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ရောဂါကူးစက်မှုနှုန်း လျှော့ချနိုင်မည်ဖြစ်ကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ လေ့လာဆန်းစစ်တွေ့ရှိချက်များအရ သိရသည်။

လက်ရှိတွင် AIDS ရောဂါ ကူးစက်ခံနေရသူ လိင်လုပ်သားများမှာ ARTဆေးဝါးကို သောက်သုံးသည့်အခါ CD4 စစ်ရန် စက်အခမဲ့ရသော်လည်း နည်းပညာရှင်လိုအပ်လျက်ရှိပြီး အိပ်ချ်အိုင်ဗွီပိုးကောင်ရေပမာဏ အလွယ်တကူသိရှိနိုင်ရန်အတွက်လည်း ပြင်ပနီးစပ်ရာဆေးခန်းများတွင် သွားရောက်စစ်ပါက ကျပ်တစ်သိန်းခွဲဝန်းကျင်ခန့် ပေးနေကြရသဖြင့် ၎င်းတို့အတွက် အဆင်မပြေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအခြေစိုက် မာရီစတုပ်အင်တာနေရှင်နယ်မြန်မာမှ ဒေါက်တာစစ်နိုင်က သက်ဆိုင်ရာဆရာဝန်များ၏ လမ်းညွှန်ချက်များအတိုင်း ရောဂါဖြစ်ပွားသူဟု သံသယရှိနေသူများအနေဖြင့် အလွယ်တကူ သွားရောက်သွေးစစ်နိုင်ရန် အရေးကြီးပြီး ရောဂါပိုးကူးစက်ခံရသည့် ရောဂါလက္ခဏာစစ်ဆေးတွေ့ရှိပါက ART ဆေးဝါးကို ပုံမှန်အတိုင်းသောက်သုံးရန် လိုအပ်လျက်ရှိသည်။

ဝေဒနာရှင်များ၏ အတွင်းရေးများကို ကာကွယ်ထိန်းသိမ်းသွားရန်နှင့် လူ့ပတ်ဝန်းကျင်ထဲ ဝင်ဆံ့စေရန် အားပေးဆွေးနွေးနှစ်သိမ့်စေခြင်းဖြင့် အိပ်ချ်အိုင်ဗွီပိုး ရောဂါဖြစ်ပွားမှု လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း AIDS ရောဂါဖြစ်ပွားမှုမှတ်တမ်းများအရ ရောဂါကူးစက်ခံနေရသူ ပေါင်းမှာ ၂၁၀၀၀၀ ခန့်ရှိပြီး ရောဂါပိုးကူးစက်ခံရသူ အများစုမှာ လိင်တူဆက်ဆံသောအမျိုးသားများ၊ မူးယစ်ဆေးထိုးသွင်းသူများနှင့် လိင်လုပ်သားများအကြားတွင် HIV/ AIDS ဖြစ်ပွားမှုနှုန်း ပိုမိုမြင့်မားနေသည်။

ယေဘုယျအားဖြင့် လူကြီးများတွင် HIV/ AIDS ဖြစ်ပွားမှုမှာ သုည ဒသမ ၅၄ ရာခိုင်နှုန်း၊ အမျိုးသမီးလိင်လုပ်သားတွင် HIV/ AIDS ဖြစ်ပွားမှုမှာ ၆ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဆန့်ကျင်ဘက်လိင်ခံယူထားသူများအကြားတွင် HIV/ AIDS ဖြစ်ပွားမှုမှာ ၆ ဒသမ ၆ ရာခိုင်နှုန်း၊ PWID မူးယစ်ဆေးထိုးသွင်းသူများအကြား HIV/ AIDS ဖြစ်ပွားမှုမှာ ၂၃ ဒသမ ၁ ရာခိုင်နှုန်းဖြစ်ကာ ဒေသဆိုင်ရာအာဏာပိုင်အုပ်ချုပ်ရေး ဝန်ဆောင်မှုများကြောင့် မြန်မာနိုင်ငံရှိ HIV/ AIDS ဝေဒနာရှင်များသည် အသက်ကယ်စေနိုင်သော ကုသချက်များအား ထိတွေ့ကုသခွင့်ရလာကြသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာလစာရင်းများအရ ရောဂါပိုးကူးစက်ခံရသူ ၁၀၁၀၀၀ ရှိပြီး Antieretroviralerapy ဖြင့် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီတုံ့ပြန်ချက်များကို အလျင်အမြန် ခြေရာခံလုပ်ဆောင်ခြင်းသည် ပိုမိုကျယ်ပြန့်သောအချက်ကို ကုသခြင်း၊ ကွန်ဒုံးနှင့် ဆေးထိုးအပ်များ လဲလှယ်ခြင်းကဲ့သို့ အမျိုးမျိုးသော ကာကွယ်နည်းများ ဆန်းသစ်ပြီး ရောဂါကိုဖော်ပြပြီး ကာကွယ်သောကုထုံးနှင့် လူမှုကွန်ရက်မီဒီယာအသုံးပြုခြင်းဖြင့် HIV/ AIDS ဖြစ်နိုင်သော အခြေအနေများကို လျှော့ချပေးနိုင်စွမ်းရှိကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

❑

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆ - ၁ - ၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-သံသာချိုအေးမင်္ဂလာတေး
၆း၁၅ ပြည်သူ့နီတိ "အချက်မသိတော့"
၆း၄၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၇း၅၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၇)
၈း၄၀ တေးဂီတအစီအစဉ်
၈း၅၅ ဟိုးတုန်းက. . . ရေဒီယိုအသံလွှင့်
ဇာတ်လမ်းများ "ကိုယ်ကျင့်တရား"
(ဘလိတ်၊ စောမြတ်နိုး၊ ငြိမ်းဖြူ)
[ဒါရိုက်တာ-သီတာလင်း
(Laurel ArtAcademy)]
၉း၅၀ ပြည်သူ့နီတိ "ရိုးရိုးကျင့်မြင့်မြင့်ကြံ"
၁၀း၀၅ China In Myanmar
Cultural Show
၁၀း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း
"ပျော်ပါစေရည်ရွယ်ရင်း"
(မြင့်မြတ်၊ ဟန်ထက်စော၊
မိုးဟေကို)
(ဒါရိုက်တာ-ကိုပေါက်)

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ "လူ့ပြည်မှအပြန်
သင်ဘာယူသွားမလဲ"
(အပိုင်း-၂)တရားတော်
[ဆရာတော် ဒေါက်တာအရှင်
ပညောဘာသ]
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၈၃)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(CVT သင်တန်းကျောင်း၏
သင်တန်းမိတ်ဆက်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၂)
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၂၀ သွားမယ် စားမယ် (Tony Roma)
၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၄၄)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွာ"
(အပိုင်း-၅)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၈၃)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၈၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွာ"
(အပိုင်း-၆)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၃)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၄၅)
၁၀း၁၀ အနုပညာမိုးကောင်းကင်
၁၀း၃၀ MRTV-4 Stage
၁၀း၅၅ World of Knowledge (Chasing Earthquakes)

## MWD

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၀ ဓမ္မပူဇာတေး
၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မှတ်တမ်း
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၇း၂၅ သင့်အတွက်တစ်နေ့တာ
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၈း၀၄ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
၈း၃၅ ခရီးလည်းသွားစကားလည်းဆို
၈း၄၅ မြဝတီနေ့စဉ်သတင်း
၉း၀၀ တည်ဆောက်ပြုပြင်
မြို့တော်တစ်ခွင်
၄း၀၈ တစ်ပတ်အတွင်း
စိုက်ပျိုးရေးသတင်း
၄း၁၅ အမျိုးသားရေးတေးကဗျာ
၄း၂၀ မျိုးချစ်တပ်မတော်
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၅ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ သာယာဦးကြွေးခေတ်ဆန်းတေး
၅း၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-ဂန္ဓဝင်မြောက်အမုန်း
အပိုင်း(၉၃)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ Let's Go
၆း၁၅ Dream Team
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရင်နှစ်သီးခြာချစ်လိပ်ပြာ
အပိုင်း(၆၁)
မြဝတီရုပ်မြင်သံကြားသတင်း
အမျိုးသားရေးတေးကဗျာ
ဒို့တာဝန်အရေး(၃)ပါး
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
VOA အင်္ဂလိပ်စာသင်ခန်းစာ
ဟာသရုပ်စုံ
ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဟိုတယ်ဘုရင် အပိုင်း(၄)

## mitv


07:26 History Of Wishfulfilling Mai-Lamu Pagoda
07:45 Visiting A Serene Village In
The Northwest Of Myanmar
08:26 A Snake Catcher
08:37 Ambassador's View
"Australia-Myanmar Bilateral Ties
09:48 Today Myanmar: Effects of El Nino
10:26 Yatana Theinga City and
Shwe Bon Yatanamingalar Palace
10:45 Elegant and Exquisite Myanmar Cotton Fabrics
Prime Time
07:27 A Day Out With Sarah (EP-6)

## ယခုသီတင်းပတ်အတွင်း ဇေးမာလစ်ခ်၏ တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထွက်ရှိမည်

နာမည်ကျော် ဗြိတိန်ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "One Direction"မှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေးမာလစ်ခ်ရဲ့ ပထမဦးဆုံးသော တေးအယ်လ်ဘမ် "Pillowtalk"ဟာ ယခုသီတင်းပတ်အတွင်း ထွက်ရှိတော့မှာဖြစ်ကြောင်း အေ့စ်ရှီးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ထွက်ရှိမယ့် သတင်းကို ဇေက သူ့ရဲ့လူမှုကွန်ရက်မီဒီယာက နေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဇေရဲ့ ဖော်ပြချက်အရ ယင်းတေးအယ်လ်ဘမ်ဟာ ဇန်နဝါရီ ၂၉ရက်မှာ စတင်ဖြန့်ချိသွားမှာဖြစ်ကြောင်း သိရပါတယ်။

ယင်းတေးအယ်လ်ဘမ်ဟာ ပြီးခဲ့တဲ့နှစ်က ဇေ" One Direction "မှ ထွက်ခွာခဲ့ပြီးနောက် ပထမဦးဆုံး ထွက်ရှိခဲ့တဲ့ သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ဇေဟာ "One Direction " ရဲ့ နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်တွေ မပြီးဆုံးခင်မှာပဲ အဖွဲ့ကနေ နုတ်ထွက်ခဲ့တာဖြစ်ပါတယ်။





# ရောင်းအားအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေတဲ့ "The Revenant"

ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ကျင်းပခဲ့သော ရွှေကမ္ဘာလုံးဆုပေးပွဲတွင် ဆုများရရှိခဲ့ပြီး အော်စကာဆုပေးပွဲကြီးတွင်လည်း ဆုလျာထားခံရသော မင်းသား လီယိုနာဒိုဒီကာပရီယို ခေါင်းဆောင်ပါဝင်ထားသည့် စွန့်စားခန်းရုပ်ရှင် "The Revenant"သည် ယခုသီတင်းပတ်အတွင်း အမေရိကန်လက်မှတ်အရောင်း ဌာန၏ စာရင်းများအရ ဝင်ငွေအများဆုံးရရှိထားသည့် ရောင်းအားအကောင်းဆုံးသော ရုပ်ရှင်ဖြစ်ကြောင်း အေ့စ်ရှီးဘေ့စ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါရုပ်ရှင်သည် နိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံပေါင်း ၃၇၁၁ ရုံမှ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၁၆သန်း ရရှိခဲ့သည်။ ထို့ပြင် နိုင်ငံတကာ ဈေးကွက် ၄၈ ခုမှ ဝင်ငွေစုစုပေါင်း အမရိကန်ဒေါ်လာ ၃၃ ဒသမ ၈ သန်းရရှိခဲ့သည်။

" The Revenant "သည် ၁၉၈၂ ခုနှစ်ကာလများကို အခြေခံရိုက်ကူးထားပြီး တောတွင်းအမဲလိုက်ကြသော အုပ်စုတစ်စုသည် တောတွင်းလူရိုင်းများ၏ တိုက်ခိုက်ခြင်းခံရပြီး တစ်ဦးချင်းစီ၏ အသက်ရှင်သန်မှုအတွက် ရုန်းကန်ရပုံများကို ရိုက်ကူးတင်ဆက်ထားသည်။ ယင်းရုပ်ရှင်တွင် လီယိုနာဒိုသည်လည်း ဝက်ဝံတစ်ကောင်၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ အဆိုပါရုပ်ရှင်ကို အမေရိကန်နိုင်ငံတစ်ဝန်း၌ ပြီးခဲ့သည့် ၂၀၁၅ ဒီဇင်ဘာ ၂၅ ရက်က စတင်ရုံတင်ခဲ့ခြင်းဖြစ်သည်။

မင်းသားကြီး ဟယ်ရီစင်ဖော့ထ်ခေါင်းဆောင်ပါဝင်သည့် "Star Wars"ရုပ်ရှင်သစ် "The Force Awakens" သည် ဒုတိယဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ရပ်တည်လျက်ရှိသည်။ ယခုသီတင်းပတ်အတွင်း ယင်းရုပ်ရှင်မှ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂ သန်းရရှိခဲ့သည်။ ယင်းသတ္တမမြောက် "Star Wars" ရုပ်ရှင်သည် ရုံတင်ပြသခဲ့သည့် သီတင်းပတ်ခြောက်ပတ်အတွင်း ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာ ၈၇၉ ဒသမ ၃သန်း ရရှိထားကြောင်း သိရသည်။

တတိယနေရာတွင် ရပ်တည်နေသောရုပ်ရှင်မှာ ပြီးခဲ့သည့်သီတင်းပတ်က ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့သည့် ရုပ်ရှင် "Ride Along 2" ဖြစ်ကာ ယခုတစ်ပတ်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၃ သန်းရရှိခဲ့သည်။

ယခုတစ်ပတ်အတွက် ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ငါးကားတွင် ပါဝင်သည့် အခြားသောရုပ်ရှင်များမှာ "The Dirty Grandpa" နှင့် "The Boy"တို့ ဖြစ်ကြသည်။

**အေးပြည့် - စုစည်းသည်**

# ဒရမ်မာရုပ်ရှင်သစ်အတွက် စဉ်းစားနေတဲ့ လီမင်ဟို



တောင်ကိုရီးယားရဲ့ ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ လီမင်ဟိုဟာ ၂၀၁၆ ခုနှစ်မှာ သူ့ရဲ့ပထမဦးဆုံးသောဒရမ်မာရုပ်ရှင်ကို ရိုက်ကူးသွားဖို့ လက်ခံစဉ်းစားနေကြောင်း ဒရမ်မာစတားစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ လီမင်ဟိုအတွက် ယခုလိုရိုက်ကူးပေးဖို့ ကမ်းလှမ်းလာခဲ့တဲ့ရုပ်ရှင်ရဲ့ ဇာတ်ညွှန်းကို ၂၀၁၅ ခုနှစ်အတွင်းက အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ "My Love from the Star " နဲ့ "Producer"ရုပ်ရှင်ကို ဇာတ်ညွှန်းရေးပေးခဲ့တဲ့ ဇာတ်ညွှန်းရေးဆရာ ပ့ါခ်ဂျီယွန် ရေးသားထားတာပဲ ဖြစ်ပါတယ်။

လီမင်ဟိုရဲ့ အေဂျင်စီဖြစ်တဲ့ စတားဟက်စ်အန်တာတိန်းမန့်ကလည်း "သူဟာ ပ့ါခ်ဂျီယွန်ဇာတ်ညွှန်းရေးသားပြီး လီမင်ဟိုရဲ့အောင်မြင်တဲ့ရုပ်ရှင်တွေထဲကတစ်ခုဖြစ်တဲ့ "City Hunter"(မြို့ပြမုဆိုး)ကို ရိုက်ကူးခဲ့တဲ့ဒါရိုက်တာ ဂျီဟွတ်ခ်ရိုက်ကူးပေးမယ့် ယခုရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်သွားဖို့ အလေးထားစဉ်းစားနေပါတယ်" လို့ ပြောကြားခဲ့ပါတယ်။

လီမင်ဟိုရဲ့ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ရုပ်ရှင် "Gangnam Blues" ဟာလည်းအောင်မြင်ခဲ့ပြီး သူ့ရဲ့ရုပ်ရှင်သစ်တစ်ကားဖြစ်တဲ့ "Bounty Hunters" ဟာလည်း ယခုနှစ်အတွင်း ထွက်ရှိမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ဟာ လီမင်ဟိုအတွက် အောင်မြင်မှုတွေယူလာပေးတဲ့နှစ်တစ်နှစ်လို့ ဆိုနိုင်ပါတယ်။ သူဟာ ၂၀၁၅ ခုနှစ်အတွင်းမှာ တောင်ကိုရီးယားခရီးသွားလုပ်ငန်းရဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ရွေးချယ်ခြင်းခံခဲ့ရပြီး ၂၀၁၈ မှာ ကျင်းပသွားမယ့် အိုလံပစ်ပွဲတော်ရဲ့ကိုယ်စားလှယ်တစ်ဦးအဖြစ်လည်း အရွေးချယ်ခံခဲ့ရပါတယ်။

လီမင်ဟိုဟာ ရုပ်ရှင်သစ်ကို လက်ခံရိုက်ကူးဖို့ စဉ်းစားနေသလို တစ်ချိန်တည်းမှာလည်း သူဟာ ၂၀၁၆ခုနှစ်အတွင်း စစ်မှုထမ်းရမယ်လို့လည်း သတင်းတွေ ထွက်နေပါတယ်။

# ဒီယေဂိုကော်စတာ ကြောင့် နောက်တစ်ကြိမ်ထပ်မံပေးဆပ်လိုက်ရပြန်ပြီဟု ဝင်းဂါး ဆို



ဇန်နဝါရီ ၂၄ ရက်က ယှဉ်ပြိုင်ခဲ့သော အာဆင်နယ်နှင့် ချယ်လ်ဆီးတို့၏ ပရီမီယာလိဂ် ပွဲစဉ်တွင် အာဆင်နယ်နောက်ခံလူ မာတီဆက်ကာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် အာဆင်နယ် နည်းပြဝင်းဂါးက ဒီယေဂိုကော်စတာ အတွက် နောက်ထပ်အာဆင်နယ်ကစားသမား တစ်ဦး ထပ်မံပေးဆပ်ခဲ့ရပြန်ပြီဟု ပြောကြားလိုက်သည်။ မာတီဆက်ကာမှာ ပွဲချိန် ၁၈ မိနစ်အရောက် ကော်စတာအား တားဆီးရင်း အဝင်ကြမ်းခဲ့သဖြင့် တိုက်ရိုက်အနီကတ်ပြသကာ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် တစ်ယောက်လျော့အနေအထားဖြင့် ကစားခဲ့ရပြီးနောက် ငါးမိနစ်အကြာတွင် ကော်စတာက ပွဲချိန် ၂၃ မိနစ်၌ ယင်းပွဲစဉ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အသင်း ကော်စတာပါတဲ့ ချယ်လ်ဆီးကို ရင်ဆိုင်တဲ့နှစ်ပွဲမှာ လူနှစ်ယောက် အထုတ်ခံရတယ်။ မာတီဆက်ကာကို ထုတ်ပယ်တဲ့ ဒိုင်လူကြီးရဲ့ဆုံးဖြတ်ချက်က မှားလား၊ မှန်လားဆိုတာ ကျွန်တော်မသိဘူး။ ဒါက ကော်စတာကို စွပ်စွဲတာ မဟုတ်ပါဘူး။ ဒါပေမယ့် ဒါက အမှန်တရားပဲလေ" ဟု ဝင်းဂါးက ဘီဘီစီသတင်းဌာနသို့ပြောကြားလိုက်သည်။

ယင်းပွဲစဉ်တွင် မာတီဆက်ကာ ထုတ်ပယ်ခံခဲ့ရခြင်းက ပွဲ၏ အဓိကအလှည့်အပြောင်းတစ်ရပ် ဖြစ်ခဲ့ပြီး အာဆင်နယ်မှာ ချယ်လ်ဆီးနှင့် တွေ့ဆုံတိုင်း ရလဒ်မကောင်းသည့် အစဉ်အလာအတိုင်း ပွဲအပြီးတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။ ယင်းသို့ ရှုံးနိမ့် ခဲ့သဖြင့် အာဆင်နယ်မှာ အမှတ်ပေးဇယားထိပ်ဆုံးနေရာမှ ဆင်းပေးခဲ့ရကာဦးဆောင်သူ လက်စတာအောက် သုံးမှတ်လျော့ အနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာသို့ ရောက်ရှိသွားခဲ့သည်။

အာဆင်နယ်သည် ချယ်လ်ဆီးနှင့် ရင်ဆိုင်ခဲ့သည့် ပွဲစဉ်များတွင် စုစုပေါင်း အနီကတ် ခုနစ်ကတ် အထိပြသခံခဲ့ရပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း စတန်းဖို့ဒ်ဘရစ်ချ်ကွင်းတွင် တွေ့ဆုံခဲ့စဉ်ကလည်း ဂါဘရီရယ်နှင့် ဆန်တီကာဇိုလာတို့ တိုက်ရိုက် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ယင်းပွဲ၌ပင် ကော်စတာမှာလည်း ကိုစီရယ်နီနှင့် ပြဿနာဖြစ်ပွားခဲ့ခြင်းကြောင့် ပွဲချိန်အတွင်း ထုတ်ပယ်မခံခဲ့ရသော်လည်း ပွဲအပြီးတွင် သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခံခဲ့ရသည်။

ဝင်းဂါးက မာတီဆက်ကာအနေဖြင့် ကော်စတာအား ထိမိခြင်း ရှိ၊ မရှိဆိုသည်ကို မသိရှိကြောင်း၊ မာတီဆက်ကာ တားဆီးချိန်တွင် ကော်စတာ၏အနေအထားမှာ လူကျွံနေသည် ဟုတ်၊ မဟုတ်ဆိုသည်ကိုလည်း မဆုံးဖြစ်နိုင်ကြောင်း၊ သို့သော် ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်မှာ အင်မတန် လျင်မြန်လွန်းခဲ့ကြောင်း၊ ဝဲလ်ကော့အား အရင် လူစားမလဲဘဲ ဂီရော့ဒ်အား လူစားလဲလှယ်ခဲ့ခြင်းမှာ နေရာလွတ်များ ပိုမိုရရှိလာစေရန်အတွက်သာ ဖြစ်ကြောင်း တစ်ဆက်တည်းပင် ရှင်းလင်းပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် အဆိုပါ နိုင်ပွဲကြောင့် အမှတ်ပေးဇယား အဆင့်(၁၃)နေရာသို့ တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်ရာ ချယ်လ်ဆီးနည်းပြ ဟစ်ဒင့်က ရာသီသိမ်းချိန်တွင် အဆင့်(၄)နေရာသို့ ဝင်ရောက်ရန် စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ချယ်လ်ဆီး ပရိသတ်များကို အာမခံချက်ပေးခဲ့သည်။ **(မေလှဲ့သင်း)**

## ပီအက်စ်ဂျီအသင်းသို့ အော့ဘာမီယန် ပြောင်းရွှေ့မည်မဟုတ်ဟုဆို

ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ တိုက်စစ်မှူး အော့ဘာမီယန်သည် ပြင်သစ်ပထမတန်းချန်ပီယံ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားမည် မဟုတ်ကြောင်းနှင့် ပြင်သစ်မြေသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆန္ဒမရှိသေးကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ဂါဘွန်ကြယ်ပွင့် တိုက်စစ်မှူး အော့ဘာမီယန်သည် ဒေါ့မွန်အသင်းတွင် ပွဲပေါင်း ၂၇ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ၂၇ ဂိုးအထိသွင်းယူထားနိုင်ခဲ့ပြီး ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင်လည်း ထိပ်ဆုံးမှဦးဆောင်နေသည့် ဘိုင်ယန်မြူးနစ်အသင်း၏အောက် အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် ယခုအပြောင်းအရွှေ့ကာလတွင် တိုက်စစ်မှူးတစ်ဦးခေါ်ယူရန် ရှိနေကြောင်း အကြံပြုပြောကြားခဲ့သော်လည်း တိုက်စစ်မှူး အော့ဘာမီယန်ကမူ လက်ရှိကလပ် ဒေါ့မွန်အသင်း၌သာ ဆက်ကစားမည်ဟုဆိုသည်။

တိုက်စစ်မှူးအော့ဘာမီယန်မှာ ပြင်သစ်ပထမတန်းကလပ် စိန့်အက်စ်တီယန် အသင်းတွင် အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးသူဖြစ်ပြီး လက်ရှိတွင်လည်း စိန့်အက်စ်တီယန်အသင်း၏ ပရိသတ်တစ်ဦးအဖြစ် ရှိနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး အော့ဘာမီယန်သည် ၂၀၁၅ ခုနှစ်အတွင်းက နိုင်ငံ လက်ရွေးစင်အသင်းတွင်ရော ကလပ်အသင်းမှာပါ အကောင်းဆုံးခြေစွမ်းပြ ကစားနိုင်ခဲ့ခြင်းကြောင့် အာဖရိကကစားသမားများဖြစ်သည့် ယာယာတိုရေး၊ အန်ဒရီအေးရီးတို့ကို ကျော်ဖြတ်ကာ ၂၀၁၅ ခုနှစ်၏ အာဖရိကတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကိုလည်း ဆွတ်ခူးထားခဲ့သူဖြစ်သည်။

**(ငွေကြယ်)**



## အယ်လ်ဂျီးရီးယား တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆု လက်စတာတိုက်စစ်မှူး မာရက်ဇ် ဆွတ်ခူး

လက်စတာစီးတီးအသင်းမှ အယ်လ်ဂျီးရီးယားကြယ်ပွင့် တိုက်စစ်မှူး မာရက်ဇ်သည် ဘောလုံးသမားများနှင့် မီဒီယာများ၏ မဲပေးရွေးချယ်မှုအရ အယ်လ်ဂျီးရီးယား တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

တိုက်စစ်မှူး မာရက်ဇ်သည် အဆိုပါအယ်လ်ဂျီးရီးယား တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပေါ်တိုတိုက်စစ်မှူး ဘရာဟီမီကို ကျော်ဖြတ်ကာရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး အာရပ်ကမ္ဘာမှ ဘောလုံးသမားများနှင့် မီဒီယာများက မဲပေးရွေးချယ်ခဲ့သည့် အယ်လ်ဂျီးရီးယား တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို အယ်လ်ဟက်ဒက်ဖ်သတင်းစာက ထုတ်ပြန်ကြေညာပေးခဲ့ ခြင်းဖြစ်သည်။

လက်စတာစီးတီးတိုက်စစ်မှူး မာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် လက်စတာစီးတီး အသင်းအား ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှဦးဆောင်နိုင်ရန် အဓိကစွမ်းဆောင်ရည်ကောင်းများကို ပြသနိုင်ခဲ့ပြီး ပရီမီယာလိဂ်ပွဲစဉ်(၂၂)ပွဲတွင် သွင်းဂိုး ၁၃ ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးနိုင်မှုတွင်လည်း ခုနစ်ကြိမ်အထိ ဖန်တီးပေးနိုင်ခဲ့သည်။ အယ်လ်ဂျီးရီးယား တစ်နှစ်တာအကောင်းဆုံး ကစားသမား ဆု အတွက် မဲပေးရွေးချယ်ခဲ့ရာတွင် လက်စတာ တိုက်စစ်မှူးမာရက်ဇ်သည် ၂၉ ဒသမ ၅ ရာခိုင်နှုန်း၊ ပေါ်တိုတိုက်စစ်မှူး ဘရာဟီမီသည် ၂၈ ဒသမ ၈ ရာခိုင်နှုန်း၊ စပို့တင်းကစားသမား ဆလီမာနီသည် ၁၇ ဒသမ ၃ ရာခိုင်နှုန်း၊ နာပိုလီနောက်ခံလူ ဂူလမ်သည် ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဗလင်စီယာကစား သမား ဖီဂူလီသည် ၆ ဒသမ ၅ ရာခိုင်နှုန်း စသည်ဖြင့် အသီးသီးရပ်တည်ခဲ့ကြောင်း သိရသည်။ (ငွေကြယ်)




## ဇန်နဝါရီဈေးကွက်တွင် ကစားသမားသစ်များ ထပ်မံခေါ်ယူမည်မဟုတ်ဟု ဇီဒန်းအတည်ပြု

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် အပြောင်းအရွှေ့ကာလနှစ်ကြိမ်တိုင် ကစားသမားခေါ်ယူခွင့် ပိတ်သိမ်းခံထားရသော်လည်း ယခုဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်အတွင်း မည်သည့်ကစားသမားသစ် တစ်ဦးတစ်ယောက်ကိုမျှ ထပ်မံခေါ်ယူမည်မဟုတ်ကြောင်း ရီးယဲလ်နည်းပြ ဇီဒန်းက ဆိုလိုက်သည်။ ရီးယဲလ် မက်ဒရစ်သည် လာလီဂါပွဲစဉ်(၂၁)တွင် ဘက်တစ်အသင်းအား တစ်ဂိုးစီသရေရလဒ်သာ ကစားနိုင်ခဲ့ရာ ဦးဆောင်သူ ဘာစီလိုနာထက် တစ်ပွဲပို ကစား လေးမှတ်လျော့အနေအထားဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာတွင် ရပ်တည်နေသည်။

မက်ဒရစ်အခြေစိုက် ကလပ်အသင်းနှစ်ခုဖြစ်သည့် ရီးယဲလ်မက်ဒရစ်နှင့် အက်သလက်တီကိုမက်ဒရစ် နှစ်သင်းလုံးသည် လူငယ်ကစားသမားခေါ်ယူမှုတွင် သက်ဆိုင်ရာမှ ပြဋ္ဌာန်းထားသော စည်းမျဉ်းများကို ချိုးဖောက်ခဲ့သည့်အတွက် အပြောင်းအရွှေ့ဈေးကွက်နှစ်ကြိမ်(၂၀၁၆ခုနှစ် ဇူလိုင်/ ဩဂုတ်၊ ၂၀၁၇ခုနှစ် ဇန်နဝါရီ) ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံထားရသည်။ သို့သော် ဇီဒန်းက လက်ရှိကစားသမားအင်အားဖြင့်ပင် ချန်ပီယံအဖြစ် အောင်ပွဲခံရန် လုံလောက်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

ထို့ပြင် နာချိုအားအသင်းတွင် ဆက်ရှိနေစေရန် ကြိုးပမ်းသွားမည်ဖြစ်သလို ဂျိမ်းစ်ရိုဒရီဂွက်ဇ်မှာလည်း မန်ယူသို့ ပြောင်းရွှေ့မည်ဆိုသည့် သတင်းများမှာ ကောလာဟလများသာဖြစ်ကြောင်း ဇီဒန်းက ပြောကြားခဲ့သည်။ ရီးယဲလ်တွင် ကမ္ဘာ့အကောင်းဆုံး နောက်ခံလူ သုံးဦးရှိသည်ဆိုသည်မှာ မမှန်ကန်ဘဲ နာချို ကလည်း ရီးယဲလ်၏ အကောင်းဆုံးနောက်ခံကစားသမားတစ်ဦးဖြစ်သောကြောင့် ၎င်းကိုပါ အကောင်းဆုံးနောက်ခံလူအဖြစ် သတ်မှတ်ရမည်ဟု ဇီဒန်းက ရှင်းလင်းချက်ပေးခဲ့သည်။

ထို့ပြင် ဇီဒန်းက ဘိုင်ယန်တိုက်စစ်မှူး လီဝမ်ဒေါစကီးအား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ကမ်းလှမ်းထားသည်ဟူသော သတင်းများကို ငြင်းဆန်ခဲ့သလို ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာနှင့် ချယ်လ်ဆီးကြယ်ပွင့်ဟာဇက် တို့အားခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်းလည်း ငြင်းဆိုလိုက်သည်။ **(မေလှဲ့သင်း)**

# ထားဝယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၅**

ထားဝယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၀ ရက်က ထားဝယ်မြို့ ဥဿရံရပ်ကွက် မြို့ပတ်လမ်းနေ သီဟနိုင်၏ နေအိမ်ကို ရှာဖွေရာ ၎င်းမှာ နေအိမ်တွင် မရှိဘဲ ဇနီးဖြစ်သူ မကေသီစိုးနှင့်အတူ ဇော်သန်းထိုက်၊ မောင်လွမ်း၊ မျိုးလင်းဟန်တို့ လေးဦးအား တွေ့ရှိပြီး နေအိမ်အပေါ်ထပ် မီးဖိုခန်းထဲရှိ စက္ကူဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၃၅ ပြားနှင့် အိုက်စ်သုည ဒသမ ၀၁၂ ကီလို၊ နေအိမ်အောက်ရှိ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁ ပြား စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၆ ပြား၊ ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည် ၁၉ တောင့်၊ မြန်မာငွေကျပ် ၁၁ ဒသမ ၇ သိန်းနှင့် နေအိမ်ဘေးတွင် ရပ်ထားသည့် ဆိုင်ကယ်လေးစီးတို့ကို သိမ်းဆည်းရမိခဲ့သည်။



ဖြစ်စဉ်နှင့် ပတ်သက်၍ ဇော်သန်းထိုက် (၂၂) နှစ်၊ မောင်လွမ်း (၂၆) နှစ်၊ မျိုးလင်းဟန် (၃၂)နှစ်၊ ကေသီစိုး(၂၁)နှစ်တို့ လေးဦးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပွဲရုံတံခါးအား သော့ဖွင့်စဉ် ရိုက်နှက် ငွေအိတ်လုယက်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံဝင်း ရေကပါလမ်းသွယ်တွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၄ နာရီခန့်က ပွဲရုံလုပ်ငန်းရှင်တစ်ဦး မိမိပွဲရုံသို့ ဝင်ရန် သော့ဖွင့်ချိန် အမျိုးသားတစ်ဦးက ဦးခေါင်းကိုရိုက်နှက်ကာ ငွေကျပ်သိန်း ၁၇၀ ထည့်ထားသော ကျောပိုးအိတ်ကို လုယက်မှု ဖြစ်ပွားခဲ့သည်။

ရေကပါလမ်းသွယ်ရှိ ကြက်သွန်နီ၊ အာလူးကုန်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းပိုင်ရှင် ဦးအောင်တင်သည် ယင်းနေ့ နံနက် ၄ နာရီခန့်တွင် မိမိနေအိမ်မှပွဲရုံသို့ မော်တော်ယာဉ်ဖြင့်ထွက်လာခဲ့သည်။ ပွဲရုံရှေ့ရောက်ရှိပြီး ငွေပါသော ဂျင်းကျောပိုးအိတ်ကိုလွယ်ကာ ပွဲရုံတံခါးသော့ဖွင့်ချိန် နောက်ကျောမှ အမျိုးသားတစ်ဦးက တုတ်ဖြင့်ရိုက်နှက်ခဲ့၍ မူးမေ့လဲကျခဲ့သည်။

သတိပြန်ရချိန်တွင် ငွေထည့်ထားသော ကျောပိုးအိတ်မှာ ပျောက်ဆုံးနေပြီး ဦးခေါင်းတွင် ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်ကို ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်ထားပြီး ပြစ်မှုကျူးလွန်သူအားဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မောင်စေအောင်)**

# ယာဉ်မရပ်ရနေရာတွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်အား အရေးယူ

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပြီး ခရီးသွားများသွားလာရေး အဆင်မပြေမှုများ မရှိစေရေးအတွက် လသာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အေးထွန်းမောင် ဦးဆောင်သော ယာဉ်ထိန်းရဲ တပ်ဖွဲ့ဝင်များဖြင့် ဇန်နဝါရီ၂၂ ရက်က မဟာဗန္ဓုလလမ်းတစ်လျှောက် စည်းကမ်းမဲ့ လမ်းပိတ်ဆို့ရပ်တန့်ထားသည့် မော်တော်ယာဉ်များအား ကရိန်းယာဉ်ဖြင့် ဆွဲယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(၁၉၇)**

# လင်မယားချင်း စကားများရန်ဖြစ်ရာ ဇနီးဖြစ်သူ ဓားထိုးခံရ

**ပြည် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့တွင် ဇန်နဝါရီ ၂၃ ရက်က မွန်းလွဲ ၁ နာရီက ဆံတော်ရပ်ကွက် အနောက်စောင်းတန်းလမ်းရှိ နေအိမ်အပေါ်ထပ်၌ လင်မယားချင်းစကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူ ဓားဖြင့်ထိုးခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့ ဆံတော်ရပ်ကွက် အနောက်စောင်းတန်းလမ်းနေအိမ်ရှိ ရဲကျော်စွာ (၃၅)နှစ် ကျပန်းလုပ်သူနှင့် ၎င်း၏ ဇနီး မနီလာ (၄၂) နှစ်တို့ လင်မယားချင်းစကားများရန်ဖြစ်ကြရာ ရဲကျော်စွာက အရှည် ခြောက်လက်မခန့်ရှိ သစ်သားရိုးတပ် ဓားဦးချွန်ဖြင့် ထိုးခဲ့ရာ မနီလာတွင် ကျောခုံးယာဘက်လက်ပြင်အောက် ထိုးသွင်းဒဏ်ရာတစ်ချက် ရရှိသွားခဲ့သဖြင့် ပြည်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြောင်း သိရသည်။

ထို့ကြောင့် ရဲကျော်စွာအား အရေးယူပေးရန် မနီလာ၏ အစ်ကိုဝမ်းကွဲ ဝင်းအောင်ကျော်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၈၃၈)**

# မြင်းမူမြို့ အဝင်ဆိုင်းဘုတ်တိုက်သည့်ယာဉ်အား အရေးယူ

**မြင်းမူ ဇန်နဝါရီ ၂၅**

မြင်းမူမြို့အဝင် အနောက်လမ်းဆုံအနီးတွင် ဇန်နဝါရီ ၂၅ ရက် နံနက် ၂ နာရီ ၁၀ မိနစ်ခန့်က မန္တလေးဘက်မှ မုံရွာဘက်သို့ ပြည့်စုံ မောင်းနှင်ပြီး ယာဉ်နောက်လိုက် မုံရွာမြို့နေ ဒါးဗိုလ် စီးနင်းလိုက်ပါလာသည့် ၈င/---- ယူဒီယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ မြို့အဝင် "ကြိုဆိုပါ၏" ကွန်ကရစ်ဆိုင်းဘုတ်ကို ဝင်တိုက်မိသည်။

ထိုသို့တိုက်မိမှုကြောင့် ဆိုင်းဘုတ်မှာ ပျက်စီးသွားပြီး ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းတို့(မစိုးရိမ်ရ) ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။ အရက်သေစာ သောက်စားပြီး မောင်းနှင်လာစဉ် မြို့ဝင်ကွန်ကရစ်ဆိုင်းဘုတ်ကို ဝင်တိုက်ခဲ့သော ယာဉ်မောင်း ပြည့်စုံအား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၂၄)**

ဝ

# ရိုးမပြတ်ကျော်လမ်းတွင် ဆိုင်ကယ်ချင်းတိုက်မိရာမှ ကလေးငယ်သေဆုံး

**ရေတာရှည် ဇန်နဝါရီ ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရ-ကိုးပင် ရိုးမပြတ်ကျော်ကားလမ်း မိုင်တိုင် (၅/၃-၄) အကြားတွင် ဇန်နဝါရီ ၂၄ ရက် နံနက် ၁နာရီ မိနစ် ၄၀ ခန့်က ကျွန်းသစ်ဓားရွေတုံးများတင်ဆောင်လာသည့် ဆိုင်ကယ်နှင့် ဘုရားပွဲမှ မိသားစုလိုက်စီးနင်းလာသော ဆိုင်ကယ်တို့တိုက်မိခဲ့ရာ ကလေးငယ်တစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပဲခူးရိုးမ ကျောက်ဆင်ကျေးရွာ မိုင်(၄၀)နေ ကိုထွန်းလွင်(၂၀) နှစ်သည် ၎င်း၏ဇနီး၊ ကလေးငယ်နှစ်ယောက်နှင့်အတူ သာဂရကျေးရွာအုပ်စုရှိ ဘုရားပွဲတော်သို့လာရောက်ခဲ့ပြီး ကျောက်ဆင်ကျေးရွာသို့ ရိုးမပြတ်ကျော်ကားလမ်းအတိုင်းဆိုင်ကယ်ဖြင့်ပြန်စဉ် အနောက်မှ အရှေ့သို့ အမည်၊ နေရပ် (စုံစမ်းဆဲ) မောင်းနှင်လာပြီး ကျွန်းသစ်ဓားရွေတုံးလေးတုံး တရားမဝင်တင်ဆောင်လာသော ကမ်ဘို နံပါတ်မပါ ဆိုင်ကယ်နှင့်ရှောင်ခဲ့ရာမှ ကျွန်းသစ်တုံးများနှင့်တိုက်မိပြီး တိမ်းမှောက်သွားခဲ့သည်။

ဆိုင်ကယ်တိမ်းမှောက်ရာမှ မောင်ရှိုင်းသော်တာ (ကိုးလ)သည် ဒဏ်ရာဖြင့် နေရာတွင် သေဆုံးသွားခဲ့ပြီး ဖခင် ကိုထွန်းလွင်တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့၍ သာဂရနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**




SPIKE ဈေးရုံးတင်လွှာ

*Spike Grand Opening Ceremony* တွင်စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပါသော ရခိုင်တိုင်းရင်းသားရေးရာ ဌာနဝန်ကြီးဦးဇော်အေးမောင် ၊ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ၏ဇနီး ဒေါ်ခင်မေလတ်
ယုနန်ဘုံကျောင်း ဒုဥက္ကဋ္ဌ ဦးဝင်းမောင်နှင့်၊ *I-Max* ကုမ္ပဏီလီမိတက်မှ
ဥက္ကဋ္ဌဒေါ်ဝင်းယုသန်း တို့အားလည်းကောင်း ၊ ဖွင့်ပွဲတွင်ကြွရောက်ဝယ်ယူအားပေးကြသော
ဧည့်သည်တော်များ၊ *Customer* များနှင့် *Spike* ချစ်သူမိဘပြည်သူများ
အား ဓါတ်ပုံအတူတွဲရိုက်ခြင်း၊လက်မှတ်ရေးထိုးပေးပါသော
ထပ်ဆင့် အကယ်ဒမီ စိုးမြတ်သူဇာနှင့်
အကယ်ဒမီ ဖွေးဖွေး တို့အားလည်းကောင်း၊
လာရောက်ချီးမြှင့်ပေးသော *Model* သရုပ်ဆောင်အဆိုတော် နန်းခင်ဇေယျာ နှင့်
*Model* ပိုးအိအိခန့်အားလည်းကောင်း၊
*Spike Grand Opening Ceremony* တွင်အစမှအဆုံး တာဝန်ယူဆောင်ရွက်ပေးသော
*Stars & International Model Agency* မှ ကိုဖွန်လွင် နှင့် *Spike* အင်္ကျီ များဝတ်ဆင်၍
*Model Show* လျှောက်ပေးကြသော မော်ဒယ်ညီမလေးများအားလည်းကောင်း၊
*SpikeBrand*ကိုယုံကြည်စွာဖြင့် နှစ်ရှည်ကာလကြာမြင့်စွာဝယ်ယူရောင်းချပေးခဲ့ကြသောကိုယ်စားလှယ်ကြီးများ၊ *Customer* များနှင့် ဝတ်ဆင်အားပေးကြသော*Spike* ချစ်သူမိဘပြည်သူများအားလုံးကို
ချိုချိုဖြူ ကုမ္ပဏီလီမိတက်မှအထူးပင်လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း
*Spike Sales Center* တွင်ဝယ်ယူအားပေးကြသော *Whole Sale Customer* များနှင့်
*Spike* ချစ်သူမိဘပြည်သူများအားလုံးအတွက် အကောင်းမွန်ဆုံးဝန်ဆောင်မှုနှင့် လှပဆန်းသစ်သော ဒီဇိုင်းများကိုဖန်တီးရင်း အကောင်းဆုံးဆက်လက်ကြိုးစားသွားမည်ဖြစ်ပါကြောင်း ....

အထူးပင်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါကြောင်း
Cho Cho Phyu Industrial & Manufacturing Co.,Ltd.
SPIKE SALES CENTER



HIGHWAY STAR
Travels & Tours Co.,Ltd
-တောင်ကြီး၊အင်းလေး၊မိန်းမရဲတောင်။
-ပုဂံ၊ညောင်ဦး၊ပုပ္ပါး၊ပခုက္ကူ။
-မြဝတီ၊မဲဆောက်။
-ရွှေစက်တော်(ဖွင့်ပွဲ)။
-မုံရွာ၊အလောင်းတော်ကဿပ။
-လွိုင်ကော်၊ ဒီမောဆို။
Jan (29) Feb (11)
(Scania)
VIP 2+1
"တန်မှတန်"
6+1 10+1
-ကျိုက်ထီးရိုး။
-ကျုံထော်ရေတံခွန်၊ဘားအံ။
-ဘားအံ၊ဆန့်နှင်ဂူဘုရား။
-ကျိုက္ကမီ၊စက်စဲ၊ဝင်းစိန်တောရ။
-ပြည်၊အကောက်တောင်။
Jan (30) Feb(6,11,13,20,27)
အမှတ်(၈၃)၊ တတိယထပ်၊ သုခမှတ်တိုင်၊ ရန်ကုန်-အင်းစိန်လမ်း၊လှိုင်မြို့နယ်။
09 253 235 411-22, 09 36 220 162, 09 795 565 199 , 09 250 277 537



## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၆) ဖြင့်ဆရာကြီး **ပါမောက္ခဒေါက်တာကြည်စိုး** အား **"သုခမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

Sea Lion Co Ltd



## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALACCA HIGHWAY V.12 သင်္ဘောသည် ၃၁-၁-၂၀၁၆ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



Tel: 09425026102
Email: info@thinkinenglish.co
3 U Weik Zar Street;
Pazundaung; Yangon
Think in English
နွေရာသီ



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ အမှတ်(၉၆၇)၊ ရာဇသင်္ကြန်လမ်းဟုခေါ်တွင်သော မြေနှင့်အိမ်ကို လက်ဝယ်ရှိသူ ဦးကိုကိုအောင်[၉/မခန(နိုင်)၀၁၀၂၂၇]ထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေ/အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးခင်ညွန့်(စဉ်-၁၇၀၁) ဒေါ်ရီရီတင်(စဉ်-၁၉၉၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း(၁)အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ရုံးခန်း(၂)၊ အမှတ်(၉၀)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၇၈၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၇၈၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၇၈၆၈၀၆၁၂၃**

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ပြဋ္ဌာန်း

**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)**
**၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့မှစတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အပင်**ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောက အတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။
(ခ) **အပင်မျိုး**ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။
(ဂ) **အပင်မျိုးသစ်**ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာ ဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။
(ဃ) **အပင်မျိုးမွေးမြူသူ**ဆိုသည်မှာ အပင်မျိုးသစ် သို့မဟုတ် အပင်မျိုးတစ်မျိုးကို မွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကို လည်းကောင်း၊ အပင်မျိုးမွေးမြူသူအား အဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏ တာဝန်ကို တရားဝင်ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကို လည်းကောင်း ဆိုသည်။
(င) **အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး** ဆိုသည်မှာ အပင်မျိုးမွေးမြူသူက မွေးမြူထုတ်လုပ်လိုက်သည့် အပင်မျိုးသစ်ကို ဤဥပဒေပုဒ်မ ၂၃ ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယင်းမျိုးမွေးမြူသူ၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရန် ကာကွယ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။
(စ) **အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေး**ဆိုသည်မှာ ကာကွယ်ခွင့်ရရှိထားသည့် အပင်မျိုးသစ်ကို ဤဥပဒေ ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက ယင်းအပင်မျိုးမွေးမြူသူက ခံစားခွင့်ရရှိနိုင်သည့် ရပိုင်ခွင့်အခွင့်အရေးကို ဆိုသည်။
(ဆ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန် အတွက် အသုံးပြုသည့်မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏အစိတ်အပိုင်းများကို ဆိုသည်။
(ဇ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း**ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ယင်း အပင်မှရရှိလာသော ထုတ်ကုန်ကို ဆိုသည်။
(ဈ) **အသိအမှတ်ပြုလက်မှတ်**ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသောလက်မှတ်ကို ဆိုသည်။
(ည) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။
(ဋ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။
(ဌ) **ဦးစီးဌာန**ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-
(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊
(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊
(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊
(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**
**ဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသားအပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့် ဆက်စပ်အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီ ဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၄)**
**ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ ဗဟိုကော်မတီသည်-
(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။
(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့်အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။
(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ဆောင်ရွက်ရမည်။
(ဃ) အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားလာသည့်အခါ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ယင်းအပင်မျိုးသစ်ကို ကာကွယ်နိုင်သည့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတရားစွဲဆိုရာတွင် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက်ပေးနိုင်သည်။

**အခန်း(၅)**
**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ**

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်-
(က) အဆိုပါမျိုး၏မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် တစ်နှစ်ထက်စော၍သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် လေးနှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက ခြောက်နှစ်ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်း မရှိစေရ။
(ခ) အဆိုပါမျိုး၏ ထွက်ကုန်များကို အသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များအတွက် ခွင့်ပြုထားမှု မရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံသိရှိထားသည့် အခြားမည်သည့် အပင်မျိုးနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့်လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့်မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်ကိုအမည်ပေးရာတွင် နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ အမည်ပေးရမည်။

**အခန်း(၆)**
**အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း**

၁၅။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များအားလုံး လျှောက်ထားနိုင်သည်-
(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊
(ခ) အပင်မျိုးသစ်မွေးမြူသူ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားများနှင့် ၎င်းတို့၏အဖွဲ့အစည်းများ၊
(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့်အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် သက်ဆိုင်ရာ အစိုးရဌာနများမှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ၁၄ အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်ကာကွယ်သည့်အခွင့်အရေး လျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းကို အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှု ရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့် လျှောက်ထားခဲ့ပြီး မြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေးအခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါအခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ရုပ်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည်-
(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ်ကာလအတွင်း ယင်းမျိုးသစ်ကို စီးပွားဖြစ်အသုံးချနိုင်ရန်အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့်ပေးအပ်ခြင်း၊
(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့် လျှောက်ထားခြင်းကို ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) ပါအကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ရုပ်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

**အခန်း(၇)**
**အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးနှင့်**
**ရပိုင်ခွင့်ကိုကာကွယ်နိုင်သည့် အခြေအနေများ**

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်-
(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊
(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊
(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊
(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊
(င) ပြည်ပမှ တင်သွင်းခြင်း၊
(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ၎င်း၏ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြုစိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါကိစ္စရပ်များလုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့် ရရှိထားသော အပင်မျိုးသစ်၏ ထုတ်ကုန်များနှင့် ပတ်သက်၍ ပုဒ်မ ၂၃ ပါကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ၂၅ နှင့် ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါ မျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည်-
(က) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်မှ တိုက်ရိုက်ထပ်ဆင့်မွေးမြူရရှိသည့်မျိုးများ၊
(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်နှင့် သိသာစွာကွဲပြားခြားနားခြင်း မရှိသည့်မျိုးများ၊
(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စဉ်ဆက်မပြတ်အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့်မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးသစ် ကာကွယ်နိုင်သည့် အခွင့်အရေးမှ မဖြစ်မနေကင်းလွတ်ခွင့်ပေးရမည်-

**စာမျက်နှာ ၁၆ သို့**

ဥပဒေ

စာမျက်နှာ ၁၅ မှ

(က) စီးပွားဖြစ် မဟုတ်သော စိုက်ပျိုးထုတ်လုပ်ခြင်း၊
(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊
(ဂ) နည်းဥပဒေတွင် ခွင့်ပြုထားသည့် ပမာဏအရ တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊
(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့်မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါအခြေအနေများတွင် အပင်မျိုးသစ်ကာကွယ်နိုင်သည့် အခွင့်အရေး မရှိစေရ-
(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ၎င်း၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့် ရရှိထားသော ယင်းမျိုးသစ်ကို ထပ်မံမျိုးပွားမှုမရှိခြင်း၊
(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးကာကွယ်ခြင်းကို ကန့်သတ်ချက် မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများနှင့်စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့် အကြောင်းခြင်းရာများသည် မည်သည့်အခြေအနေတွင်မျှ ဤဥပဒေ၏ အကျိုးသက်ရောက်မှုကို ထိခိုက်ခြင်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှ စတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြားအပင်မျိုးသစ်များအတွက် အနှစ် ၂၀ သတ်မှတ်သည်။

**အခန်း(၈)**

**အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ပျက်ပြယ်စေရမည်-
(က) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊
(ခ) အပင်မျိုးသစ်ကာကွယ်သည့် အခွင့်အရေးပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူ တင်ပြရမည့် မျိုးသစ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊
(ဂ) ကနဦး စိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ကာကွယ်ပိုင်ခွင့် အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့် အခွင့်အရေးကာကွယ်နိုင်သည့် အခွင့်အရေးကို ရုပ်သိမ်းရမည်-
(က) ပုဒ်မ ၁၂ နှင့် ၁၃ တို့ပါ ပြဋ္ဌာန်းချက်များကို ရေရှည်ထိန်းသိမ်းထားနိုင်မှု မရှိခြင်း၊
(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့် စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့် သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့်ကာလအတွင်း တင်ပြနိုင်မှု မရှိခြင်း၊
(ဂ) အပင်မျိုးမွေးမြူသူက ၎င်း၏ရပိုင်ခွင့်အခွင့်အရေးကို ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့်အခြေအနေများတွင်မျှ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးကို ရုပ်သိမ်းခြင်းမရှိစေရ။

**အခန်း(၉)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၈။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်ကို ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက် မရှိဘဲ ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ် ၁၀ သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်း ၅၀အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၀)**

**အထွေထွေ**

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကိုကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသောပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံးဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၂။ အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများကို လျှောက်ထားသူက ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အပင်မျိုးသစ်ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူက ပေးဆောင်ရမည့်အခွန်အခများကို သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-
(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**


## မေတ္တာများစွာဖြင့် ကျေးဇူးတင်ရှိခြင်း

(၂၆-၁၁-၂၀၁၅) တန်ဆောင်မုန်းလပြည့်နေ့ ဆူးလေ Shangrila Hotel Ballroom ၌ ပြုလုပ်ခဲ့သော Royal Golden Eagle Melamine Ware နှင့် ဆက်စပ်လုပ်ငန်း၏ (19) နှစ်မြောက် နှစ်ပတ်လည် နေ့နှင့် ရတနာမြတ်သုံးပါးထံ စွန့်လွှတ်လှူဒါန်းခြင်း၊ ကျေးဇူးရှင်အပေါင်းတို့အား ကျေးဇူးဆပ်ခြင်းမင်္ဂလာ အခမ်းအနားတို့ ကြွရောက်ပေးကြပါသော Supermarket, Minimarket, Wholesalers, delar များနှင့် လုပ်ငန်းရှင်၊ မိတ်ဆွေအားလုံးတို့ကို ထာဝရကျေးဇူးတင်ရှိပါသည်။

**လှူဒါန်းမှုများ**

(၁) ကျိုက်သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွက် — တိုက်ခန်း (၁) ခန်း
(၂) မိုးကုတ်ဓမ္မစာပေပြန့်ပွားရေးနှင့် ဝိပဿနာအဖွဲ့ချုပ် (ဗဟန်း) — တိုက်ခန်း (၂) ခန်း
(၃) ဓမ္မရိပ်သာကျောင်းတိုက် ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် — ကျပ်သိန်း (၅၀)
(၄) ရွှေဥမင်ဓမ္မသုခတောရရိပ်သာ (ပတ္တမြားမြို့သစ်) သံဃာ့ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် — ကျပ်သိန်း (၅၀)
(၅) မေဒိနီကျောင်းတိုက် ဘဒ္ဒန္တကုသလတည်ထားကိုးကွယ်သည့် စေတီများအတွက် — ကျပ် (၁၀) သိန်း
(၆) ဓမ္မပိယဆရာတော် (အရှင်သံဝရာလင်္ကာရ) ၏ ဓမ္မစာပေပြန့်ပွားရေးအတွက် — ကျပ် (၁၀) သိန်း
(၇) ပဲခူးမြို့ မဟာစေတီ ဥပုသ်ဇရပ်တည်ဆောက်ခြင်းအတွက် လှူဒါန်းငွေ — ကျပ် (၅၀၅) သိန်း

အထက်ပါ အတူလက်တွဲလှူဒါန်းခဲ့ကြသော ပြုခဲ့ပြီး၊ ပြုဆဲ စုပေါင်းကုသိုလ်များတို့အား (၁၉၉၆ မှ ၂၀၀၆ အထိ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ကြသည့် **Golden Eagle Melamine Ware** မှ **Mr.Jame, Mr.Tum, U San Thet, U Johnny** နှင့် **ဝန်ထမ်းများအားလုံး** တို့ကိုလည်းကောင်း။

၂၀၀၇ မှ ယနေ့တိုင် **Royal Golden Eagle Melamine Ware** နှင့် ဆက်စပ်လုပ်ငန်းတို့ကို မိသားစုကဲ့သို့ လုပ်ကိုင်နေကြသော **Mr.Sanan, Mr.Banchar, Mr.Prapas, Mr.Jackie, Ms.Tee** နှင့် ဝန်ထမ်းများအားလုံးတို့ကိုလည်းကောင်း။

ဝယ်ယူအားပေးသုံးစွဲခဲ့ကြသော ကျေးဇူးရှင်ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ အတူတကွ ရရှိ ကြပါစေကြောင်းနှင့် ၂၀၁၆ နှစ်သစ်တွင် အေးချမ်းသာယာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**Daw Tin May Htut**
**Green Mind (Myanmar) Trading Co.,Ltd**



**ရွှေအိုးကြီး** Aircon Express
အိမ်အရောက်လက်မှတ်ပို့ ကားမျိုးစုံစီးလုံးငှားသည်၊
မြဝတီ၊ မဲဆောက်၊ ဘားအံ၊
ကျိုက်ထော်ရေတံခွန်၊ လမ်းဘုရားစုံ(၃)ရက် တစ်ဆင့်ကား၊ ထမင်းကျွေး၊ မိုတယ်တည်း
(85000 Ks) Jan(29), Feb(11)ထွက်
09-421073634, 09-777636630



**သိုးရောဝဒီ** ဓမ္မဒါန
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ၊
အလောင်းတော်ကဿပ ထမင်းကျွေး(၅၀၀၀ဝိ/-)
ပုဂံ၊ ပုပ္ပါး၊ ပခုက္ကူ၊ ထမင်းကျွေး(၄၀၀၀ဝိ/-)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ(ထမင်းကျွေး-၅၀၀၀ဝိ/-)
ကားအမျိုးမျိုးငှားလုံးငှားသည်။ Jan - 29 Feg - 4, 11
420144148, 421153797



**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၈)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်-၃၈၈/က၊ မြေကွက်တည်နေရာအမှတ်(၃၈၈/က)၊ ညောင်ပင်လမ်း၊(၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒေါ်ဆန်းဆန်းရင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဒေါ်ဆန်းဆန်းရင်(YKN-၀၀၃၂၅၄) ကွယ်လွန်သဖြင့် ဦးရွှေဝင်း(ခ)ကောက်ချေး(၁၂/ပဇတ(နိုင်)၀၀၀၀၃၁)ကကွယ်လွန်သူ၏ တစ်ဦးတည်းသောတရားဝင်ခင်ပွန်းတော်စပ်ကြောင်းကျမ်းကျိန်လွှာသေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးမြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄အေ)၊ မြေကွက်အမှတ်(III Class-၂အေ/၂၊ မြေကွက်တည်နေရာအမှတ်(၄၇B)၊ သဇင်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့် စောရန်ပိုင်အရှေ့ရပ်ကွက်၊ (အငြိမ်းစားဗိုလ်မှူးကြီးရဲထွန်း)အမည်ပေါက်မြေပိုင်မြေ၏ ဦးရဲထွန်းပိုင်ဆိုင်သော အပိုင်းအား ဦးရဲထွန်းနှင့် ဇနီးဒေါ်ကြည်ကြည်ထွန်းတို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဦးရဲအောင်မိုး [၁၂/အလန(နိုင်) ၀၁၇၃၀၅]၊ (၂)ဒေါ်စိုးနန်းမူ[၁၂/အလန(နိုင်)၀၁၈၉၁၉]၊ (၃)ဦးရဲအောင်တိုး[၆/ကသန(နိုင်)၀၀၀၉၅၃]၊ (၄)ဒေါက်တာသက်ဖြိုးကြည် [၁၂/အလန(နိုင်)၀၁၈၀၉၅]၊ (၅)ဦးရဲအောင်နိုင်[၁၂/မဂတ(နိုင်)၀၁၂၆၀၂]တို့က ဦးရဲထွန်းနှင့် ဒေါ်ကြည်ကြည်ထွန်းတို့ သေဆုံးကြောင်း အထောက်အထား၊ သားသမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈A၊ မြေကွက်အမှတ်-၄အေ၁၊ မြေကွက်တည်နေရာမြေကွက်အမှတ်(၄အေ၁)၊ မြေတိုင်း(၃၈-အေ)၊ အေးရွာ၊ ကြည့်မြင်တိုင်မြို့နယ် (S.R.Pillay)အမည်ပေါက် မြေပိုင်မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်-၈၂၄၈/၃၁-၁၂-၁၅အရ ပိုင်ဆိုင်သူ ဒေါ်သန်းသန်းစိန်(ခ)ဒေါ်အေးအေးမြင့်[၁၃/ကလန(နိုင်)၀၀၁၆၇၈]၊ ဒေါ်ကြည်ကြည်လွင်[၁၂/ပဇတ(နိုင်)၀၁၃၄၃၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၃၁၆၅/၃၁၆၆/၆-၃-၁၅ရသူ ဒေါ်ယဉ်ညိုသိမ့်[၁၃/ကလန(နိုင်)၀၀၀၈၆၁]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**





## မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်း(၂)

ဦးသန်းဖေ(ဧည့်လမ်းညွှန်)ရေးသားသည့် မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့နှင့် မြန်မာ့ရှုခင်း(၂)စာအုပ်တွင် မြန်မာ့ ရိုးရာပန်း ၁၀မျိုး၊ လစဉ်ပွဲတော်များ၊ ရိုးရာ အိမ်တွင်းမှု စီးပွားရေးလုပ်ငန်းများ အကြောင်းတို့ကိုဖော်ပြထားသည်။

ဧည့်လမ်းညွှန်အဖြစ်လုပ်ကိုင်နေကြသူများအထူးဖတ်သင့်သည့် စာအုပ်ဖြစ်သည်။ မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည်။

စာအုပ်ကို ဆုစာပေတိုက် ဖုန်း ၀၉-၇၃၂၅၇၆၆၂ အမှတ် ၂၄၄-၂၄၆ အခန်း ၃၀၅-ဘီ ပင်လုံထိပ်ထားတာဝါ ပန်းဆိုးတန်းလမ်း(အထက်) ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၈၀၀ဖြင့် ဖြန့်ချိသည်။




## ပုံပြအင်္ဂလိပ်သဒ္ဒါ

ဟိန်းလတ်ရေးသားသော ပုံပြအင်္ဂလိပ်သဒ္ဒါ (ILLUSTRATED ENGLISH GRAMMAR) စာအုပ်ထွက် ရှိလာပါသည်။ အင်္ဂလိပ်သဒ္ဒါကို အခြေခံကစပြီး ၈ တန်း၊ ၉ တန်း၊ တက္ကသိုလ်ဝင်တန်းအထိ ရည်ရွယ်ပြီး ရုပ်ပုံလေးတွေနှင့် လွယ်လွယ်ကူကူရှင်းပြသင်ကြားပေးသည့် စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ဤစာအုပ်လေးကို လက်စွဲထားခြင်းဖြင့် အင်္ဂလိပ်သဒ္ဒါကို လွယ်လွင့်တကူလေ့လာသင်ယူတတ်မြောက်ကြလိမ့်မည်ဟု စာရေးသူက ယုံကြည်ပါသည်။ စာအုပ်လေးသည် ကျောင်းသားကျောင်းသူများသာမက ဆရာဆရာမများပါ လက်စွဲကိုင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။ အင်္ဂလိပ်စာစွမ်းရည်တိုးတက်မှသာ မြန်မာသာမက ကမ္ဘာ့အဆင့်ကို တက်လှမ်းနိုင်သော အရည်အချင်းပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ထွက်ပေါ်လာမည်ဖြစ်ပါသည်။


မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်(ဝဲ) ၃၉လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃က တန်ဖိုးကျပ် ၂၀၀၀ဖြင့် ဖြန့်ချိထားပါသည်။



## တစ်နေ့သောအခါ

အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)၏ ထူးခြားဆန်းကြယ်သော ကိုယ်တွေ့ဖြစ်ရပ်များ ရေးသားထားသော တစ်နေ့သော အခါစာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်တွင် အသိပညာအမှတ်သညာ တိုးပွားစေမည့် လောကီပိုင်းဆိုင်ရာ ပညာပေးမှတ်စုမှတ်တမ်းစာအုပ်ဖြစ်၍ စာဖတ်သူအဖို့ ဗဟုသုတပေါင်းမြောက်မြားစွာ တိုးပွားစေမည်ဖြစ်ပါသည်။ ဆရာတော်သည် ကိုယ်တိုင်လောကီ၊ လောကုတ္တရာ ကိုယ်တွေ့ကြုံတွေ့ခဲ့ရသော မှတ်တမ်းမှတ်ရာများကို ဗဟုသုတဖြစ်ဖွယ် ရေးသားထားပါသည်။ တစ်နေ့သောအခါစာအုပ်တွင် အခန်းပေါင်း ၇၅ ခန်း၊ စာမျက်နှာ ပေါင်း ၃၀၀နီးပါးခန့်ပါဝင်ပါသည်။ ဆရာတော်ရေးသားထားသော အခြားစာအုပ်များကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။

မဇ္ဈိမစာပေ အမှတ် ၂၃၇၊ ပထမထပ်(ဝဲ) ၃၉လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ ကတန်ဖိုး ကျပ်၂၀၀၀ ဖြင့်ဖြန့်ချိထားပါသည်။





## ကလေးတို့ဖတ်ဖို့ ၁၀၀၁ ညပုံပြင်များ

တက္ကသိုလ်ရွှေရိုင်း၏ ကလေးတို့ဖတ်ဖို့ ၁၀၀၁ညပုံပြင်များ စာအုပ်ကို နိုဘယ်မြန်မာစာပေပွဲတော် ကလေးစာပေဖွံ့ဖြိုးရေးတိုးတက်ရေးအစီအစဉ်ဖြင့် ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိပါသည်။

ကမ္ဘာကျော် အာရပ်ပုံပြင်ဖြစ်သော ၁၀၀၁ ညပုံပြင်သည် ကလေးရောလူကြီးပါစိတ်ဝင်စားသော ပုံပြင်များဖြစ်ပြီး အလွန်အံ့သြဖွယ်နှင့် စိတ်ဝင်စားဖွယ်အကြောင်းများစုံလင်စွာ ပါဝင်သည်။ ပုံပြင်ထဲတွင် နတ်သမီးလေးများ၊ နတ်သူငယ်များ၊ မှင်စာများ၊ စုန်းကဝေများ၊ ဘီလူးများနှင့် နဂါးအစရှိသော တိရစ္ဆာန်မျိုးစုံပါဝင်သောကြောင့် ကလေးများသည် ပုံပြင်များကိုနှစ်သက်ကြသည်။ ခေတ်စနစ်များ ပြောင်းသွားသော်လည်း ပုံပြင်သည်အမြဲရှင်သန်လျက်ရှိသည်။ ကလေးများ စာဖတ်ခြင်းအစ ပုံပြင်ကဟု ဆိုရမည်ဖြစ်သည်။

တစ်ထောင့်တစ်ညပုံပြင်များကို 'အာရေဗျညများ'ဟုလည်းခေါ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ၁၇၀၆ ခုနှစ်တွင် ထွက် ရှိခဲ့သည်။ မြန်မာဘာသာဖြင့် သခင်ဘသောင်း၊ ကျော်လှိုင်ဦးစသူတို့က ဘာသာပြန်ခဲ့ပြီး ယခုတက္ကသိုလ် ရွှေရိုင်းက ကလေးများအတွက် စိတ်ဝင်စားအောင် ပြန်ဆိုထားသည်။

စာအုပ်ကို ရန်အောင်စာပေ အ. ထ. က(၁)ရန်ကင်းကျောင်းရှေ့ ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၅၁၇၉၃၉၈၊ ၀၉- ၇၃၂၄၃၈၅၁မှ တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။




## THE WRITINGS OF GENERAL AUNG SAN

မြဟန်ရေးသားပြုစုသော ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာကို အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်းက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် THE WRITINGS OF GENERAL AUNG SAN စာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ စာရေးဝါသနာ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆောင်းပါး အနှစ်ချုပ်များ၊ ဗိုလ်ချုပ်အောင်ဆန်းပြောသော ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်ပုံလွှာ၊ ဗိုလ်ချုပ်အောင်ဆန်း၏ စာပေလက်ရာများနှင့် ကျမ်းကိုးစာရင်းများဟူ၍ အခန်းများခွဲကာ စီစဉ်တင်ပြထားပြီး သံအမတ်ကြီး ဦးသက်ထွန်းက အင်္ဂလိပ်ဘာသာဖြစ်ပြန်ဆိုထားခြင်းဖြစ်ရာ အင်္ဂလိပ်ဘာသာလေ့လာလိုက်စားသူများ၊ သမိုင်းသုတေသီများ၊ ခရီးသွားဧည့်သည်လမ်းညွှန်ပုဂ္ဂိုလ်များ၊ ဗိုလ်ချုပ်အောင်ဆန်း အကြောင်းသိလိုသော ခေတ်လူငယ်များ၊ နိုင်ငံခြားသားများအတွက် တန်ဖိုးရှိသော စာအုပ်တစ်အုပ်ဖြစ်သည်။


စာအုပ်ကို ရန်အောင်စာပေ အ. ထ. က(၁) ရန်ကင်းကျောင်းရှေ့၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၅၁၇၉၃၉၈၊ ၀၉-၇၃၂၂၃၄၂၁ မှ တန်ဖိုး ငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားပါသည်။




## Ikebana အီခဲဘားန ပန်းအလှဆင်ပညာ

စာရေးဆရာမစန္ဒီ(Artist) ရေးသားပြုစုသည့် Ikebana အီခဲဘားန ပန်းအလှဆင်ပညာစာအုပ်သည် ဂျပန်လူမျိုးများ၏ ပန်းအလှစိုက်နည်းပညာ တစ်မျိုးဖြစ်သော Ikebana အကြောင်းကို အသေးစိတ်လေ့လာပြုစုရေးသားထားသည့် စာအုပ်ဖြစ်သည်။ Ikebana အီခဲဘားန ပန်းအလှပြင်နည်းပညာသည် ဂျပန်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာတစ်ရပ်ဖြစ်ပြီး ၁၅ရာစုမှစတင်၍ ယနေ့မျက်မှောက်ခေတ်ကာလအထိ မြတ်နိုးစွာစောင့်ရှောက်ထိန်းသိမ်းလာခဲ့သည့် ကမ္ဘာကျော်ပညာရပ်အနုပညာတစ်မျိုးလည်းဖြစ်သည်။ Ikebana အီခဲဘားန ပန်းအလှဆင်ပညာစာအုပ်တွင် အီခဲဘားနအကြောင်းသိကောင်းစရာများ အီခဲဘားန ပန်းအလှဆင်နည်း၊ ပန်းအလှထိုးနည်း၊ ဂျပန်အီခဲဘားန ပန်းအိုးစတိုင်များကို ဆေးရောင်စုံရုပ်ပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းရေးသားဖော်ပြထားပါသည်။

စာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀) ပထမထပ် ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၂၆၀၂၄၅၂၂၄၊ ၀၉-၇၃၁၄၀၉၃၄၊ ၀၉- ၇၃၁၄၀၉၃၆ကတန်ဖိုး ကျပ် ၂၀၀၀ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်ပါသည်။




## Hip Hop မူလတန်းဖတ်စာ

စာအုပ်တွင် Hip Hop ဂီတ၏ မဖြစ်မနေသိသင့်သော အခြေခံသမိုင်းကြောင်း အချက်အလက်များပါဝင်၍ စာအုပ်ကို သေချာဖတ်ပြီးသော လူတစ်ယောက်သည် ၂၀ရာစု Hip Hop ဂီတအကြောင်းကို အခြေခံအဆင့်ထိသိရှိနားလည်သွားစေရမည်ဟု အာမခံပါသည်။ စာအုပ်ထဲတွင် Hip Hop ကို စိတ်ဝင်စားကာစ ကလေးလူငယ်များနှင့် ကမ္ဘာ့ဂီတတွေအကြောင်း စိတ်ဝင်တစားလေ့လာနေသော လူငယ်များအတွက်ရည်ရွယ်၍ ထုတ်ဝေပါသည်။

အမှတ် ၁၃၈-၁၄၀ (ပထမထပ်) ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ စာပေနန်းတော်စာအုပ်တိုက်တွင် တစ်အုပ်လျှင် ၂၀၀၀ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။



## မေးဖြေကောင်းလှ မြတ်ဓမ္မ (ချင်း၊ မြန်မာ၊ အင်္ဂလိပ်)

ချင်းဗုဒ္ဓသာသနပါလကအဖွဲ့ ဘာသာပြန်ဓမ္မစာပေပြန့်ပွားရေးကော်မတီက စီစဉ်၍ ဓမ္မဒါနအဖြစ်ဖြန့်ဝေသော စာအုပ်ထွက်ရှိလာသည်။ ဗုဒ္ဓဓမ္မဆိုင်ရာခက်ခဲသော မေးခွန်းများကို ဩစတြေးလျရဟန်းတော်အက်စ်ဓမ္မိက က အင်္ဂလိပ်လိုဖြေကြားရာ Good Question, Good Answer ဟုထင်ရှားသည်။ မြန်မာစာသို့ပြန်ဆိုသူမှာ အရှင်နေမိန္ဒာ မြန်အောင်ဖြစ်သည်။ ချင်းစာသို့ ပြန်ဆိုသူမှာ ဆရာဦးခေါ်ဂေလိန်းဖြစ်သည်။ ချိုးချင်းစာပေသင်ကြားသော စာသင်ကျောင်းများသို့ ဦးစားပေးလှူဒါန်းလျက်ရှိရာ Viber & Ph : 09-30004974 သို့ဆက်သွယ်နိုင်သည်။ စာကြည့်တိုက်များ၊ စာသင်တိုက်များ၊ သင်တန်းများ၊ သာသနာပြုအဖွဲ့အစည်းများ၊ အသင်းတော်များ၊ စာရေးဆရာများ၊ စာပေသုတေသီများ၊ ဗုဒ္ဓစာပေကို အင်္ဂလိပ်လိုဖတ်ရှုလိုသူများကိုလည်း ပေးလှူလျက်ရှိသည်။

စာအုပ် သုဒန္တစာပေ အမှတ် (၃၁) ၆-လွှာ နှင်းဆီကုန်းလမ်း အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၃၀၀၀၄၉၇၄၊ ၀၉-၇၉၉၆၇၉၉၅၉၊ ၀၁-၂၃၀၀၅၈၇ က ထုတ်ဝေသည်။

ကျန်းမာရေးဆောင်းပါး

# ရေအေး၊ ရေနွေးချိုးခြင်း အကျိုးအပြစ်

**à ကြည်လွင်မြင့်(မုဒြာ)**

ဆောင်းဥတုကဲ့သို့ ချမ်းအေးသည့်ရာသီများတွင် ရေမချိုးနိုင်ကြ။ အချို့က ရေနွေးဖြင့်စပ်၍ ချိုးကြသည်။ ရေနွေးဖြင့်ချိုးခြင်း၏ နောက်ဆက်တွဲမှာ အညောင်းများခြင်း၊ မျက်စိတွင် အခိုးများဖြင့်ဝေခြင်း၊ ကြည့်မကောင်းခြင်း၊ မျက်ဝတ်ထွက်ခြင်းများ ဖြစ်လေ့ရှိသဖြင့် ချိုးသင့်၊ မချိုးသင့် ဆင်ခြင်လာကြသည်။ အေးသောအချိန်တွင် ရေအေးကို နေ့စဉ်ချိုးရန်လည်း မဝံ့မရဲဖြစ်နေကြရပြန်သည်။

ရေနွေးချိုးခြင်းနှင့် ရေအေးချိုးခြင်း၏အကျိုးအပြစ်များကို ရှေးကဆေးကျမ်းများတွင် ရှာဖွေလေ့လာကြည့်သောအခါ ကုန်းဘောင်ခေတ်၏ နာမည်ကျော်ကျမ်းတစ်ဆူဖြစ်သည့် ယောအတွင်းဝန်ဦးဘိုးလှိုင်၏ ဥတုဘောဇန ကျမ်းကို ပြေးမြင်မိပါသည်။ ထိုကျမ်းသည် လူတို့ နေ့စဉ်စားသောက်နေသော အစားအသောက်နှင့် အပင်၊ အရွက်၊ အသီး၊ အစေ့မှစ၍ ရေသောက်ခြင်း၊ ရေချိုးခြင်း စသည် အထိ စုံလင်အောင် ထောင့်စေ့စွာ လမ်းညွှန်ထားသည့် ကျမ်းတစ်ဆူဖြစ်သည်။

နှစ်ပေါင်း ၁၅၀ ကျော်ကြာခဲ့သည့် ယနေ့ထက်တိုင် တိုင်းရင်းမြန်မာဆေးဆရာကြီးများ လက်ကိုင်ထားနေရဆဲ ထိုဥတုဘောဇနသင်္ဂဟကျမ်းတွင် ရေနွေး၊ ရေအေး ချိုးခြင်း၏ အကျိုးအပြစ်တို့ကို ဖော်ပြထားသည်မှာ -

ရေချိုးခြင်းသည် စင်ကြယ်၏၊ အသက်ကိုရှည်စေတတ်၏။ ပင်ပန်းခြင်း၊ ချွေး၊ အညစ်အကြေးတို့ကို ပယ်နိုင်၏။ အားကိုဖြစ်စေတတ်၏။ ဩဇာကို လွန်စွာဖြစ်စေတတ်၏။

ရေနွေးဖြင့် ဦးခေါင်းကိုဆေးလျှော်ခြင်းသည် အားကိုဖြစ်စေတတ်၏။ ဆံပင်၊ မျက်စိနှင့်မသင့်။ (ရေနွေးဖြင့် ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်းသည် ကိုယ်စင်ကြယ်ခြင်းမျှသာ ဖြစ်သည်။ ဆိုခဲ့ပြီးသော ရေချိုးခြင်း၏အကျိုးအပြစ်မရှိပြီ။)

ဦးခေါင်းဆေးလျှော်၍ ရေချိုးခြင်းသည် ရေငတ်ခြင်း၊ အာစောက်၊ ပါးစပ်ခြောက်ခြင်းတို့ကိုနိုင်၏။ အညစ်အကြေးတို့ကို နိုင်၏။ အညစ်အကြေးကို စင်ကြယ်စေတတ်၏။ ကိုယ်၏ပူအိုက်ခြင်း၊ ဝက်ခြံ၊ ယားနာ၊ သည်းခြေကြောင့်ဖြစ်သော ဦးခေါင်းနာတို့ကိုနိုင်၏။

လေ၊ သလိပ်နာရှိသောသူသည် ရေအေးမချိုးကောင်း၊ စဉ်းငယ်နွေးသော ရေနွေးကိုသာချိုးရမည်။ သွေးနာ၊ သည်းခြေနာရှိသောလူသည်လည်း ရေနွေးမချိုးကောင်း၊ ရေအေးကိုသာချိုးရမည်။

(ယောအတွင်းဝန်ဦးဘိုးလှိုင် ဥတုဘောဇနသင်္ဂဟကျမ်း ရေတို့၏ဂုဏ်ပြခြင်းမှ)

ထို့ပြင် မျက်နှာပါးစပ်ရွဲ့သောသူ၊ လေနာရှိသောသူ၊ မျက်စိနာရှိသောသူ၊ အစာမကြေသောသူ၊ အစာစားပြီးနောက် စားသောအစာမကြေသောသူတို့သည် ရေမချိုးအပ်ကုန်ဟုလည်း နောက်ဆက်တွဲဖော်ပြထားသည်ကို လေ့လာတွေ့ရှိရသည်။

လက်တွေ့တွင် စာရေးသူကိုယ်တိုင် အေးသောဆောင်းတွင်းတွင် နံနက်စောစောလမ်းလျှောက် လေ့ကျင့်ခန်းလုပ်ပြီး ရေအေးမချိုးနိုင်ပါ။ ရေနွေးစပ်ပေးသည့် Heater တပ်ဆင်ထားပြီး ရေအေးပိုက်နှင့် ပေါင်းစပ်၍ အတော်အသင့်နွေးအောင်စပ်ပြီးချိုးသည်။ တစ်ခါတစ်ရံ ရေနွေးအစပ်များသွားလျှင် ခန္ဓာကိုယ်ထဲမှ အပူမထွက်သည့်အပြင် တစ်နေကုန်ညောင်းညာပြီး နေမကောင်းဖြစ်သည်။ မျက်စိလည်းကြည့်မကောင်း၊ မျက်မှန်တွင် အခိုးများရိုက်နေသကဲ့သို့ ခံစားရသည်။

ထို့ကြောင့် ရေနွေးကိုလျှော့ပြီး ရေအေးကို ပို၍ချိုးသောအခါ အဆင်ပြေသည်။ ရေနွေးများလျှင် ဆံပင်ခြောက်ခြင်း၊ ကြမ်းခြင်း၊ ငယ်ထိပ်မှ ဆံပင်များကျွတ်ခြင်းကို လက်တွေ့ခံစားရသဖြင့် ရေနွေးများသွားပါက မကောင်းပါ။

နောက်တစ်နည်းမှာ မိတ်ဆွေတစ်ဦးက အကြံပေးသဖြင့် စမ်းသပ်ကြည့်သောအခါ ပို၍အဆင်ပြေသည်။ အညောင်းအညာကင်းသည်ကို တွေ့ရသည်။ ရေနွေးစပ်သောရေကို အရင်ချိုးသည်။ ဆပ်ပြာတိုက်၊ ကြေးတွန်း၊ ရှန်ပူဖြင့်ခေါင်းလျှော်ပြီးလျှင် ရေနွေးချိုးခြင်းကိုရပ်ပြီး ပုံးဖြင့်ထည့်ထားသော ရေအေးကို ဒူးအောက်ပိုင်း သုံးခွက်ခန့်လောင်းချသည်။ ထို့နောက် ပေါင်လယ်ခန့်မှ အောက်သို့ သုံးခွက်ခန့်လောင်းချသည်။ တဖြည်းဖြည်း အပေါ်သို့တက်လောင်းပြီး ရေအေးသုံးခွက်ခန့် ခေါင်းမှလောင်းချသောအခါ ရှိန်းခနဲဖြစ်ပြီး အခိုးအငွေ့များထွက်လာသည်။ ရေအေးကြောင့် အခိုးအငွေ့များထွက်သွားပြီးသောအခါ မချမ်းတော့ဘဲ တစ်ကိုယ်လုံးပူနွေးလာသည်ကို ထူးဆန်းစွာ တွေ့ရှိခံစားရသည်။

ထို့ကြောင့် မိုးတွင်း၊ ဆောင်းတွင်း ချမ်းအေးသောအခါတွင် လူလတ်၊ လူကြီးများ ရေနွေးစပ်ပြီး ရေချိုးခြင်းမှာ မမှားပါ။ သို့သော် ရေနွေးချိုးပြီး အပူမငုပ်စေရန်၊ ငုပ်သွားသောအပူများ ပြန်ထွက်စေရန်အတွက် ဒူးအောက်မှစပြီး အထက်သို့ ရေအေးချိုးကာ တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း ရေအေးချိုး၍ အဆုံးသတ်ခြင်းက ပို၍ကောင်းမွန်ပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်စေနိုင်ကြောင်းတင်ပြလိုက်ရပါသည်။



ဖတ်စရာ



# မြန်မာ့စာပေသမိုင်းဝင် ဦးဩဘာသ ပိဋကတ်တိုက်နှင့် သိမ်တော်ကြီး

**à ဖုးပွင့်နေခြည်(မကွေး)**

မင်းဘူးမြို့၏ကျက်သရေဆောင် ဓာတ်တော်ကုန်းပေါ်ရှိ 'ရှင်ပင်ချမ်းသာကြီး စေတီတော်' တွင် မင်းဘူးဆရာတော် ဦးဩဘာသ ဇာတ်တော်ကြီးရှစ်ဘွဲ့ရေး သားတော်မူခဲ့ရာ ပိဋကတ်တိုက်နှင့်သိမ်တော်ကို ယနေ့ထက်တိုင် ထိန်းသိမ်း စောင့်ရှောက်ထားသည်ကို တွေ့ရသည်။ ရှေးအခါက 'လေသာကုန်း'ဟု၍ အမည် တွင်ခဲ့သော ဓာတ်တော်ကုန်းသည် မြန်မာစာပေလောကတွင် အထူးထင်ရှားလှ သော ဆရာတော်တစ်ပါးဖြစ်သည့် မင်းဘူးဆရာတော် ဦးဩဘာသ ပညာသင် ကြားရာအရပ်နှင့် ဇာတ်တော်ကြီးများကို သားတပည့်ဒါယကာများ၏ တောင်း ပန်လျှောက်ထားချက်အရ ရေးသားတော်မူခဲ့သည့်အရပ် ဖြစ်သည်။

ဦးဩဘာသသည် ကုန်းဘောင်ခေတ်တွင် စကားပြေအရေးအသားဖြင့် ထင်ရှား သော ဆရာတော်တစ်ပါးဖြစ်သည်။ ဆရာတော်၏ဇာတိမှာ မင်းဘူးမြို့အနီး 'ရပ်သာရွာ' ဖြစ်ပြီး မြန်မာနှစ် ၁၁၂၀(ခရစ်နှစ် ၁၇၅၈) ခန့်တွင် ဖွားမြင်တော်မူခဲ့သည်ဟု သုတေသီသမိုင်းပညာရှင်များက ခန့်မှန်းကြသည်။ ဦးဩဘာသသည် ငယ်စဉ်ကပင် မင်းဘူးမြို့ လေသာကျောင်းဆရာတော်ထံတွင် စာပေပညာသင်ကြားလေ့လာဆည်းပူးခဲ့သည်။

ဆန်း၊ အလင်္ကာ၊ သဒ္ဒါ၊ နီတိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ အဖြာဖြာတို့ကို တတ်ကျွမ်းခဲ့သည်။ အသက် ၂၀ တွင် ရဟန်းပြု၍ လေးဝါ၊ ငါးဝါအရတွင် 'တေ-ဇ-သု-နေ-မ-ဘူ-စန်-နာ-ဝိ-ဝေ' ဟူသော ဇာတ်တော်ကြီး (၁၀) ဘွဲ့အနက် စန္ဒကုမာရဇာတ်တော်ကို စတင်ရေးသားခဲ့သည်။

ဆရာတော်ကြီးသည် ဇာတ်ကြီး (၁၀) ဘွဲ့အနက် သုဝဏ္ဏသာမဇာတ်တော်နှင့် ဘူရိဒတ်ဇာတ်တော်မှလွဲ၍ ကျန်ဇာတ်ကြီး ရှစ်ဘွဲ့ကို ရေးသားခဲ့ပြီး ဆရာတော်ကြီး၏ စကားပြေအရေးအသားမှာ ချောမွေ့ပြေပြစ်၍ နှစ်လိုဖွယ်ရှိလှသည်။

ဆရာတော်ဦးဩဘာသသည် တပည့်ဒါယကာ မောင်ထောက်၏ တောင်းပန်လျှောက်ထားချက်အရ စန္ဒာကုမာရနှင့် နာရဒဇာတ်တော်ကြီးကို ၁၁၄၄ ခုနှစ်၊ ဝိဒူရဇာတ်တော်ကြီးနှင့် ဝေသန္တရာဇာတ်တော်ကြီးကို ၁၁၄၅ ခုနှစ်၊ မဟောသဓာဇာတ်တော်ကြီးကို ၁၁၄၆ ခုနှစ်၊ မဟာဇနကဇာတ်တော်ကြီးကို ၁၁၄၇ ခုနှစ်၊ နေမိနှင့် တေမိယဇာတ်တော်ကြီးကို ၁၁၄၈ ခုနှစ်တွင် မင်းဘူးဓာတ်တော်ကုန်းရှိ ဦးဩဘာသပိဋကတ်တိုက်၌ ရေးသားစီရင်ခဲ့ကြောင်း ရှင်ပင်ချမ်းသာကြီးစေတီရှိ ဦးဩဘာသကျောက်စာတွင် ဖော်ပြထားသည်။

မြန်မာ့စာပေသမိုင်းဝင် မင်းဘူးဆရာတော်ဦးဩဘာသ၏ ပိဋကတ်တိုက်နှင့်သိမ်တော်ကို ရှင်ပင်ချမ်းသာဘုရားကြီးဂေါပကအဖွဲ့မှ ဘက်စုံမွမ်းမံပြင်ဆင်မှုများဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး အညာဒေသ မင်းဘူးမြို့သို့ရောက်လျှင် ဗဟုသုတအလို့ငှာ ဝင်ရောက်လေ့လာသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ကျုံပျော်တွင် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်းကျင်းပ

**ကျုံပျော် ဇန်နဝါရီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတန်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်တို့က အဖွင့်အမှာစကားများပြောကြားပြီး မွေးစမှ ငါးနှစ်ထိကလေးများအား ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ကာကွယ်ဆေးများ တစ်ပြိုင်နက်တည်း တိုက်ကျွေးလျက်ရှိကြပြီး သတ်မှတ်ရက်အတွင်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် (NGO) အဖွဲ့များ ကောက်သင်းကောက်စနစ်ဖြင့်ပါ လိုက်လံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မြို့နယ်စာရေးဆရာအသင်းနှစ်ပတ်လည်ညီလာခံကျင်းပ၍ အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်

**တောင်တွင်းကြီး ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စာရေးဆရာအသင်းနှစ်ပတ်လည်ညီလာခံနှင့် အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်၊ မြို့နယ်စာရေးဆရာအသင်းနာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်စာရေးဆရာများ၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာန စာထောက်(၃) ဒေါ်သိန်းသိန်းတင့်နှင့် သတင်းထောက်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

နှစ်ပတ်လည်ညီလာခံတွင် ဦးလှဖုန်းဦး(ခ)ဟသ်ာ ဥက္ကဋ္ဌ၊ ဦးစိုးပြည့်အောင်(ခ)ဗိုလ်ပြည့် အတွင်းရေးမှူး၊ ဦးနိုင်ဝင်း(ခ)မင်းနဂါး ဘဏ္ဍာရေးမှူး၊ ဦးမြင့်နိုင်နှင့် ဦးစိုးမြင့်(ခ)မောင်စိုးလွှမ်းတိုးအား အလုပ်အမှုဆောင်အဖွဲ့(၁)အဖြစ် ရွေးချယ်ပေးခဲ့ကြပြီး ဦးလှဖုန်းဦး(ခ)ဟသ်ာ ဥက္ကဋ္ဌအား ညီလာခံကိုယ်စားလှယ်အဖြစ် ရွေးချယ်တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၅၈၀)**

## ပြည်တွင်းရေးရာ

# ကျွန်းလှ–ချပ်သင်း–ကောလင်းလမ်းပေါ်ရှိ ချောင်းကူးတံတား ၅၅ ရာခိုင်နှုန်း ပြီးစီး



**ကန့်ဘလူ ဇန်နဝါရီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချောင်းခြားကျေးရွာအနီး ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်းပေါ်ရှိ ချောင်းကူးတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါချောင်းခြားချောင်းကူးတံတားကို ခွင့်ပြုရန်ပုံငွေကျပ် သန်း ၈၃၀ ဖြင့် အရှည် ပေ ၃၅၀၊ လူသွားလမ်းတစ်ဖက်သုံးပေ စုစုပေါင်းအကျယ်ပေ ၃၀ RC ကွန်ကရစ်တံတားကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၅ ရာခိုင်နှုန်းပြီးစီး၍ မတ်လကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါချောင်းခြားချောင်းမှာ ချောင်းရေလာချိန် ရေစီးသန်၍ သွားလာရေးခက်ခဲကြောင်း၊ ချောင်းရေကျချိန်တွင် ရေခါးလောက်ရှိခြင်းကြောင့် ကားများကူးရန် ခက်ခဲသော်လည်း ဆိုင်ကယ်နှင့်ခရီးသွားပြည်သူများ သွားလာရန် ယာယီတံတားပြုလုပ်ထားကြောင်း၊ ယခု ချောင်းကူးတံတားကြီးပြီးစီးပါက ကုန်စည်ကူးသန်းသွားလာရေးလွယ်ကူ၍ မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ပြည်သူများလိုက်နာရမည့် စည်းကမ်းများ အသိပညာပေးဟောပြော

**ရိခေါဒါရ် ဇန်နဝါရီ ၂၅**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် ပြည်သူများလိုက်နာရမည့် စည်းကမ်းများ အသိပညာပေးဟောပြောပွဲကို ရိခေါဒါရ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၀ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက အမှာစကားပြောကြားပြီး ရိခေါဒါရ်မြို့ နယ်မြေမီးသတ်စခန်းတာဝန်ခံ လက်ထောက်မီးသတ်ဦးစီးမှူး ဦးသျှန်နွန်မောင်က မီးဘေးရှောင်မလောင်ခင်တားကြပါစို့ ဆောင်ပုဒ်နှင့်ပတ်သက်၍ ပြည်သူများအတွက် အသိပညာပေးဟောပြောရာတွင် အရေးတကြီးကြိုတင်ကာကွယ်ထားရမည်မှာ မီးဘေးအန္တရာယ်ပင်ဖြစ်ကြောင်း၊ မီးလောင်လွယ်သည့် အရာဝတ္ထုများကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း၊ မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်ထားခြင်းတို့ကို ဆောင်ရွက်ထားခြင်းမရှိဘဲ ပေါ့ဆစွာသတိမမူမိပါက တစ်မြို့တစ်ရွာအထိ အန္တရာယ်ဖြစ်နိုင်ကြောင်း၊ မီးလောင်မှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် မီးဖိုချောင်မီး၊ ခြင်ဆေးခွေမီး၊ ဖယောင်းတိုင်မီးပေါ့ဆမှုနှင့် လျှပ်စစ်မီးသုံးစွဲမှုနည်းလမ်း မမှန်ကန်မှုမှ အဖြစ်အများဆုံးဖြစ်ကြောင်း၊ သူခိုးများက မိမိလိုချင်သည့်ပစ္စည်းများယူဆောင်၍ အလစ်သုတ်ထွက်သွားကြောင်း၊ မီးသည် ဆင်းရဲချမ်းသာမရွေး မီးလောင်မှုဖြစ်ပါက အသက်အိုးအိမ် ဥစ္စာပစ္စည်းများပါမကျန် နုတ်ယူသွားကြောင်း၊ မိတ်ဆွေမီးကို သုံးစွဲရာတွင် ရန်သူမီးအဖြစ် ပေါ့ဆစွာမသုံးစွဲကြရန်လိုအပ်ကြောင်း စသည်ဖြင့် ရပ်ကွက်ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများထံသို့ ဟောပြောခဲ့ကြောင်း သိရသည်။

အလားတူ ရိခေါဒါရ်မြို့ ရဲစခန်းမှူး ရဲအုပ်ကျော်ဟိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးကြိုတင်ကာကွယ်ရေးအကြောင်းနှင့် တိုက်နယ်ဆရာဝန် စိုးသီဟက အပိုဆောင်း ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပေးရန်လိုအပ်ကြောင်း စသည်တို့ကို အသီးသီးပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နိုဟောဆာ**

# ကျီကုန်း – ကလေး လမ်းမကြီးအား ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ကလေး ဇန်နဝါရီ ၂၅**

ကျီကုန်း-ကလေးလမ်းမကြီးအား ပြည်သူများသွားလာရေး ပိုမိုအဆင်ပြေချောမွေ့စေရန် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျီကုန်း-ကလေးလမ်းပိုင်း မိုင်တိုင်အမှတ် ၀/၀ မှ ၃/၀ ကြား လမ်းအရှည် လေးဖာလုံကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလမ်းဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၉၉ ဒသမ ၆၆ သန်းအကုန်အကျခံကာ လက်ရှိကတ္တရာလမ်းအား ကတ္တရာကွန်ကရစ် နှစ်လက်မထုနှင့် အနိမ့်အမြင့်ဖြေညှိ၍ လမ်းအကျယ် ၁၈ ပေဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

ယင်းအပြင် ကလေးဝ-ကျီကုန်း-တမူးလမ်းပိုင်း မိုင်တိုင်အမှတ် ၇/၄ မှ ၉/၀ ကြား လမ်းအရှည် ခုနှစ်ဖာလုံ၏ ၃၀ ရာခိုင်နှုန်းကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာန၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၁၉၄ ဒသမ ၂၅၂ သန်းအကုန်အကျခံ၍ လက်ရှိကတ္တရာလမ်းအား ကတ္တရာကွန်ကရစ် နှစ်လက်မထုနှင့် အနိမ့်အမြင့်ဖြေညှိခြင်း၊ လမ်းအကျယ် ၁၈ ပေဖြင့် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

**ဂျိုးနက်**

# ရေနံချောင်းမြို့တွင် အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း စတင်ဆောင်ရွက်

**ရေနနံချောင်း ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီမှစတင်၍ အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများရှိ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပူးပေါင်းပါဝင်၍ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံးကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့သည်။

အဆိုပါ အစုလိုက်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုအား မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်စန်းဝင်းနှင့်အဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေလွင်နှင့်အဖွဲ့တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

# မကွေးတွင် ငါးနှစ်အရွယ်ကလေးများအား ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေး



**မကွေး ဇန်နဝါရီ ၂၅**

နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့်နေ့ရက်များအဖြစ် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ သတ်မှတ်ပြီး ငါးနှစ်အရွယ်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးလျက်ရှိကြောင်း သိရသည်။

မကွေးမြို့အတွင်း ဒေသန္တရဆေးခန်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးလျက်ရှိရာ ဈေးလယ်စိုးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ယင်းနေ့ နံနက်မှစတင်ပြီး ရပ်ကွက်အတွင်းရှိ ငါးနှစ်အရွယ်ကလေးများ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလျက်ရှိသည်။

ရပ်ကွက်အတွင်း ဈေးလယ်စိုးရပ်ကွက်အုပ်ချုပ်ရေးမှူးက "ကျွန်တော်တို့ရပ်ကွက်က မြို့မဈေးကြီးနားဖြစ်တာကြောင့် ခရီးသွားတဲ့သူများ၊ ကျေးရွာများက ဈေးလာဝယ်တဲ့သူများတာကြောင့် ခရီးသွားတဲ့သူများက ငါးနှစ်အရွယ်ကလေးငယ်ပါသည့်မိဘများပါ လာရောက်တိုက်ကျွေးကြပါတယ်" ဟု ပြောပြသည်။ ငါးနှစ်အရွယ်ကလေးငယ် ၄၆ ဦးအား ဆေးတိုက်ကျွေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# ဝေးလံခေါင်ပါးသောကျေးရွာများသို့ အခမဲ့ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်

**မောက်မယ် ဇန်နဝါရီ ၂၅**

ကျေးရွာနေတိုင်းရင်းသားပြည်သူများ ရောဂါဘယကင်းဝေးပြီး ကျန်းမာစေရေးရည်ရွယ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းဦးဆောင်၍ ဇန်နဝါရီ ၂၃ ရက်တွင် မောက်မယ်မြို့နယ် ဟိုလွိုင်ကျေးရွာအုပ်စု ကုန်းလိုင်ကျေးရွာငယ်လေးသို့ သွားရောက်၍ ပြည်သူ ၁၀၀ ကျော်အား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အခမဲ့ဆေးကုသခြင်း၊ ဆေးကုရာဌာနသို့ မလာနိုင်သော သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူထုကျန်းမာရေးလုပ်သားများ၊ အရန်သားဖွားသင်တန်းသူများ လိုက်ပါကွင်းဆင်းဆောင်ရွက်ခဲ့သည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၅**

ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်အသုံးပြု၍ စာဖတ်သည့်အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိရေး၊ အသိပညာဗဟုသုတများ တိုးပွားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်လျက် ချင်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဟားခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်/လယ်/မူ) အဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'စာဖတ်ခြင်း၏အကျိုး' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် 'စာအုပ်စာပေလူ့မိတ်ဆွေ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲတွင် 'ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် 'ကိုယ်ပိုင်စွမ်းအား' ကဗျာခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဇန်နဝါရီ ၃၀ ရက်တွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးကျော်မြင့်MD (Asia Star Trading Co.,Ltd)-(ဒေါ်မိမိခိုင်(ခ)ဒေါ်မြင့်မြင့်သန်း)တို့၏သားငယ်

**မောင်ဇော်မောင်မောင် B.A(English)**

**M.O.T Second Class Part (B) Second Engineer (Maersk Line)**

နှင့်

ရန်ကုန်မြို့နေ

ဦးအေးသိန်း(စက်ရုံမှူး-ငြိမ်း၊မှန်စက်ရုံ)-ဒေါ်ခင်သန်းဝင်းတို့၏ တစ်ဦးတည်းသောသမီး

**မနှင်းလွင်လွင်အေး@Snow**

**Diploma in Electronics, Temasek Polytechnic, Singapore**

**Bachelor of Engineering (Electrical & Electronic Engineering)**

**Nanyang Technological University(NTU),Singapore**

**System Integration Engineer, Seagate Singapore**

တို့၏ ၃-၁-၂၀၁၆ရက်တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခ ဒေါက်တာဦးသိန်းလွင်(ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်)နှင့်ဇနီး ဒေါ်နီလာဦး၊ မင်္ဂလာအခမ်းအနားမှူးဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး တေးသံရှင် မစိုးစန္ဒာထွန်းနှင့် Cupid Music Band တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မချယ်ကောင်းကင်အောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မခိုင်မေဦး၊ သတို့သားအရံမောင်အောင်ခိုင်မင်း၊ မောင်ထက်အောင်လွမ်းနှင့် သတို့သမီးအရံ မဖြူနှင်းအိ၊ မပန်းရှင်မင်းသူ၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ရွှေပြည်စိုးပိုးထည် Dr.တင့်ထူးအောင် နှင့် Dr.အောင်ခိုင်မြတ်၊ Designerမခင်ဝင်းမြတ်၊ မိတ်ကပ်နှင့်ဆံပင်ဖန်တီးပေးပါသော ကိုညီညီမောင်(ကန်တော်လေး)၊ မင်္ဂလာခန်းမပန်းအလှပြင်ပေးသော Ethernal Floral Shop မှ ဝန်ထမ်းများ၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးပါသော Forever အဖွဲ့၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ တည်ခင်းဧည့်ခံပေးပါသော Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၄-၁၀-၂၀၁၅ ရက်တွင် Panda Hotel တွင် ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာပွဲ၌ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၂၂-၁၁-၂၀၁၅ ရက်တွင် မင်္ဂလာနေအိမ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး လက်ထပ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဒုတိယခရိုင်တရားသူကြီး(၂) ဦးကြည်စိုးအားလည်းကောင်း၊ ၁၉-၁၂-၂၀၁၅ ရက်တွင် မြို့မကျောင်းရှိ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်ကျောင်း၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဧည့်ပရိသတ်နှင့် နှစ်ဖက်ဆွေမျိုးတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ရပ်ဝေးရပ်နီးမှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲများအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**

**မောင်ဇော်မောင်မောင်-မနှင်းလွင်လွင်အေး**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းတောင်းပေးခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ မလေးရှားနိုင်ငံ၊ ပီနန်မြို့၊ Hotel Equtorial Penang ၌ ကျင်းပပြုလုပ်ခဲ့သည့် The 33rd Conference of ASEAN Federation of Engineering Organization (CAFEO-33) အခမ်းအနားတွင် **ASEAN OUSTANDING ENGINEERING ACHIEVEMENT AWARD** ကို အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံအနက် မြန်မာနိုင်ငံမှ **ဦးခင်မောင်မြတ် Managing Director (Asia General Electric Co.,Ltd. (AGE))** နှင့် **(Galaco Engineering Co.,Ltd.)**က ထိုက်ထိုက်တန်တန်လက်ခံရရှိခြင်းဖြစ်၍ မြောင်းမြမြို့၊ အမှတ်(၁) အထက ကျောင်းသားဟောင်းကြီးဖြစ်ပါတဲ့ ဦးခင်မောင်မြတ်အတွက် ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းမိတ်ဆွေအားလုံးက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ လုပ်ငန်းများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်။

**မြောင်းမြမြို့၊ အမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**

## Computer Software Developer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်




- Programming သည် အရေးကြီးသောကဏ္ဍတစ်ခုအဖြစ်ပါဝင်လျက်ရှိပါသည်။
- ဤအတန်းတွင် Programming Language အားလုံး၏ အခြေခံ Techniques များဖြစ်သော (array, control structure (if,while, do....while,for) နှင့် method) စသည့်တို့ကို real-world examples များနှင့်တကွ လေ့လာရမည်။
- Problem Solving Skills နှင့် Logical Thinking Skills များတိုးတက်လာစေရန် Case-Study များ၊ လုပ်ငန်းခွင် ပြဿနာများကို Flow Chart, Pseudo Code များ အသုံးပြုပြီး ကိုယ်တိုင်ဖြေရှင်းရမည်။
- ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် HND တက်မည့်သူများ မဖြစ်မနေတက်ရောက်သင့်ပါသည်။

GUSTO Institute of Information Technology

Tel : 09- 730 31302, 01- 504632, 01- 503715

No.289 (A), Pyay Road (Near MyayNiGone Bus-Stop), Sanchaung Tsp; Yangon.

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းမနီး
- ပေ(၁၂½×၅၀)၊ မြေညီထပ် (ထပ်ခိုးပါ)
- MBR (1),ရိုးရိုး(၁)၊ ရေပူရေအေး
- ကိုယ်ပိုင်(ရေမီး)၊ aircon(၂)လုံး
- ကြွေပြားပြည့်ခင်း/ကပ်၊ ဘိုထိုင်(၁)
- ပြင်ဆင်ပြီး အသင့်နေ (တိုက်သန့်)
- Ph:- 09420128875, 09-73156494

## အိမ်ရောင်းမည်

၂ ထပ်-သွပ်မိုးပျဉ်ထောင်၊ ပေ(၂၀×၆၀)

(နှစ် ၆၀ဂရန်)၊ ၈-ရပ်ကွက်၊

သာကေတမြို့နယ်။

**ဖုန်း-၀၉-၄၂၁၁၂၉၂၃၈၊**

**၀၉-၄၂၀၁၇၇၄၇၅**

**ရောင်းဈေး ၈၀၀ (ညှိနှိုင်းဈေး)**

## အိမ်ရောင်းမည်

ပါရမီစိန်ဂေဟာရှေ့၊ ပါရမီလမ်း၊ ရွှေပြည်သာပုလဲလမ်း၊ ဈေးလမ်းဆုံအနီး။

**Ph: 01-522703,**

**09-31540166**

## ဒဂုံမြို့သစ်

**အရှေ့ပိုင်း**

**ဆိပ်ကမ်းမြို့နယ်**

**တောင်ပိုင်း**၊ မြောက်ပိုင်း

များရှိ မြေကွက်များကို

ဈေးကောင်း ပေးဝယ်သည်။

**09-6809893**

**09-5120620**

## တိုက်ခန်းရောင်းမည်

တိုက်ခန်းသစ်၊ Pile Foundation၊ ပေ(၁၈×၅၄)၊ (၄)လွှာ၊ သိန်း(၄၅၀)၊ ဗလ္လိတလမ်း၊ သစ္စာလမ်းမကြီး၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ။

**Ph: 09-779000408**

## ပျောက်ဆုံးကြောင်း

သုဝဏ္ဏမီးဒုံးလမ်းထိပ်မှ ဘောလုံးအဖွဲ့ချုပ်သို့သွားသော တက္ကစီကားအဖြူရောင်ပေါ်တွင် နိုင်ငံကူးလက်မှတ်နံပါတ် A 05463410 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။**ဖုန်း-၀၉-၉၇၂၆၂၁၃၁၅**

## ပိုင်ရှင်ကိုယ်တိုင် ငှားမည်

၃-ထပ် RC ၊ ကားပါကင်ပါ ၊ ရွှေဂုံတိုင်လမ်းမပေါ် ။

**ဖုန်း – ၀၉ ၇၈၇၈ ၆၆၆၇၇ ၊ ၀၉ ၅၁၃ ၇၁၂၂**

## ကွန်ဒိုငှားမည်

(၇)မိုင် မောင်ဝိတ်ကွန်ဒို(II) 2400 Sqft ပြင်ဆင်ပြီး (Fully Furniture)

ပါရမီလမ်းနှင့် ပြည်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၇၈၅၀၁၉၆၆၇၊ ၀၁-၆၈၇၆၃၈

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-ဂျ)၊ မြေကွက်အမှတ်(၁၁၂/၄-၁၀)၊ ဧရိယာ (၀. ၁၁၂)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ အနောက်ဘက်ခြမ်းဖြစ်သော ဧရိယာ(၀. ၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြား(၁)လမ်း၊ အမှတ်(၉၀/B/၁)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခိုင်ပွင့်နွယ်[၁၂/ပဘတ(နိုင်)၀၁၂၀၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**

**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃ လမ်း၊ လသာမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

## မြေကွက်ရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ကျေးရွာ

၁။ (၃၃ × ၁၂၆) ပေ၊ ရေမီးအစုံ (မြေသီးသန့်)

၂။ (၆၃ × ၅၁) ပေ၊ ၁၈' × ၂၀'(RC)တိုက်တစ်လုံး

ရေမီးအစုံ (ဖုန်း - ၀၉ ၃၀၂၀ ၉၉၇၇)

## ရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ **(B.C.C ရရှိပြီး)**

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

## ဂိုဒေါင် ငှားမည်

(၂၂၀'×၁၀၀')ဒဂုံအရှေ့စက်မှုဇုန်

ဖုန်း - ၀၉-၄၂၀၀၆၂၇၄၂

## ရောင်းမည်

ကလေးမြို့၊ ဗိုလ်ချုပ်လမ်းမပေါ်၊

တိုက်နှင့်ခြံ ပေ(၆၀×၂၀၀)

**အမြန်ရောင်းမည်။**

**ဆက်သွယ်ရန်-Ph-09-450037881**

## ဒဂုံမြို့သစ်

အရှေ့ပိုင်း

ဆိပ်ကမ်းမြို့နယ်

တောင်ပိုင်း၊ မြောက်ပိုင်း

များရှိမြေကွက်များကို

ဈေးကောင်းပေးဝယ်သည်။

**09-500 5916**

**09-730 97123**

## ရောင်းမည်

အင်းစိန်၊

နံ့သာကုန်းလမ်း

ပေ(၄၅×၈၀×၃၀)

**Ph: 01-229407,**

**09-5102305**

## မြေညီထပ်တိုက်ခန်းရောင်းမည်

၁၄ ½'×၅၂' (အမြင့် ၁၄')

၁၆'×၅၂' (အမြင့် ၁၄')

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

(သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းမည်။)

**ဆက်သွယ်ရန်-ဖုန်း-၀၉၄၂၀၃၂၀၇၄၅**

## အမြန်ပြန်လာပါ

မောင်ထွန်းထွန်းဦး [၃/ဘအန(နိုင်)၂၂၂၈၆၄] မိသားစုနှင့်ဇနီး စိတ်ပူနေသည် အမြန်ပြန်လာခဲ့ပါ။

**မအိသက်ဖြိုး**

**[၁၂/လမန(နိုင်)၁၃၄၆၃၂]**

## မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

## အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ (ဧရာဝဏ်လမ်းနှင့် ရှုခင်းသာလမ်းထောင့်)၊ အမှတ်(၅၉) ဟုခေါ်တွင်သော အိမ်နှင့်မြေကွက်မှာ မခွဲဝေရသေးသော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

ဦးဘဘုု (TKA -၀၁၉၆၇၇) နှင့် ဒေါ်သိန်း[၁၂/သကတ(နိုင်)၁၁၅၈၆၃]တို့မှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ်(၃၁၈/၂၀၁၃)ဖြင့် အဆိုပါမြေအား ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ပြီး အောင်မြင်မှုမရရှိဘဲ ယခုအခါတွင် နေအိမ်များဖျက်သိမ်းခြံခတ်ထားရာ အဆိုပါခြံဝင်းအတွင်းသို့ ဦးဘဘုု၊ ဒေါ်သိန်း၊ ဒေါ်တင်တင်လှ အပါအဝင် မည်သူမျှ ဝင်ရောက်ခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းအပြင် တစ်စုံတစ်ရာပြုလုပ်ခြင်းမပြုကြပါရန် သတိပေး တားမြစ်အပ်ပါသည်။ ညှိနှိုင်းဆောင်ရွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ညှိနှိုင်း ဆောင်ရွက်နိုင်ပါကြောင်းနှင့် (၇)ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားသူ ဦးဇော်ဟိန်း[၁၂/သဃက(နိုင်)၀၀၂၇၅၉]**

**ဖုန်း-၀၉၄၂၀၀၀၄၉၆၅**

**ညွှန်ကြားချက်အရ-**

**ဒေါ်ငွေငွေရီ(တရားလွှတ်တော်ရှေ့နေ)(စဉ်-၆၅၃၅)**

**H.G.P,LL.B,D.L101 WIPO (Switzerland),B.D.S(MOFA)**

**တိုက်(၂/၀၀၁)၊ နှင်းဆီကုန်းအဆင့်မြင့်အိမ်ရာ၊ (က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**

**ဖုန်း-၀၉ ၅၀၈၉၂၃၉၊ ၀၉-၄၂၅၀၂၀၆၃၂။**

## တိုက်ခန်း/မြေညီဆိုင်ခန်းရောင်းရန်ရှိသည်

ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ တိုက်ခန်း(၄)ခန်းနှင့် မြေညီဆိုင်ခန်း (၁)ခန်းကို တွဲ၍ရောင်းမည်။ တိုက်ခန်း(၂)ခန်းကို တွဲလည်း ဝယ်ယူနိုင်ပါသည်။ ဘယ်ညာမျက်နှာချင်းဆိုင်၊ ဘယ်ဘက်အခြမ်း၌ ပေ(၁၅×၃၀) ညာဘက်အခြမ်း၌ ပေ(၁၅×၃၅) Office ဖွင့်ရန်နှင့် နေထိုင်ရန်နေရာကောင်း။ ညှိနှိုင်းဈေးဖြင့် ရောင်းမည်။

**Ph:09-450061619, 09-253547985**

# အထူးဝမ်းမြောက်ဂုဏ်ယူရခြင်း

(၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၆)ဖြင့် **"ဂီတစာဆိုဟသ်ာတမြင့်ငွေအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့အဖြစ် အလင်္ကာကျော်စွာဘွဲ့"**ကို ပေးအပ်ချီးမြှင့်ခြင်း ခံရသည့်အတွက် **"အလင်္ကာကျော်စွာဂီတစာဆိုဟသ်ာတမြင့်ငွေ"**မိသားစုနှင့်ထပ်တူ လှိုက်လှဲဝမ်းမြောက် ဂုဏ်ယူရပါကြောင်း။

**ကံ့ကော်တောမျိုးအောင်-ဒေါ်တင်မာရီမိသားစု**

## လက်ထပ်ပြီးစီးခြင်း

အမေရိကန်ပြည်ထောင်စု၊ မန်ဆက်ချူးဆက်ပြည်နယ်၊ ဘော်စတွန်မြို့နေ
ဗိုလ်ကြီးမောင်ဟန်(တပ်မတော် ကြည်း-ငြိမ်း)-ဒေါ်ရီရီမြင့်မောင် (အထက်တန်းပြဆရာမ-ငြိမ်း)
တို့၏သားထွေး
**မောင်သူရနီမောင်**
(Data Center Engineer) Constant Contact, Inc USA
**နှင့်**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထုံးကြီးကျေးရွာ၊ (၂/၇)တံတားပိုင်းနေ
ဦးနိုင်အောင် (Marine Electrical Engineer)-ဒေါ်နွဲ့ကြည်(အထက်တန်းပြဆရာမ-ငြိမ်း)တို့၏
သမီးထွေး
**မအေးမြတ်နိုင်အောင်**
B.C.Sc, (Administrator/ Export Sales Executive)
R & R Partners Pte.Ltd, OKH Ballet Centre Singapore
တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူခွင့်ပြုချက်ဖြင့် ဗာဂျီးနီးယားပြည်နယ် Fairfax County Circuit Court တွင် ၂၅-၁၁-၂၀၁၅ ရက်၌ လက်ထပ်ပြီးစီးပါသည်။

**မောင်သူရနီမောင်-မအေးမြတ်နိုင်အောင်**

## မွေးနေ့ဆုတောင်းလွှာ

ဒေါက်တာနိုင်စိုး (CHIEF EXECUTIVE OFFICER) TSHWANE DISTRICT HOSPITAL, PRETORIA, SOUTH AFRICA ၏ (၂၆. ၁. ၂၀၁၆)နေ့တွင် ကျရောက်သော မွေးနေ့မှသည် အသက်ရာကျော် ရှည်၍ မိသားစုနှင့်အတူ စိတ်ရောကိုယ်ပါ ကျန်းမာ ချမ်းသာ ပျော်ရွှင်စွာနေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

ဇနီး - ဒေါ်စန္ဒာတင်လေး PRETORIA
သမီး- သီရိတင်လေးနိုင် B.Com(HONOURS) FINANCIAL MANAGEMENT, UNIVERSITY OF PRETORIA. ANALYST (TED), STARCITY, THAN LYIN, YANGON.
- စန္ဒီတင်လေးနိုင် PRETORIA HIGH SCHOOL FOR GIRLS (G-9), SOUTH AFRICA.
အမများ-ဦးမောင်မောင်ချို (ရန်ကင်းပညာရေးမိသားစု)-
ဒေါ်အေးအေးသန်း (ကထိက-မြန်မာစာ)
ဦးကျော်သိန်းထွန်း-ဒေါ်အေးအေးခိုင်(စန္ဒာအစာဖျက်ဆေး)
ဗိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) တည်ထောင်အုပ်ချုပ်သူ၊
ဒေါ်နီနီစိုး(ဒါရိုက်တာ)ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း
ညီမများ -ဒုတိယဗိုလ်မှူးကြီးဝင်းရွှေ(ငြိမ်း) (G.M,Myanmar Ruby Enterprise-ဒေါ်အေးအေးနိုင်(အလပြ-ငြိမ်း)
ဗိုလ်ကြီးစံထွန်းအောင်(ငြိမ်း)ဒုတိယညွှန်ကြားရေးမှူး (စက်မှု-၁၊ငြိမ်း)- ဒေါ်ငြိမ်းငြိမ်းအေး၊
ဦးဝင်းသိန်းနိုင်+ဒေါ်သူဇာတင်လေး
နှင့် တူ၊ တူမ၊ မြေးများ

## လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းဦးစီးဌာနရှိ အသုံးပြုပြီးသောတာယာဟောင်း၊ ဘက်ထရီဟောင်း၊ ပေပါခွံဟောင်းများကို တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံတင်ဒါဝင်ရောက် ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြေညာပါသည့်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ သိလိုသည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အဒ္ဒတွေ့ာကျေးရွာ၊ အကွက်(၃) မြေကွက်ကြီးမှ ပေ(၁၈၀×၆၀)ရှိ အကျယ်အဝန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုမှ ဝယ်ယူပြီး ပိုင်ဆိုင်မှုစာရွက် စာတမ်းများ ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြေညာပါသည့်နေ့မှစ၍ ကျွန်ုပ်ထံ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ပိုင်ဆိုင်မှုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** **ဒေါ်သင်းသီရိဗို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၃၀)**
**အမှတ်(၈၃၇)၊ ကျော်သူ(၂၃)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၈၈၆၀၊ ၀၉-၄၅၀၀၄၅၃၃၁၊ ၀၉-၉၇၉၇၆၇၇၈၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဗိုလ်တေဇလမ်း၊ တိုးချဲ့(၃)ရပ်ကွက်၊ မြေကွက်အမှတ်-WA-15 ၏ မူလပိုင်ရှင် ဦးအုန်းလွင်[၁၂/မဘန(နိုင်)၀၀၂၀၇၂]ထံမှ ကျွန်တော် ဦးရွှေသိန်း [၁၂/လသန(နိုင်)၀၀၀၆၇၅]မှ အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ဦးရွှေသိန်း[၁၂/လသန(နိုင်)၀၀၀၆၇၅]**
**အမှတ်-၁၁၇၊ ပထမထပ်၊ (၆)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၉၀၇၁၅၄၁၃၊ ၀၁-၂၄၀၆၉၉**


စင်ကာပူတွင် လုပ်ခလစာရ လက်တွေ့ ပါဝင်သင်ယူရမည့်

"TOURISM & HOSPITALITY MANAGEMENT ဘာသာရပ်ဆိုင်ရာသိကောင်းစရာများဆွေးနွေးပွဲ"



- စင်ကာပူရှိ ထိပ်တန်းဟိုတယ်ကြီးများတွင် စာတွေ့ နှင့် လုပ်ခလစာရရှိသော လက်တွေ့ ပါဝင်သင်ယူရမည့် Diploma in Tourism & Hospitality Management
- Postgraduate Diploma in Tourism & Hospitality Management ဘာသာရပ်ကို စာတွေ့ (၇)လ၊ လက်တွေ့ (၆)လ သင်ယူခွင့်
- ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းခွင်သို့ ဝင်ရောက်ချင်သူများအတွက် အချိန်တိုတိုအတွင်း ကန်ကျစရိတ်သက်သာစွာဖြင့် သင်ယူနိုင်မည့် အခွင့်အရေး
- Federation University Australia ၏ Bachelor of Hospitality Management နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်နှင့် ပညာသင်ဆုအစီအစဉ်များ

NANYANG INSTITUTE OF MANAGEMENT 南洋現代管理學院
CROWN EDUCATION Yangon • Myanmar

Jan 30
10:00 am - 12:00 noon
CROWN Education Center

ကျောင်းအပ်နှံမည့်သူများအတွက်
Application Fees Waive 50%

01 527 838, 09 730 40 688, 09 732 732 77


## "ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/သင်္ဃန်း၊ မြေကွက်အမှတ်-၂/ဃ အစိတ်အပိုင်း ၆၁'×၅၀' မြေကွက်တည်နေရာအမှတ်-၁၁၂/ခ၊ အောင်မေတ္တာလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်း၊ (ဦးဘိုးထွန်းဒေါ်ခြွေ)အမည်ပေါက် မြေပိုင်မြေ အိမ်ယာမြေ မြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးအုန်းနိုင်(ခ) ယန်ယုံမိုးမှ (တရားလို)ပြုလုပ်၍ မရမ်းကုန်း မြို့နယ်တရားရုံး၊ တရားမမှုအမှတ်-၅၇/၂၀၁၅ ဖြင့် ဒေါ်ခင်ကြည်အား (တရားပြိုင်) ထားရှိပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုမှ အနိုင်ဒီကရီရရှိ လာပါသည်။ တရားမဇာရီမှုအမှတ်-၂၆/၂၀၁၅ အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှတာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘီလစ်) (၁၁/ကတန(နိုင်)၀၀၀၆၇၄)မှ တရားရုံး အထောက်အထားများ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြို့နယ်ဥ လျှောက်ထားလာရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့် နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း နှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကျေးဇူးတင်လွှာ

၂၀၁၆ခုနှစ် ဇန်နဝါရီလ (၁၉)ရက်နေ့တွင်
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကျင်းပခဲ့သော ခေတ်မီမြို့ပတ်ကမ်းနားလမ်း နှင့်
မူဆယ် CBDလမ်းမကြီးဖွင့်ပွဲနှင့် မင်္ဂလာမူဆယ်လမ်းလျှောက်ဈေးဖွင့်ပွဲအခမ်းအနားသို့
ကိုယ်တိုင်ကြွရောက် ချီးမြှင့်၍ ဖွင့်လှစ်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်၊
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်
ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၏ဇနီး ဒေါ်ဖြူဖြူညွန့်
ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်
ရှမ်းပြည်နယ် ဥပဒေချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလည်းကောင်း
ဖွင့်ပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်ပေးကြပါသော ဧည့်သည်တော်များအားလည်းကောင်း
ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ၊ ဆုတောင်းစာများ ပေးပို့ချီးမြှင့်ကြပါသော လူကြီးမင်းများအားလည်းကောင်း
အောင်မြင်ခမ်းနားစွာ ဖွင့်လှစ်နိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါသော
မတင်မိုးလွင် နှင့်Talents & Models အဖွဲ့၊ Cattleya အခမ်းအနားပြင်ဆင်ရေးအဖွဲ့
အလှဘဏ်ဓာတ်ပုံတိုက် နှင့် အခြား Supplierများအားလည်းကောင်း
သီဆိုဖျော်ဖြေပေးကြပါသော Iron Cross အဖွဲ့သားများ
R ဇာနည်၊ နီနီခင်ဇော် နှင့် ရိုးရာယဉ်ကျေးမှုအကအလှအဖွဲ့များအားလည်းကောင်း
ဈေးရောင်းပွဲတော်တွင် ပူးပေါင်းပါဝင်ကြပါသော ကုမ္ပဏီအသီးသီး နှင့် လုပ်ငန်းရှင်များအားလည်းကောင်း၊
တက်ညီလက်ညီ မမောမပန်း စီစဉ်ဆောင်ရွက်ပေးပါသော နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏
ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။
ဖွင့်ပွဲအခမ်းအနားတစ်လျှောက် လိုအပ်ချက်များ၊
အဆင်မပြေမှု တစ်စုံတစ်ရာ ရှိခဲ့ပါကလည်း ခွင့်လွှတ်နားလည်ပေးပါရန်
မေတ္တာရပ်ခံတောင်းပန်အပ်ပါသည်။

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့ဝင်များ
နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

MUSE CBD

မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း


နှစ်ဆအထိရဖို့ ငွေဖြည့်ကြစို့
ကြိုက်တဲ့ငွေ ပမာဏကိုဖြည့်ပြီး အင်တာနက်သုံးစွဲရန်၊ ပြည်တွင်းဖုန်းအားလုံးကို ဖုန်းခေါ် ဆိုရန်နှင့် SMS ပို့ရန် အပိုလက်ဆောင်ကိုရယူပါ။ အပိုလက်ဆောင်ကို ၁၅ ရက်အတွင်း အသုံးပြုနိုင်ပါသည်။
ooredoo
ငွေဖြည့်ပမာဏ
အပိုလက်ဆောင်
၁,၀၀၀ ကျပ်
၂၀၀ ကျပ်
၃,၀၀၀ ကျပ်
၁,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂,၀၀၀ ကျပ်
၁၀,၀၀၀ ကျပ်
၅,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
၂၀,၀၀၀ ကျပ်
စည်းမျဉ်းစည်းကမ်းအသေးစိတ်ကို ooredoo.com.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

Hot Line No-0930500100

# ကျိုက်ထီးရိုးဒေသသည် တစ်မျိုးသားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ် ရေရှည်တည်တံ့ခိုင်မြဲမှုအတွက် လူထု၏ ထောက်ပြဝေဖန်မှုများကိုလည်း အလေးထားထည့်သွင်းစဉ်းစား

**ရန်ကုန် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်နှင့် ကျိုက်ထီးရိုးဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အခြေအနေများကိုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ရှိ ကင်မွန်းစခန်းသို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယသမ္မတသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ တာဝန်ရှိသူများနှင့်အတူ ကင်မွန်းစခန်းမှတစ်ဆင့် ကျိုက်ထီးရိုးတောင်ခြေအနီး၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်း ပြည်ပ ဘုရားဖူးလှေ့လာသူများ စိတ်အပန်းဖြေအနားယူနိုင်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျိုက်ထီးရိုးရေတံခွန်စမ်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ရောက်ရှိကာ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။


ယင်းနောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများနှင့် ရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော်သည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအားလည်းကောင်း၊ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ပတ်ဝန်းကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ နှစ်စဉ်လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးများ **စာမျက်နှာ ၉ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တော်ပေါ်၌ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)




မိုးလေဝသဂြိုဟ်တုမှ ယနေ့နံနက်ပိုင်း ဖမ်းယူရရှိသော မြန်မာနိုင်ငံ၏ မိုးလေဝသအခြေအနေပြမြေပုံကို တွေ့ရစဉ်။

# မြန်မာနိုင်ငံသို့ အရှေ့ဘက်မှလေပွေလှိုင်းများ ရွေ့လျားလာ အချိန်အခါမဟုတ် မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်မည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာသွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြန်မာနိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်တို့တွင် အချိန်အခါမဟုတ် မိုးရွာသွန်းခဲ့မှုနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလှထွန်းအား တွေ့ဆုံမေးမြန်း ဖြစ်ခဲ့သည်။

"ဒီနေ့ အချိန်အခါမဟုတ် မိုးရွာတဲ့နေရာတွေကတော့ မြန်မာနိုင်ငံအလယ်ပိုင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး ရှမ်းပြည်နယ်နဲ့ ကယားပြည်နယ်တို့မှာပါ။ ဘာကြောင့်ရွာလဲဆိုရင် တရုတ်နိုင်ငံဘက်မှာရှိတဲ့ အားကောင်းတဲ့ လေဖိအားကြီးရပ်ဝန်းက အရှေ့မြောက်မုတ်သုံကို သွားအားပေးတယ်။ ပြီးတော့ အရှေ့ဘက်ကလာတဲ့ လေပွေလှိုင်းတွေက မြန်မာနိုင်ငံဘက်ကို ရွေ့လျားလာတယ်။ အဲဒါရဲ့အကျိုးဆက်အဖြစ် မြန်မာနိုင်ငံရဲ့ တောင်ပိုင်းတွေရော၊ အောက်ပိုင်းတွေရော၊ အလယ်ပိုင်းတွေမှာပါ အချိန်အခါမဟုတ် မိုးရွာသွန်းမှုတွေဖြစ်ပေါ်လာတာပါ။ ပြီးတော့ တရုတ်နိုင်ငံဘက်ကလာတဲ့ လေအေးနဲ့ ဘင်္ဂလားပင်လယ်အော်ဘက်က တိုးဝင်လာတဲ့ လေနွေးတို့ တွေ့ဆုံပြီး အချိန်အခါမဟုတ်မိုးရွာသွန်းရတာပါ"ဟု **စာမျက်နှာ ၉ ကော်လံ ၄ သို့**

**သတင်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - မိုး/ဇလ**


**ပုဂံခေတ်က မိန်းမလှ** စာမျက်နှာ - ၆

**ဗုဒ္ဓအရိုးဓာတ်တော် ရွှေတိဂုံစေတီတော်၌ နှစ်ညတာကိန်းဝပ်စံပယ်မည်** စာမျက်နှာ - ၁၀

**အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်း** စာမျက်နှာ - ၁၅


themirror.npt@gmail.com www.facebook.com/themirrordaily

